
# ဝိုးကျော်ည

ကျွန်းကလေး၏လျှို့ဝှက်ချက်



၂ + ၃
နှစ်အုပ်တွဲ

စာမူ ခွင့်ပြု အမှတ် ၅၂၇/၉၆(၉)
မျက်နှာဖုံး ခွင့်ပြု အမှတ် ၆၁၀/၉၆(၁၁)

ပထမအကြိမ်
၁၉၉၇ ခုနှစ်
တန်ဖိုး ၉၀/- အုပ်ရေ [၄၀၀]

ထုတ်ဝေသူ ဦးတင်အုန်း (မြ ၀၉၄၃)
မိုးမင်းစာပေ
အမှတ် ၉၃၊ ရိပ်သာလမ်း၊ လေးဒေါင့်ကန်၊
သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ကျင်ငွေ (မြ-၀၃၁၄၆)
ဇမ္ဗူအောင်ပုံနှိပ်တိုက်
အမှတ် (၁၀)၊ ဧပယ်ခြံ (၃) လမ်း၊
ကမာရွတ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက် ဦးကျော်မိုးစိန် (မြ ၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
၁၇၂၊ ၃၁ လမ်း၊
ရန်ကုန်မြို့။

9 JAN 1997

မိုးကျော်သူ

# ကျွန်းကလေး၏ လျှို့ဝှက်ချက်

( ၂ အုပ်တွဲ သိုင်းစာစဉ် )

-9 JAN 1997

# မိုးကျော်သူ

## ကျွန်းကလေး၏လျှို့ဝှက်ချက်

(ပထမပိုင်း)

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

9 JAN 1997

## နိဒါန်း

သိုင်းလောက...

သိုင်းလောကသည် သီးခြားသော လူအများစုဝေးသော အမှောင်လောကတစ်ခု ဖြစ်သည်။

သိုင်းလောကသားများတို့သည် နိုင်ငံတော်ကချမှတ်ထားသော ဥပဒေများကို လိုက်နာကျင့်သုံးတတ်ခြင်း မရှိကြပါ။

ပြည်သူပြည်သားများ၏ ထုံးတမ်းဓလေ့ များကိုလည်း လျစ်လျူရှုနေတတ်သော လူတန်းစားတစ်ရပ်ဖြစ်လေသည်။

သူတို့သည် စည်းသူအစပြီး ရေးဆွဲ ပြဋ္ဌာန်းထားသော မရေးရသည့် စည်းကမ်းအချို့ကိုသာ လိုက်နာကျင့်သုံးတတ်ကြပေသည်။

သိုင်းလောကသားများထဲတွင် အကြောင်း အမျိုးမျိုးကြောင့် လူတစ်ယောက်အသတ်ခံလိုက်ရလျှင် ထိုသူ၏မိတ်ဆွေမျိုးရင်း အပေါင်းအသင်း အသိုင်းအဝိုင်းတို့က သက်ဆိုင်ရာအာဏာရှိသူအား အရေးယူပြီး တိုင်ကြားခြင်းမရှိပါ။

သူတို့သည် လူသတ်သမားအား ပြန်လည်သတ်ဖြတ်ပြီး လက်စားချေတတ်ပါသည်။

လက်စားချေခြင်းခံရသောသူ၏အဆက်အနွယ်များနှင့်အသိုင်းအဝိုင်းများတို့သည် ပြန်လည်တုံ့ပြန်၍ လက်စားချေတတ်ကြပါသည်။

တုံ့ပြန် လက်စားချေခြင်းခံရသော ဘက်မှလည်း တစ်ဖန်ပြန်လည်လက်စားချေကြသည်။

ဤသို့ဖြင့် သိုင်းလောကတစ်ခုလုံးမှာ သွေးများဖြင့် ထပ်သံသရာလည်နေကြလေသည်။

သိုင်းလောကတွင် အဖြူရောင် သိုင်းသမား၊ အမည်းရောင် သိုင်းသမားနှင့် အဖြူရောင်တစ်ပိုင်း၊ အမည်းရောင်တစ်ပိုင်း သိုင်းသမားဟူ၍ သုံးမျိုးသုံးစားရှိကြလေသည်။

အဖြူရောင်သိုင်းသမားတို့သည် တရားမျှတမှုရှိသည်၊ ကတိသစ္စာရှိသည်၊ ကောင်းသူကိုကယ်၍ မကောင်းသူကိုဖယ်သည်။

အဓမ္မပြုကျင့်သူများကို တွန်းလှန်သည်။

အားနည်းသူများဘက်၌ ရပ်တည်သည်။



ထို့ကြောင့် ဖြူစင်သူဖြူစင်သားများတို့သည် အဖြူရောင် သိုင်းသမားများကို လေးစားကြသည်။ ကြည်ညိုကြသည်။ အားကိုးကြသည်။ ကိုးကွယ်ကြလေသည်။

အမည်းရောင်သိုင်းသမားများမှာမူ တရားသည် ဖြစ်စေ၊ မတရားသည်ဖြစ်စေ၊ သူတို့အား နားမလည် ဂရုမစိုက်ပါ။

သူတို့သည် ကြီးနိုင်ငယ်ညှဉ်းပြုကျင့်သည်။ သူတစ်ပါး၏ ပစ္စည်းဥစ္စာများကို သူတို့လိုချင်လျှင် အတင်းအဓမ္မလုယူတတ်ပေသည်။

လူတစ်ယောက်၏အသက်ကို ပုရွက်ဆိတ်တစ်ကောင် ပမာ သဘောထားတတ်ကြပေသည်။

ထို့ကြောင့် ဖြူစင်သူဖြူစင်သားများတို့သည် သူတို့အား ကြောက်ရွံ့မုန်းတီး စက်ဆုပ်ကြသည်။

အဝေးက ရှောင်ပုန်းကြလေသည်။

ပုဂ္ဂိုလ်
အဖြူရောင်တစ်ပိုင်းနှင့် အမည်းရောင်တစ်ပိုင်းဖြစ်နေ သိုင်းသမားတို့မှာ လူနည်းစုမျှသာ ဖြစ်သည်။ ခံနေရသည်

သူတို့အား လူကောင်းဟုပြော၍မရသလို လူဆိုး ပြော၍မရပါ။

အကြောင်းမှာ သူတို့သည် တစ်ခုခုကိုလုပ်ဆောင်ရာ၌ တရားသည်၊ မတရားသည်ဟု ဆင်ခြင်သုံးသပ်ခြင်း မပြုပါ။

လုပ်သင့်သည်၊ မလုပ်သင့်သည်ဟု ခွဲခြားနိုင်စွမ်းမရှိပါ။

သူတို့သည် မိမိ၏သဘော၊ မိမိ၏စိတ်ဆန္ဒကိုသာ အဓိကထား နေသည်။

ထို့ကြောင့် သူတို့သည် တစ်ခါတစ်ရံ လုပ်ရပ်များမှန်ကန်ပြီး တစ်ခါတစ်ရံမှားယွင်းတတ်ပေသည်။

သို့သော် သူတို့မှာ လူနည်းစုများဖြစ်နေသဖြင့် ပြည်သူပြည်သားများကို အန္တရာယ်များများစားပေး နိုင်ပါ။

သို့သော်....

အဖြူရောင်သိုင်းသမားများထဲမှ ဆွမ်းဆန်ထဲမှာ ကြွက်ချေး ရောတတ်ကြသည့်အလား အပေါ်ယံလူကောင်းဟု ထင်မှတ်ပြီး အမှန်တကယ် လူကောင်းဟန်ဆောင်နေကြသော လူယုတ်မာများဖြစ်ကြလေသည်။

[illegible]လူများသည် မင်းသားမျက်နှာဖုံးတပ်ဆင်ထားသော သံသရာ[illegible]ရှုလှပေသည်။

သိုင်းလောကသည် အမည်းရောင်သိုင်းသမားများထက် ပို၍ သိုင်းသမားဖွယ်ရာကောင်းလှပေသည်။

သိုင်းသည်းရောင်သိုင်းသမားတို့မှာ အများမြင်တွေ့လိုက်သည်နှင့် သိရှိ၍ အန္တရာယ်ကို ရှောင်တိမ်းနိုင်ကြသေး၏။

မင်းသားမျက်နှာဖုံးတပ်ဆင်ထားသော အဖြူရောင်သိုင်းသမားတို့မှာ အလွန်ဟန်ဆောင်ကောင်းသည့်အတွက်ကြောင့် အများက လူတော်ကောင်းဟု ထင်မှတ်ကြပြီး လေးစားကိုး



ကွယ်နေသည့်အတွက်ကြောင့်၊ သူတို့နောက်ကွယ်ရာမှ ပြုလာသောအန္တရာယ်များကို မမြင်မတွေ့လိုက်သဖြင့် တိမ်းရှောင်နိုင်စွမ်းမရှိကြပါ။

ထို့အပြင် ယင်းကဲ့သို့ပုဂ္ဂိုလ်များတို့သည် များသောအားဖြင့် ငွေကြေးချမ်းသာသည်။ ဂုဏ်ရှိသည်။ ရာထူးရှိသောလူများ ဖြစ်ကြလေသည်။

သူတို့ညှဉ်းပန်းနှိပ်စက်မှုကို ခံလိုက်ရသော လူများသည် တရားခုံရုံးသို့ သွားရောက်တိုင်ကြားလျှင်လည်း သက်ဆိုင်ရာက လက်ခံမည်မဟုတ်ပါ။

ပြည်သူအများကလည်း ယင်းပုဂ္ဂိုလ်များကို မကောင်းပြုကျင့်တတ်သူမဟုတ်ဟု စေတနာအလိုက် ကာကွယ်ပြောဆိုပေးတတ်လေသည်။

ထို့ကြောင့် မင်းသားမျက်နှာဖုံး စွပ်ထားသော ပုဂ္ဂိုလ်များ၏ နှိပ်စက်ညှဉ်းပန်းခြင်းခံရသူများသည် မခံရပ်ဖြစ်နေသော်လည်း မည်သို့မှမတတ်နိုင်ဘဲ ခါးစည်း၍ ခံနေရသည်မဟုတ်ပါလော။

* * *

သို့သော်...

အခြေအနေနှင့် အချိန်အခါမှာ အမြဲတမ်း ပြောင်းလဲတတ်ပေသည်။

မကြာမီအချိန်ကလေးမှာ သိုင်းလောကတွင် အမှုများကို စစ်ဆေးအပြစ်ပေးရန် တရားသူကြီးတစ်ဦး ပေါ်ထွန်းလာခဲ့သည်

ယင်းတရားသူကြီးသည် မည်သူဖြစ်ပါသနည်း။

မည်သူကမှမသိပါ။

သူ့ကို မည်သူကမှမတွေ့ခဲ့ဘူးပါ။

သူ၏တရားခုံရုံးက မည်သည့်နေရာမှာတည်ရှိပါသနည်း။

မည်သူကမှမသိပါ။

သို့သော် တစ်နှစ်အတွင်း ထိုတရားသူကြီးက အပြစ်ကျူးလွန်ခဲ့သော ပုဂ္ဂိုလ်သုံးဦးအား သူတို့ကျူးလွန်သော အပြစ်များကို ဖော်ထုတ်ကြေညာလိုက်ပြီး သေဒဏ်အပြစ်ချမှတ်လိုက်လေသည်။

ထိုအခါ သိုင်းလောကတစ်ခုလုံး တုန်လှုပ်သွားကြလေသည်။

အပြစ်ကျူးလွန်ခဲ့၍ဖုံးဖိထားသောပုဂ္ဂိုလ်များတို့သည်မမြင်မတွေ့ရသော တရားသူကြီးက သူ့အား အပြစ်ယူစုံစမ်းစစ်ဆေးမည်ကို ရင်တထိတ်ထိတ်ပိုမိုဖြစ်ကုန်လေသည်။

အချို့သောပုဂ္ဂိုလ်များတို့သည် ကြေးစားဘန်းစား လူသတ်သမားတို့အား ငှားရမ်း၍ထိုတရားသူကြီးအား ရှာဖွေဖော်ထုတ်ပြီး အသေသတ်ရန် စေလွှတ်လိုက်သေးသည်။



သို့သော်...

တစ်နှစ်အချိန်ကာလကုန်ဆုံးသွားသည်။ ထိုတရားသူကြီးသည် အပြစ်ရှိသောပုဂ္ဂိုလ်များကိုဆက်လက်ဖော်ထုတ်၍ပြစ်ဒဏ်များ ချမှတ်နိုင်ခဲ့လေသည်။

ထိုတရားသူကြီး၏သတင်းကား တစ်နေ့ခြား ပျံ့နှံ့သွားရာ နေပြည်တော်သို့ ရောက်ရှိသွားလေသည်။

ထိုအခါ သက်ဆိုင်ရာအာဏာပိုင်တို့က အသက် ခြောက်ဆယ်ပြည့်ပြီး အနားယူသွားရှာသော ထောက်လှမ်းရေးမှူး သိန်းငှက်လောက်ချစ်အား ထိုမမြင်မတွေ့ရသော တရားသူကြီးကို စုံစမ်း၍ဖော်ထုတ်ပေးပါရန် တောင်းရပ်ခံလိုက်လေသည်။

သိန်းငှက်လောက်ချစ်သည် ငြင်းပယ်၍မရတော့ဖြင့် ထိုတာဝန်ကို လက်ခံလိုက်ရလေသည်။

ဖိတ်စာ

---

သမားတော်ကြီးဝါတိုသည် အလွန် ကျော်ကြားသော သမားတော်ကြီးတစ်ယောက် ဖြစ်သည်။

သူ့ထံသို့ရောက်ရှိလာသော လူနာများတို့သည် သူ၏ကုသမှုကြောင့် များသောအားဖြင့် ရောဂဝေဒနာများ ပျောက်ကင်းသွားကြလေသည်။

ထို့ကြောင့် သမားတော်ကြီးဝါတို၏အမည်သည် လူယန်မြို့တစ်ခုလုံးမှာ လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့လေသည်။

သို့သော် သမားတော်ကြီးဝါတိုသည် အကျင့်တစ်ခုရှိတတ်ပေသည်။

သူ၏အကျင့်မှာ ငွေမျက်မျှား ရရှိရေးဖြစ်သည်။



တစ်နည်းဆိုရလျှင် ချမ်းသာကြွယ်ဝသော လူနာကို ကိုယ်ဖိရင်ဖိ ကုသပေးပြီး ငွေအမြောက်အမြား ယူတတ်သည်။

ဆင်းရဲနွမ်းပါးသော ဝေဒနာရှင်ကိုမူ ဝတ်ကျေတန်းကျေသာ ကုသပေးလျက်ရှိလေသည်။

တစ်ခါတစ်ရံရောက်ရှိလာသော ဝေဒနာရှင်များ၊ ဆင်းရဲနွမ်းပါးသည်ကို သိရှိလိုက်သည်နှင့် ကုသခြင်းမပြုတော့ဘဲ ငြင်းပယ်လိုက်လေသည်။

သူ၏အကျင့်ကမကောင်းသော်လည်း ငွေကအလွန်ချမ်းသာနေ၏။

ထို့ကြောင့် အချို့လူများ၏ ဝေဖန်ပြောဆိုမှုများကို သူက လုံးဝမမှုခဲ့ချေ။

ယခု သူသည် နံနက်စောစောထ၍ သူအလွန်ပါဝါနေပါသော ပန်းစိုက်ပျိုးခြင်း လုပ်ငန်းကို စတင်လုပ်ကိုင်နေ၏။

အိုးထဲတွင် စိုက်ထားသော ပန်းပင်များကို ရေလောင်းပေးခြင်း၊ ပိုနေသော အရွက်အကိုင်းများကို ညှပ်ပေးခြင်း၊ မြေများကို တူးဆွပေးခြင်း စသည်များကို စိတ်ရှည်လက်ရှည် လုပ်နေလေသည်။

အိမ်ဖော်တစ်ယောက်က ငွေဗန်းကလေးတစ်ဗန်း လက်ဝါးပေါ်တင်၍ ပန်းဥယျာဉ်ထဲ ဝင်ရောက်လာလေသည်။

ငွေဗန်းကလေးပေါ်၌ စာတစ်စောင် ပါရှိလာလေသည်။

အိမ်ဖော်က သမားတော်ကြီးအား ဦးညွှတ်လိုက်လေသည်။

'ဆရာကြီး... လူတစ်ယောက်က စာတစ်စောင်ပို့သွားတယ်'

သမားတော်ကြီးက...

'ငါ ပန်းပင် ရေလောင်းနေတာကို မင်းမတွေ့ဘူးလား။ စာပွဲပေါ်မှာ သွားထားလိုက်'

အိမ်ဖော်က...

'တခါတည်း ပို့တဲ့လူက မှာကြားသွားပါတယ်။ ဒီစာဟာ အလွန်အရေးကြီးလို့ ဆရာကြီးလက်ထဲကို အမြန်ဆုံးပေးရမယ် ဆိုလို့ပါ'

သမားတော်ကြီး မျက်မှောင်ကုတ်သွားလေသည်။

'ဘာစာမို့လို့ ဒီလောက်တောင် အရေးကြီးနေရတာလဲ'

သူသည် ပန်းပင်ရေလောင်းခြင်းမှ ရပ်တန့်လိုက်ပြီး လက်ကို အဝတ်နှင့် သုတ်ပြီးမှ စာကိုယူ၍ ဖောက်လိုက်လေသည်။

'လေးစားအပ်သော သမားတော်ကြီး ခင်ဗျား။
ကျွန်ုပ်သားသည် ထူးဆန်းတဲ့ ဝေဒနာတစ်ခု အလူးအလဲ ခံနေရပါတယ်။ ကျော်ကြားနာမည်ကြီး သမားတော်ကြီးများကိုပင့်ဖိတ်ပြီးကုသပေးသော်လည်း အကြောင်းမထူးပါ။ မိတ်ဆွေတစ်ယောက်ရဲ့ ပြောပြချက်ကို ကြားရတော့မှ သမားတော်ကြီး ကုသမှုပညာဟာ အလွန်ကျွမ်းကျင်တယ်ဆိုတာ သိခဲ့ရပါတယ်။ ဒါကြောင့်



ဤစာကိုရေးသား၍ ဖိတ်ခေါ်လိုက်ရပါတယ်။ ကျွန်ုပ်၏သား ဝေဒနာကို ပျောက်ကင်းအောင် ကုသပေးနိုင်ခဲ့ပါလျှင် ကြေးကြွေးအဖြစ် ရွှေအချိန်တစ်ဆယ် ချီးမြှင့်ပါမယ်ခင်ဗျား။ ကျွန်ုပ်ထံ လာရောက်ရန် အောက်ဖော်ပြပါ လိပ်စာအတိုင်း ဆယ့်ငါးရက်အတွင်း ရောက်အောင်လာခဲ့ပါ။ အဲဒီမြို့ရဲ့ ကျူးတို့ဆိပ်ကမ်းမှာ ကျွန်းကလေး စားသောက်ဆိုင်နဲ့ တည်းခိုခန်းတစ်ခုရှိပါတယ်။ ဒီစာကိုပြပြီး ဆိုင်ပိုင်ရှင်ကို စုံစမ်းလိုက်ရင် သူက သင့်အား ကျွန်ုပ်အိမ်ကို ပို့ပေးလိမ့်မယ်'

သမားတော်ကြီးက ပူးတွဲပါ စာရွက်တစ်ရွက်ကို ဖတ်ကြည့်လိုက်လေသည်။ ထိုစာရွက်ပေါ်တွင် ရေးသားထားသည်မှာ...

ရှောက်ကွမ်းတို့ ဆိပ်ကမ်းမြို့၊ ကျွန်းကလေး စားသောက်ဆိုင်နှင့် တည်းခိုခန်းပိုင်ရှင်မှတစ်ဆင့် သူဌေးကြီး ဝမ်လိုပန်၊ ရွှေငွေကျွန်း။

သမားတော်ကြီးသည် ဤစာကိုဖတ်ပြီးနောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။

'ဟာ... မနည်းပါလား၊ ရွှေအချိန်တစ်ဆယ်တောင်'

သူသည် အနီးတွင်ရပ်နေသော အိမ်ဖော်အား လှမ်းမေးလိုက်သည်။

'ဒီနေ့ဘာနေ့လဲ'

အိမ်ဖော်က...

'ဒီကနေ့ ဆယ်ရက်ရှိပါပြီဆရာ'

သမားတော်ကြီးက....

'ရှောင်ကွမ်းတုံ ဆိပ်ကမ်းမြို့ ဘယ်မှာရှိသလဲဆိုတာ မင်းသိသလား'

အိမ်ဖော်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ သိပါတယ်'

သမားတော်ကြီးက....

'ဒီကနေ့သွားရင် ခရီးဘယ်လောက်ကြာမလဲ'

အိမ်ဖော်က....

'ရွက်လှေနဲ့သွားမယ်ဆိုရင် သုံးလေးရက်လောက်ကြာမယ်၊ မြင်းလှည်းစီးလို့သွားမယ်ဆိုရင် နှစ်ရက်ပဲကြာမယ်'

သမားတော်ကြီးက အနည်းငယ် စဉ်းစားလိုက်သည်၊

'ကောင်းပြီ၊ မင်းအမြင်းလှည်းကောင်းတစ်စီးကိုငှားပေး၊ နောက်ပြီး ဆေးသေတ္တာနဲ့ အဝတ်အစားတွေကို ထုတ်ထား၊ မနက်စောစော ငါခရီးထွက်မယ်'

အိမ်ဖော်က ဦးညွှတ်လိုက်သည်။

'ဟုတ်ကဲ့ပါဆရာ'

* • *



နောက်တစ်နေ့နံနက် သမားတော်ကြီး ဂေဟာရှေ့တွင် ခံ့ညားထည်ဝါသော မြင်းလှည်းတစ်စီး ရောက်ရှိနေပြီ ဖြစ်သည်။

အိမ်ဖော်များသည် ဆေးသေတ္တာနှင့်အဝတ်အစားသေတ္တာများကို မြင်းလှည်းပေါ်သို့ တင်ပေးလိုက်ကြသည်။

သမားတော်ကြီး ဝါတို့သည် သမားတော်ကြီးဦးထုပ်ကို ဆောင်းကာ အနက်ရောင်ဝတ်ရုံကိုခြုံ၍ မြင်းလှည်းပေါ် တက်ထိုင်လိုက်လေသည်။

ထို့နောက် တုတ်ကောက်နှင့် အချက်ပေးလိုက်လေသည်။

'ထွက်တော့ဟေ့'

မြင်းလှည်းမောင်းသမားက မြင်းလှည်းကို ဖြည်းဖြည်းနှင့် မှန်မှန် မောင်းနှင်ထွက်ခွာသွားလေတော့သည်၊

•

## ငွေလမင်းလောင်းကစားအိမ်

ငွေလမင်းလောင်းကစားအိမ် ပိုင်ရှင်၏အမည်မှာ ချူရှင်ထုံ ဖြစ်သည်။

အမှန်မှာ ယင်းနာမည်သည် ပိုင်ရှင်၏နာမည်ရင်း မဟုတ်ပါ။ မြို့သူမြို့သားများက တင်စားခေါ်ဆိုလိုက်သော နာမည်ဖြစ်လေသည်။

သူ၏အမည်အရင်းကို မည်သူကမျှ မသိကြတော့ပေ။

ချူရှင်ထုံဟူသော အဓိပ္ပာယ်မှာ အများပြည်သူကို ဒုက္ခအတိပေးခြင်းဟု ဖြစ်လေသည်။

ချူရှင်ထုံသည် ကောင်းမွန်သော အလုပ်များကို လုပ်ကိုင်ခြင်းမရှိဘဲ လောင်းကစားထထိုးသော လူတစ်ယောက်ဖြစ်သည်။



သူသည် လောင်းကစားရာ၌ လိမ်နည်းမျိုးစုံဖြင့်အလိန်ကျ၍ ကစားသောကြောင့် ငွေများအနိုင်ရရှိလာပြီး တဖြည်းဖြည်းနှင့် ငွေကြေးများ စုဆောင်းမိလာလေသည်။

ငါးနှစ်အတွင်း ငွေလမင်း အမည်ရှိသော လောင်းကစားအိမ်ပိုင်ရှင် ဖြစ်လာလေသည်။

သူသည် ငွေလမင်း လောင်းကစားအိမ်ပိုင်ရှင် ဖြစ်လာခြင်း၊ အကြောင်းရင်းမှာ သူ ရရှိသော ငွေများကိုစုဆောင်း၍ တည်ထောင်နိုင်ခဲ့ခြင်း မဟုတ်ပါ။

ငွေလမင်း ပိုင်ရှင်ဟောင်းထံမှ လောင်းကစားရင်း အပိုင်ရယူလိုက်ခြင်း ဖြစ်လေသည်။

ထို့ကြောင့် စုအာန်းမြို့တွင် ငွေလမင်း လောင်းကစားအိမ်သည် အကြီးအကျယ်ဆုံးသော လောင်းကစားအိမ်တစ်လုံး ဖြစ်လာလေသည်။

လိမ်နည်းမျိုးစုံဖြင့် လာရောက် လောင်းကစားသူများထံမှ ငွေများကို တရား အနိုင်ရရှိခဲ့ခြင်းဖြစ်လေသည်။

ထို့ကြောင့် သူ၏ လိမ်နည်းမျိုးစုံကို မသိနားမလည်သော လောင်းကစားသူများသည် အရှုံးကြီးရှုံးကာ လယ်မြေများပင် ရောင်းချ၍ ပေးဆပ်ရလေသည်။

ယင်းကဲ့သို့ စီးပွားပျက်သွားသောသူများသည် မရေမတွက်နိုင်အောင် များပြားလှပေသည်။

လောင်းကစားမှုကြောင့် ကိုယ့်ကိုယ်ကို သတ်သေသွားသောလူများသည်း မနည်းတော့ပါ။

ငွေလောင်းကစားအိမ်၏ ကလိန်ကျမှုကို မကြည့်ရှုရက်နိုင်သော ပြည်သူများတို့သည် သက်ဆိုင်ရာအာဏာပိုင်သို့ သွားရောက်တိုင်ကြားကြလေသည်။

သို့သော် ချူရှင်ထုံမှာ ငွေကြေးတတ်နိုင်သဖြင့် သူ့အား အရေးယူခြင်း မပြုပါ။

ထို့ကြောင့် ချူရှင်ထုံ၏စီးပွားရေးသည် တနေ့တခြား ကြီးထွားလာလေသည်။

* * *

တစ်နေ့ သူ့ထံသို့ ဖိတ်စာတစ်စောင်ရောက်ရှိလာလေသည်။

လူကြီးမင်း ချူရှင်ထုံခင်ဗျာ...

ခင်ဗျားရဲ့ လောင်းကစားမှုအတတ်ပညာ အလွန်ပြောင်မြောက်သည်ကို ကြားသိရပါသည်။ ကျွန်ုပ်လည်း လောင်းကစားမှုကို အလွန်ဝါသနာထုံပါသည်။ ထို့ကြောင့် ခင်ဗျားထံသို့ လာရောက်၍ လောင်းကစားရန် ဆန္ဒပြင်းပြနေပါသည်။ သို့သော် ကျွန်ုပ်မှာ အသက်အရွယ်ကြီးသူတစ်ယောက် ဖြစ်သည်။ ခင်ဗျား ထံသို့ မလာနိုင်ပါ။ သို့ဖြစ်၍ ကျွန်ုပ်ထံ လာရောက်၍ လောင်းကစားပါရန် ဖိတ်ကြားလိုက်ပါသည်။



အကယ်၍ လောင်းကစားပါလျှင် ခင်ဗျားက အနိုင်ရသည်ဆိုလျှင် ကျွန်ုပ် ပိုင်ဆိုင်သော ကျွန်းတစ်ခုလုံးနှင့် ကျွန်းပေါ်မှ အဆောက်အအုံနေရာများနှင့်တကွ ကျွန်ုပ်ပိုင်ဆိုင်သော ရွှေငွေကျောက်မျက်ရတနာများကိုပါ ပေးလိုက်မည်။ ခင်ဗျား စိတ်ဝင်စားမယ်ဆိုလျှင် ပူးတွဲပါလိပ်စာအတိုင်း ယခုလ ဆယ့်ငါးရက်မတိုင်မီ ရောက်အောင်လာခဲ့ပါ။ ကျွန်ုပ် ဝမ်းပန်းတသာဖြင့် စောင့်ကြိုနေပါမယ်။

သူဌေးကြီး ဝမ်လိုပန်
(ရွှေငွေကျွန်းပိုင်ရှင်)

ချူရှင်ထုံသည် စာကိုဖတ်ရှုပြီးနောက် သဘောကျစွာဖြင့် ရယ်မောလိုက်လေသည်။

'ဟား...ဟား...ဟား...လောကပေါ်မှာ ဒီလိုလူမျိုးလဲ ရှိသေးတယ်၊ စိတ်ချပါ ဝမ်လိုပန်၊ ကျုပ်ရောက်အောင်လာခဲ့ပါမယ်'

သူသည် ဖိတ်စာကို နှာခေါင်းသို့ကပ်၍ နမ်းလိုက်ပြီး ကြွေးကြော်လိုက်လေသည်။

'ဟေ့...ငါ ကျွန်းပိုင်ရှင် ဖြစ်တော့မယ်ကွ'

သူက လှတ်ခနဲ အော်လိုက်သောအသံကြောင့် အိပ်ငိုက်နေသော သူ၏တပည့်က လန့်နိုးလာသည်။

'ဆရာ ဘာဖြစ်သွားလို့လဲဗျာ'

ချူရင်ထုံက....

'မင်းဆရာမျက်နှာ သေချာကြည့်ထား၊ ကျွန်းပိုင်ရှင်ဖြစ်တော့မယ်ကွ'

'ဗျာ...'

သူ၏ တပည့်က အံ့အားသင့်စွာခေါင်းကုတ်လိုက်လေသည်။

ချူရင်ထုံက....

'ဗျာနဲ့၊ ဒီကနေ့ ဘယ်နှစ်ရက်ရှိပြီလဲ'

တပည့်ဖြစ်သူက....

'ဆယ့်နှစ်ရက်ရှိပြီဆရာ'

ချူရင်ထုံက မေးစေ့ကို ပွတ်ရင်း စဉ်းစားလိုက်လေသည်။

'ဒါဆို အချိန်အများကြီးရသေးတယ်'

တပည့်ဖြစ်သူက ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

'ဘာပြောတာလဲဆရာ'

ချူရင်ထုံက—



'ငါဟာဝါ ဘာပြောပြော မင်းနဲ့မဆိုင်ဘူး။ မင်းနဲ့ဆိုင်တာက ငါ ခရီးသွားရလိမ့်မယ်၊ ငါ့အတွက် အဝတ်အစားနဲ့ ကောင်းတာစားပစ္စည်း သုံးလေးစုံ အသင့်ပြင်ထားပါ၊ ဒါပဲ'

တပည့်ဖြစ်သူက သူ့အား ကြောင်၍ကြည့်ပြီး ခေါင်းညိတ်လိုက်လေသည်။

'ကောင်းကဲ့ပါ ဆရာ'

ချူရင်ထုံသည် ဗီဒီစာပေါ်၌ပါရှိသော လိပ်စာကို ထပ်မံကြည့်လိုက်သည်။

'ရွှေငွေကျွန်းဆိုပါလား၊ ငါရွှေငွေကျွန်းပိုင်ရှင် ဖြစ်တော့မယ်ဟေ့'

သူသည် အားရပါးရ ရယ်မောလိုက်သည်။

'ဟား...ဟား...ဟား'

အာဏာသားမှူးပုတို

---

အာဏာသားမှူးပုတိုသည် ရေကူးရန် အဝတ်အစားကို ပြင်ဆင်နေ၏။

အာဏာသားလေးက၊ သူ့အား အနည်းငယ် အံ့အားသင့်သော အမူအရာဖြင့် မေးလိုက်လေသည်။

'ဆရာ အဝတ်အစားများပြင်ဆင်နေတာ ဘယ်များသွားစရာရှိလို့လဲ'

အာဏာသားပုတို၏ မျက်နှာတစ်ခုလုံး ပြုံးရွှင်နေ၏။ သူသည် လက်မဖြင့်ကိုယ့်ကိုယ်ကို ညွှန်ပြလိုက်သည်။

'ကြည့်ထား၊ မုဆိုးဆရာ သူဌေးဖြစ်တော့မယ်ကွ'

အာဏာသားလေးက အံ့အားသင့်သွားလေသည်။



'ဟုတ်လားဆရာ၊ ဘယ်လောက်ခွဲဆီကလာပြီးအမွေရလိုက်လို့လဲ'

အာဏာသားပုတိုက မျက်နှာရှုံ့မဲ့သွားလေသည်။

'ဘယ်ကအမွေ ငါ့ဆီလာကွ ငမွဲက အမွေပေးဖို့ နေနေ အစသာ ငါ့ဆီကိုလာပြီး မကြာမကြာ အရက်ဖိုး တောင်းနေတာကို မင်းတွေ့ပါတယ်ကွာ'

အာဏာသားလေးက...

'ဒါဖြင့် ဘယ်က အမွေရမှာလဲဆရာ'

အာဏာသားပုတိုက...

'ဘယ်ကမှရရ မင်းနဲ့ဘာဆိုင်လို့လဲ'

အာဏာသားလေးက...

'ဆရာဘယ်တော့ ခရီးထွက်မှာလဲ'

အာဏာသားပုတိုက...

'မနက်ဖြန်'

အာဏာသားလေးက...

'အထက်အာဏာပိုင်ကို ခွင့်တောင်းပြီးပြီလား'

အာဏာသားပုတိုက...

'မတောင်းတော့ပါဘူး'

အမှတ် ၁၅/၁၃၈၊ ...
... ၄ ...
ရန်း ၂၁၄၅၅

အာကာသသားလေးက...

'ဖြစ်ပါ့မလား၊ ဆရာ့ကို မတွေ့ရင် အပြစ်တင်မှာပေါ့'

အာကာသသားမှူးပုတိုက မဲ့ပြုံးပြုံးလိုက်သည်။

'အို...ဘူ အပစ်တင်လို့ဘယ်ရမလဲ၊ ငါက အလုပ်က ထွက်မှာပေါ့'

အာကာသသားလေးက အံ့အားသင့်သွားပြန်လေသည်။

'ဆရာ အလုပ်ထွက်မယ်ဟုတ်လား'

အာကာသသားမှူး ပုတို့က ရင်ကော့လိုက်သည်။

'ဟုတ်တယ်၊ ငါက သူဌေးဖြစ်မှတော့ ဒီမသောက်လောက်စား၊ လခစားကို မလိုချင်တော့ပါဘူး'

အာကာသသားလေးက ပါးစပ်ပိတ်အားလိုက်လေသည်။

အာကာသသားမှူးပုတိုက....

'ကဲ ငိုင်မနေနဲ့၊ ငါ့ခရီးထွက်ဖို့စိုင်းပြီး ပြင်ဆင်ပေးစမ်း၊ နေ့စက်ပြီး ရှောင်ကွမ်းတုံသွားဖို့ မြင်းတစ်ကောင် ကောင်းကောင်းဝယ်ခဲ့စမ်းပါ'

အာကာသသားလေးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ပါ ဆရာ'

အာကာသသားမှူးပုတိုက ငွေတုံးတစ်တုံး ပေးလိုက်လေသည်။



'ရော့...ငွေယူသွား၊ ပိုတာကို မင်းယူထားလိုက်'

အာကာသသားလေးသည် မိမိနားကိုပင်မယုံကြည်နိုင်လောက်အောင် အံ့ဩသွားမိလေသည်။

အာကာသသားမှူးပုတိုသည် အလွန်ကပ်စေးနဲသူ ဖြစ်သည်။

သူက အောက်လက်ငယ်သားများကို ငွေကြေး တစ်ပြားတစ်ချပ်မှ မပေးဖူးသည့်အပြင် အောက်လက်ငယ်သားများထံမှ ပြန်တောင်းတတ်သည် မဟုတ်ပါလော။

ယခုမူ မြင်းတစ်ကောင်ဝယ်ပြီး ကျန်ရှိသောငွေများကို ရက်ရက်ရောရော ပေးလိုက်ခြင်းမှာ သူ့အဖို့ ထူးထူးဆန်းဆန်း ဖြစ်နေသည် မဟုတ်ပါလော။

## မြင်းသည်တော် ဗိုလ်မှူးကလေးရှောင်ဖုန်း

မြင်းသည်တော်ဗိုလ်မှူးကလေးရှောင်ဖုန်းသည် သူ့အထက် အရာရှိထံမှ ခွင့်တစ်လ တောင်းခံ၍ ရလိုက်လေသည်။

ထို့ကြောင့် သူသည် မြင်းတပ်စခန်းဖြင့် နေပြည်တော်မှ ထွက်လာခဲ့လေသည်။

သူ၏ ကိုယ်ပေါ်တွင် ဗိုလ်မှူးကလေး၏ ဆဝတ်အစားမျိုး ဝတ်ဆင်ခြင်း မပြုတော့ဘဲ သင်လွင်အသားပိုးဖဲအင်္ကျီ ဝတ်ဆင်ထားလေသည်။

သူ၏မျက်နှာသားခုလုံးမှာ ပြုံးရွှင်၍နေ၏။

သူသည် မင်းလမ်းမအတိုင်း မောင်းနှင်သွားရင်း အတွေးများသည် တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာခဲ့သည်။



'အထက်အရာရှိကတော့ ငါ့တစ်လခွင့်ကုန်ရင် ပြန်လာလိမ့်မယ်လို့ ထင်နေကြမှာပဲ'

သူက ခေါင်းဆတ်ခနဲ ညိတ်လိုက်သည်။

'ထင်မယ်ဆိုလဲ ထင်ရောပေါ့လေ၊ ဗိုလ်မှူးကလေး လစာ တာ နက်ခေါ်စရာ ကောင်းပါတယ်ကွ'

သူက ခေါင်းခါယမ်းလိုက်သည်။

'ဒါပေမယ့် အခုအချိန်ကစပြီး ဗိုလ်မှူးကလေး လစာဟာ ဂရုစိုက်စရာမလိုတော့ဘူး၊ ငါ နောက်ရရှိမယ့် လစာတာ လက်ရှိလစာနဲ့ အဆပေါင်းများစွာ ပိုနေပါလိမ့်မယ်'

သူသည် တွေးရင်း အိတ်ထဲမှ ဖိတ်စာတစ်စောင် ထုတ်ယူလိုက်သည်။

'ဒီဖိတ်စာဟာ ငါ့ရဲ့ကံကြမ္မာကို အကြီးအကျယ်ပြောင်းလဲ လိုက်တဲ့ ဖိတ်စာပေါ့ပဲ၊ သူဌေးကြီးဝမ်ဖန်က သူ့မှာ ကိုယ်ရံ တော် တစ်ယောက်လိုပါတယ်တဲ့၊ ငါ့နာမည်ကိုကြားလို့ သူ့ဆီ လာပြီး အလုပ်လုပ်ဖို့ခေါ်ပါတယ်တဲ့၊ လစာကတော့ တစ်လ သုံးရာဆိုပဲ'

သူက သက်ပြင်းတစ်ချက်ချလိုက်သည်။

'ငါ့ရဲ့ ဗိုလ်မှူးလေးလစာဟာ တစ်လမှ ဆယ့်ငါးကျပ်ပဲ ရတယ်၊ ကြည့်စမ်း ဘယ်လောက်ကွာသလဲ၊ သူ့ဆီမှာသာ သုံးလေးနှစ်လုပ်လိုက်ရရင် ငါသူဌေးကြီးဖြစ်ပြီပေါ့'

သူအာ ယင်းကဲ့သို့ တစ်ယောက်အည်း ပြောဆိုရင်း ရင်ထဲမှ ပီတိလှိုင်းများ ထလာခဲ့သည်။

'အင်း...ငါ ပေါ့လို့မဖြစ်ဘူး၊ ဆယ်ငါးရက်ဆိုတော့ နှစ်ရက်တည်းသာကျန်တော့တယ်၊ ငါ ကြိုရောက်မှ ဖြစ်တော့မယ်'

သူသည် မြင်း၏ပြေးနှုန်းကို အနည်းငယ် မြှင့်လိုက်သည်။

ထို့နောက် မြင်းကို ကျွမ်းကျင်စွာ စီးလိုက်ပါလာလေတော့သည်။

## အလှမယ် လုလုချန်း

ချန်အန်း နေပြည်တော်တွင် ကြေးစား ဂေဟာ များ မြောက်မြားစွာရှိလေသည်။

အလှအချောမိန်းမလေးများ၊ အများဆုံးရှိသော ကြေး စားတန်းဂေဟာမှာ ဝိုင်းဝိုင်းသည် ကြေးတန်းစားဂေဟာဖြစ်သည်။

ဝိုင်းဝိုင်းသည် ကြေးတန်းစားဂေဟာတွင် ချောမောလှပသောမိန်းကလေးအတော်များများရှိသည်။

အထူးသဖြင့် အလှဆုံးအလှမယ်မှာ လုလုချန်းပင် ဖြစ်လေသည်။

လုလုချုန်းသည် အသက်နှစ်ဆယ်ကျော်ခန့် ရှိပြီဖြစ်သော်လည်း အလွန်နုနယ်လှပနေသဖြင့် ဆယ့်ခြောက်နှစ်အရွယ်မိန်းကလေးတစ်ယောက်ပင် နုပျိုနေသေး၏။

သူမသည် ယောကျ်ားများ စွဲမက်လောက်အောင်အသားမျက်နှာပိုင်ရှင်ဖြစ်ရုံမက ခန္ဓာကိုယ် အချိုးအဆစ်အည်း တပ်မက်ဖွယ်ရာကောင်းလှပေသည်။

အပြောချိုသည်။ အသံကောင်းသည်။

ဆက်ဆံရေးလည်း အလွန်ပြေပြစ်သည်။

ထို့ကြောင့် ခိုင်းစိုင်းသည့်ဂေဟာသို့ ရောက်ရှိလာကြသော ငွေကြေးရှင်များတို့သည် လုလုချုန်းကိုသာ တွေ့ခွင့်ရရန်တောင်းဆိုကြလေသည်။

ယင်းကဲ့သို့သော တောင်းဆိုသူများ အလွန်များပြားလှသောကြောင့် လုလုချုန်းအားတွေ့နိုင်ရန်ရက်ကို ကြိုတင်စာရင်းရှင်းပေး၍ တောင်းခံရလေသည်။

ထို့ကြောင့် လုလုချုန်း၏အမည်သည် ပို၍ကျော်ကြားလာသည်။

နာမည်ကျော်ကြားလာသည်နှင့်အမျှ ငွေများလည်း တစ်လိမ့်လိမ့်ဝင်ရောက်လာလေသည်။



သို့သော် အဘယ်အကြောင်းမှန်းမသိ တစ်နေ့တွင် လုလုချုန်းသည် ခိုင်းစိုင်းသည့်ပိုင်ရှင်ထံသို့ အလုပ်ထွက်ရန် တောင်းဆိုလိုက်လေသည်။

ခိုင်းစိုင်းသည့်ပိုင်ရှင်အဖို့မှာ သူမနှင့်တကွ အလုပ်မယ်များ ပင်အံ့သြ၍ မဆိုနိုင်အောင်ဖြစ်ခဲ့ရလေသည်။

လုလုချုန်းတစ်ယောက်ရှိသော ဝင်ငွေများသည် သူမတို့ကတစ်နှစ်လာပင် ရှာ၍မရနိုင်သော ငွေကြေးပမာဏပင် ဖြစ်သည်မဟုတ်ပါလော။

လုလုချုန်းအဘယ်ကြောင့် အလုပ်မှထွက်ခြင်းကို မည်သူမှမသိပါ။

သူမနှင့်အလွန်ရင်းနှီးသော အလုပ်မယ်အချို့သည် မနေနိုင်တော့ဘဲ သူမအားစုံစမ်းမေးမြန်းရလေသည်။

'ဟေ့…လုလုချုန်း ညည်းရူးနေအလား'

လုလုချုန်းက…

'ဘာဖြစ်လို့လဲ'

အလုပ်မယ်က…

'ညည်းအလုပ်က ထွက်လိုက်ပြီဆို'

လုလုချုန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်လေ'

အလှမယ်က....

'ညည်းဝင်ငွေဒီလောက်ကောင်းရက်နဲ့ဘာကြောင့်အလုပ်က နေထွက်ရတာလဲ'

လုလုချန်းက ပြုံးလိုက်သည်။

'ငါနောက်ရလာမယ့်ဝင်ငွေဟာ အခုဝင်ငွေထက် အဆပေါင်းများစွာ ပိုရလို့ပေါ့ဟာ'

အလှမယ်များက အံ့သြကုန်လေသည်။

'ဟုတ်လား၊ ညည်းရမယ့်ဝင်ငွေက ဘယ်လောက်များမှာမို့လဲ'

လုလုချန်းက လက်ညှိုးတစ်ချောင်း ထောင်ပြလိုက်သည်။

အလှမယ်က....

'တစ်လတစ်ထောင်ရမှာမို့လား'

လုလုချန်းကပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး တစ်လတစ်သောင်း'

အလှမယ်များက ပါးစပ်ဟောင်းလောင်း ဖြစ်ကုန်ကြလေသည်။

လုလုချန်းက ပြုံးပြလိုက်လေသည်။



'သူဌေးကြီးတစ်ယောက်က ငါ့ဆီကိုစာပို့လိုက်တယ်၊ သူ့ဆီမှာခြောက်လလောက် လာပြီးနေထိုင်ပေးပါတဲ့ တစ်လတစ်သောင်းပေးမယ်လို့ ရေးလိုက်တယ်'

အလှမယ်များ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်သွားလေသည်။

'ဟုတ်မှဟုတ်ရဲ့လား လုလုချန်းရယ်'

လုလုချန်းက....

'ဘယ်ကမဟုတ်ရမှာလဲ သူကစာပို့လိုက်ရုံမက လမ်းစရိတ်ငွေဝါးရာတောင်ထည့်ပေးလိုက်သေးတယ်ကွ'

အလှမယ်များတို့သည် ပါးစပ်ပိတ်ထားကုန်ကြလေသည်။

လုလုချန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

'ညည်းတို့ကို ငါမမေ့ပါဘူးကွာ၊ ငါငွေပိုက်ပြီးပြန်လာတဲ့အခါ ညည်းတို့ဆီကို ရောက်အောင်လာမှာပါ'

အလှမယ်တစ်ဦးက....

'ညည်းဘယ်တော့ ခရီးသွားမှာလဲ'

လုလုချန်းက...

'မနက်ဖြန်'

အလှမယ်များတို့က ဟာခနဲဖြစ်သွားကြလေသည်။

'မြန်လှချည်လား'

လုလုချွန်းက...

'မြန်ဆို ဆယ့်ငါးရက်နေ့ရောက်အောင် သွားရလိမ့်မယ်၊ အခုနေပဲ ဆယ့်နှစ်ရက်ရှိပြီ မဟုတ်လား'

အလုမယ်များတို့က စိတ်မကောင်း ဖြစ်ကုန်ကြလေသည်။

'ငါတို့ ဝမ်းသာရမလား၊ ဝမ်းနည်းရမလားတောင် မပြော၊ တတ်တော့ပါဘူး ကွယ်'

လုလုချွန်းက ပြုံးပြလိုက်လေသည်။

'ပျော်ပျော်နေကြပါကွယ်၊ ငါ့မှာလဲ လုပ်စရာကိုင်စရာ ရှိနေသေးလို့ ငါ့ကိုခွင့်လွှတ်ပါ'

အလုမယ်တို့သည် သူမအားနှုတ်ဆက်ကာ အခန်းထဲမှထွက်ခွာသွားကြလေတော့သည်။

* * *

နောက်တစ်နေ့နံနက်...

လုလုချွန်းသည် အဝတ်အစားသေတ္တာနှင့်အတူ ရထားလုံးတစ်စီးဖြင့် ဂေဟာမှထွက်ခွာလာခဲ့လေသည်။



သူမသည် မြို့ပြင်သို့ပင်မရောက်သေးပါ၊ သူမ စီးနင်းလိုက်ပါလာသော ရထားလုံးအား ရဲမက်တစ်ယောက်က ဟန့်တားလိုက်လေသည်။

ထိုရဲမက်သည် ရထားလုံး၏တံခါးပေါက်ရှိရာသို့ လျှောက်လာလေသည်။

လုလုချွန်းက အဝင်မကျဖြစ်သွားလေသည်။

'ကျွန်မတို့ကို ဘာကြောင့် တားထားရတာလဲ'

ရဲမက်က ယဉ်ကျေးစွာ ပြုံးလိုက်လေသည်။

'တားတာ မဟုတ်ပါဘူးခင်ဗျာ၊ ရဲမက်မှူးကြီးကဖိတ်ခေါ်ခိုင်းလိုက်လို့ပါ'

လုလုချွန်း မျက်မှောင်ကုတ်သွားလေသည်။

'ဘာကိစ္စရှိလို့ပါလိမ့်'

ရဲမက်က...

'မသိပါဘူးခင်ဗျာ၊ ဟိုရောက်ရင် သိပါလိမ့်မယ် ကျေးဇူးပြုပြီး လိုက်ခဲ့ပါ'

လုလုချွန်းက နှုတ်ခမ်းဆူလိုက်လေသည်။

'စိတ်ချ၊ လိုက်ခဲ့မယ်၊ ကျွန်မမှာ ဘာအပြစ်ရှိလို့ အခုလို အနှောင့်အယှက်ပေးတာလဲ မေးရဦးမယ်'

ရဲမက်က အဖြေမပေးတော့ဘဲ မြင်းရထားလုံးမောင်းသမားအား သူတို့ဌာနရှိရာသို့ မောင်းနှင်သွားရန် အမိန့်ပေးလိုက်လေသည်။

■ ✲ ■

ရထားလုံးသည် ရဲမက်ဌာနရုံးရှေ့တွင် ရပ်တန့်လိုက်လေသည်။

လုလုချန်းသည် ရဲမက်တံခါးဖွင့်ပေးသည်ကို မစောင့်တော့ဘဲ တံခါးကိုတွန်းဖွင့်ရင်း ရဲမက်ဌာနရုံးထဲသို့ ခြေလှမ်းကျဲကျဲဖြင့် လှမ်းဝင်သွားလေသည်။

သူမမျက်နှာ တစ်ခုလုံးမှာ ဒေါသထွက်လွန်း၍ တုန်ယင်နေလေသည်။

သူမသည် ခန်းမထဲသို့ လှမ်းဝင်လိုက်သည်နှင့် ရဲမက်မှူးက ထိုင်ရာမှ ကမန်းကတန်း ထရပ်လိုက်ပြီး မျက်နှာချိုသွေး၍ ကြိုဆိုလိုက်လေသည်။

'ကြွပါခင်ဗျာ....အလှမယ် လုလုချန်း'

လုလုချန်းက မျက်နှာသုန်မှုန်လျက် ပြောလိုက်သည်။

'ရှင်းရှင်းပြောပါ ရဲမှူးကြီး၊ ရှင်ကကျွန်မကို ဖမ်းတာလား'



ရဲမက်မှူးက လက်ဘွင်တွင် ခါယမ်းလိုက်သည်။

'ဒီလိုမပြောပါနဲ့ဗျာ....ခင်ဗျားအာ မင်းပေါက်စိုးပေါက်ဆိုတော့ ကျုပ်က ခင်ဗျားကိုဖမ်းရင်ရာထူးပြုတ်သွားမှာပေါ့ဗျာ'

လုလုချန်းက....

'ဒါဖြင့် ကိစ္စကိုပြောပါ၊ ကျွန်မခရီးသွားဖို့ရှိတယ် အချိန်နောက်ကျလို့ မရဘူး'

ရဲမှူးက ပြုံးလိုက်လေသည်။

'ကျုပ် နားလည်ပါတယ်ဗျာ၊ ထိုင်ပါဦး ကျုပ်တို့မှာ လုလုချန်းဆီက အကူအညီတစ်ခု တောင်းချင်လို့ အခုလို ဖိတ်ခေါ်လိုက်တာပါ'

လုလုချန်းက စားပွဲဆီသို့ လျှောက်သွားပြီး ကုလားထိုင်တစ်လုံးပေါ်သို့ ထိုင်ချလိုက်သည်။

လုလုချန်းက....

'ပြောပါရှင်၊ ကျွန်မမှာ အချိန်သိပ်မရှိဘူးနော်'

ရဲမက်မှူးက ခေါင်းညိတ်လိုက်သည်။

'ပြောပါမယ်ဗျာ'

သူသည် ထိုင်ချလိုက်ပြီး စားပွဲပေါ်မှာထားရှိသော ကြေးမောင်းကို ထုလိုက်လေသည်။

'နောင်'

မောင်းသံသည် တိုးညင်းစွာ ထွက်ပေါ်လာသည်။ တစ်ခေ... အကြားတွင် အခန်းဝ၌ မိန်းကလေးတစ်ယောက် ပေါက်ရှိလာ... သည်။ ထိုမိန်းကလေးမှာ အသက်နှစ်ဆယ်သုံးဆယ်ခန့်မျှသာရှိ... သေး၏။

သူမ၏ခန္ဓာကိုယ် အနေအထားနှင့် အရပ်အမောင်းတို့မှာ... အလှမယ် လုလုချမ်းနှင့် တိမ်းမယိမ်းရှိ၏။

သူမသည် လှပသော မျက်နှာရှိသည်။

သို့သော် အနည်းငယ် ပေါကျားဆန်သော အမူအရာများ... တွေ့နေရခြင်း ဖြစ်သည်။

ရဲမက်မှူးက သူမအား ခေါင်းညိတ်ပြလိုက်သည်။

'ဝင်ခဲ့ပါ စန္ဒာ'

စန္ဒာအမည်ရှိသော မိန်းကလေးသည် အခန်းထဲသို့ဝင်ရောက်... လာသည်။

ရဲခက်မှူးက စားပွဲရှေ့ရှိ ကုလားထိုင်မှ ပြောလိုက်... သည်။

'စန္ဒာ ထိုင်'

စန္ဒာက ရဲခက်မှူးအား အရိုအသေပြုပြီးမှ ထိုင်ချလိုက်ေ... သည်။

ရဲမက်မှူးက လုလုချမ်းအား မိတ်ဆက်ပေးလိုက်သည်။



'သူဟာ အလှမယ် လုလုချမ်း'

ထို့နောက် စန္ဒာကို မိတ်ဆက်ပေးလိုက်သည်။

'သူ့နာမည်က စန္ဒာပါ၊ ကျုပ်တို့ဌာနက ခင်ဗျားသိက အကူအညီ တောင်းချင်ပါတယ်၊ ကျုပ်တို့ကို ကူညီလိမ့်မယ်လို့ ယုံကြည်ပါတယ်'

လုလုချမ်းက မျက်မှောင်ကုတ်သွားသေးသည်။

'ပြောပါ ကျွန်မတတ်နိုင်တာဆိုရင် ကူညီပါ့မယ်'

ရဲမက်မှူးက စန္ဒာအား ညွှန်ပြလိုက်သည်။

'စန္ဒာက ပြောပါလိမ့်မယ်'

သူက စန္ဒာအား လှည့်ကြည့်လိုက်သည်။

'ကဲ... စန္ဒာ၊ ဝါလိုချင်တဲ့အကူအညီကို လုလုချမ်းကိုပြောပြ လိုက်ပါ'

စန္ဒာက လုလုချမ်းအား ပြောပြလိုက်သည်။

'ဒီလိုပါ အစ်မလုလုချမ်း...'

● ❋ ❋

တစ်နာရီခန့် ကြာပြီးနောက်...
လုလုချမ်းသည် ရဲဌာနမှ ပြန်လည်ထွက်ခွာလေသည်။

သူမသည် စကားတစ်ခွန်းမျှမပြောတော့ဘဲ ရထားလုံးပေါ်သို့တက်၍ ထိုင်ချလိုက်လေသည်။

ရဲမက်မှူးက သူ့အား လိုက်လံပို့ဆောင်လေ၏။

'လုလုချန်းရေ... အောင်မြင်ပါစေလို့ ဘာဘာဆုတောင်းတယ်နော်'

လုလုချန်း လက်ယမ်းပြလိုက်လေသည်။

'စိတ်ချပါရှင်'

သူမသည် ရထားလုံး၏တံခါးကို တစ်ချက်ပုတ်လိုက်သည်။

'သွားနိုင်ပြီ'

ရထားလုံးသည် တဖြည်းဖြည်း မောင်းနှင်ထွက်ခွာသွားလေတော့သည်။

* * *

ရှောင်ကွမ်းတုံ ဆိပ်ကမ်းမြို့သည် အလွန်ခေါင်သောမြို့လေး တစ်မြို့ဖြစ်သည်။ အကြောင်းမှာ ရှည်လျားသောမြို့လေးတစ်ခုလုံးတွင် ဆိပ်ကမ်းသာလမ်းအမည်ရှိသော လမ်းတစ်လမ်းတည်းသာ ရှိသည်။

ယင်းဆိပ်ကမ်းသာလမ်း၏ ဆိုင်ခန်းများတို့သည် ပင်လယ်ပြင်ကို မျက်နှာမူထားခြင်းဖြစ်သည်။



ရှောင်ကွမ်းတုံမြို့သည် ဆိပ်ကမ်းမြို့ဟု ခေါ်တွင်နေသော်လည်း ပင်လယ်ကမ်းခြေ တစ်လျှောက်လုံးမှာ ရွက်လှေ၊ [illegible] မဟုတ် လှေ လုံး၀ မတွေ့ရပါ။

ဆိပ်ကမ်းတံတားတစ်ခုသာရှိသည်။ ယခုအခါတွင် လှေငယ် လှေကြီးဟူ၍ တစ်စီးမျှ ဆိုက်ကပ်နေသည်ကို မတွေ့ရပါ။

ယင်းဆိပ်ကမ်းတံတားမှနေ၍ ရှေ့သို့တည့်တည့်ကြည့်လိုက်လျှင် ကျွန်းလေးတစ်ကျွန်း ထီးတည်း တည်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

နေရောင်ခြည်ထိုးကျနေသော ကျွန်းလေးပေါ်၌ လှပ၍ ခမ်းနားကြီးကျယ်သော အဆောက်အအုံတစ်ခု တွေ့မြင်ရမည်ဖြစ်သည်။

ယင်းဆိပ်ကမ်းတံတားနှင့် လမ်းတစ်ခုခြားနေရာတွင် ကျွန်းကလေးအမည်ရှိသော စားသောက်ဆိုင်၌ တည်းခိုခန်းတစ်ခု ရှိလေသည်။

ယင်းစားသောက်ဆိုင်နှင့် တည်းခိုခန်းမှာ လာရောက်စားသောက်တည်းခိုသောသူများ အလွန့်အလွန် နည်းပါး၏။

သို့သော် ယခုမူ ဧည့်သည် အတော်များများ ရှေ့ဆင့် နောက်ဆင့် ရောက်လာကြပြီဖြစ်သည်။

ထို့ကြောင့် ဆိုင်ပိုင်ရှင်နှင့် ဆိုင်လုပ်သားများတို့သည် ဝမ်းပန်းတသာဖြင့် ချက်ပြုတ်သူက ချက်ပြုတ်ရင်း ဧည့်သည်များကို နေရာချထားသူကချပေးနေ၏။

မွန်းတည့်ချိန် ရောက်ရှိလာပြီဖြစ်သည်။

ရထားလုံးတစ်စင်းသည် စားသောက်ဆိုင်ရှေ့တွင် ရပ်တန့်သွားလေသည်။ ရထားလုံးထဲမှ အသက် ငါးဆယ်ခန့်ရှိသော လူတစ်ယောက်သည် သူ၏ ပူနေသော ဝမ်းဗိုက်ကို ပိုက်၍ ရထားလုံးထဲမှ တိုးထွက်လိုက်လေသည်။

ထိုလူသည် အလွန်ဝပြီး ဗိုက်ပူနေခြင်းဖြစ်သည်။

သူက ဆိုင်းဘုတ်ကို တစ်ချက်မော့ကြည့်ပြီးမှ ကောင်တာရှိရာသို့ လျှောက်သွားလေသည်။

'ဒါက ကျွန်းကဆေးစားသောက်ဆိုင်လားခင်ဗျာ'

ဆိုင်ရှင်က ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ပါတယ် ခင်ဗျာ'

ထိုလူက...

'ကျုပ် ရွှေငွေကျွန်းသွားမလို့၊ ခင်ဗျား ပို့ပေးနိုင်မယ် မဟုတ်လား'

ဆိုင်ပိုင်ရှင်က ခေါင်းညိတ်လိုက်သည်။

'ပို့ပေးနိုင်ပါတယ်ခင်ဗျာ၊ တိုက်တိုက်ဆိုင်ဆိုင် ဒီချက်ထဲမှာ ရွှေငွေကျွန်းသွားတဲ့ ဧည့်သည်များ တစ်ယောက်ပြီး တစ်ယောက် ရောက်လာနေကြတယ်ဗျ'

သူက ထိုလူအား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။



'ခင်ဗျားနာမည် ဘယ်သူလဲဗျ'

ထိုလူက...

'ကျုပ်နာမည်က တိကျူ'

ဆိုင်ပိုင်ရှင်က ရယ်မောလိုက်သည်။

'မြေပိုင်ရှင် တိကျူပေါ့'

တိကျူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ဆိုင်ပိုင်ရှင်က ပြုံးလိုက်သည်။

'အထဲကိုကြွပါခင်ဗျာ၊ ကျွန်ုပ်တို့က နေရာထိုင်ခင်း ပေးပါ့မယ်'

သူသည် ဆိုင်လုလင်တစ်ယောက်အား လှမ်းခေါ်လိုက်သည်။

'တစ်ယောက်လာစမ်းပေါ့၊ ရထားလုံးပေါ်က ပစ္စည်းကို ယူလိုက်၊ ဟောဒီ ဧည့်သည်ကို အကောင်းဆုံး အခန်းနေရာ ချပေးလိုက်ပါ'

ဆိုင်လုလင်တစ်ယောက်က ရထားလုံးပေါ်မှ ပစ္စည်းထုပ်ကို ဆွဲချလိုက်ပြီး မြေပိုင်ရှင် တိကျူအား ခေါင်းညိတ်ပြလိုက်သည်။

'ကျွန်တော့်နောက် လိုက်ခဲ့ပါခင်ဗျာ'

မြေပိုင်ရှင် တိကျူက ဆိုင်လုလင်နောက်သို့ လိုက်သွားလေသည်။

* * *

မြေပိုင်ရှင်တိကျူသည် ဆိုင်လုလင်ချပေးထားသောအခန်းသို့ ရောက်ရှိလာပြီဖြစ်သည်။

အိပ်ရာခန်း၌ လဲလျောင်းလိုက်လေသည်။

'အဟမ်း'

ရုတ်တရက် ချောင်းဟန့်သံကြားရသဖြင့် လှမ်းကြည့်လိုက်ရာ အခန်းဝ၌ လူတစ်ယောက်က သူ့အား ပြုံး၍ကြည့်နေသည်ကို တွေ့ရလေသည်။ ထိုလူမှာ အသက်ငါးဆယ်ဝန်းကျင်ခန့်ရှိသည်။ ဥပဓိရုပ်ကောင်းသည်။ သူ၏ကိုယ်ပေါ်တွင် တန်ဖိုးရှိသော ပိုးဖဲဖြင့် ချုပ်လုပ်ထားသောအဝတ်ကို ဝတ်ဆင်ထားလေသည်။

တိကျူက လှမ်း၍နှုတ်ဆက်လိုက်လေသည်။

'ခင်ဗျား ဘယ်သူလဲဗျ'

ထိုလူက ပြုံးပြလိုက်သည်။

'ကျုပ်က အပေါင်ဆိုင်ပိုင်ရှင် လောက်ကြီးပါ'

တိကျူက ခေါင်းညိတ်လိုက်သည်။



'ဟုတ်ကဲ့၊ ကျုပ်က တိကျူပါ'

အပေါင်ဆိုင်ပိုင်ရှင်က ပြုံးလိုက်လေသည်။

'တွေ့ရတာ ဝမ်းသာပါတယ်'

သူသည် တိကျူ ခွင့်မပြုဘဲ အခန်းထဲသို့ လှမ်းဝင်လိုက်လေသည်။

ထို့နောက် တိကျူ၏ ခုတင်ရှေ့တွင်ရှိသော ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်လေသည်။

တိကျူသည် ထိုလူ၏ပြုမူပုံကို အနည်းငယ် ဘဝင်မကျဖြစ်သွားလေသည်။

'ကိစ္စရှိလို့လားခင်ဗျာ'

သူက လေသံအေးအေးဖြင့် မေးလိုက်လေသည်။

လောက်ကြီးက....

'ကိစ္စတော့ မရှိပါဘူးခင်ဗျာ၊ ပျင်းပျင်းရှိတာနဲ့ လာခဲ့တာဖြစ်ပါတယ်'

တိကျူက ပါးစပ်ပိတ်ထားလိုက်လေသည်။

လောက်ကြီးက သူ့အား စိုက်ကြည့်လိုက်သည်။

'ခင်ဗျား ရွှေငွေကျွန်း သွားမလို့နဲ့တူတယ်'

တိကျူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

လောက်ကြီးက...

'ကိစ္စအထူးရှိလို့လား'

တီကျူက...

'ရွှေငွေကျွန်းပိုင်ရှင်က ကျုပ်ဆီကို ဖိတ်စာတစ်စောင် ပို့လိုက်တယ်၊ သူ့မှာ တခြားမပြောင်းရွှေ့သွားချင်လို့ ရွှေငွေကျွန်းကို ဈေးပေါပေါနဲ့ ရောင်းချမယ့်၊ ဒါကြောင့် အလိုရှိတယ်ဆိုရင် သူ့ဆီကိုလာပြီး ဆွေးနွေးပါလို့ ဖိတ်ကြားလိုက်တယ်၊ သူ့မှာ ငွေသုံးဖို့ အလွန်အရေးကြီးနေလို့ဈေးပေါပေါနဲ့ ရောင်းချမယ်လို့ ပြောပါတယ်'

လောက်ကြီးက ခေါင်းညိတ်လိုက်သည်။

'ဪ... ဒီလိုကိုး'

တီကျူက ပြန်မေးလိုက်သည်။

'ခင်ဗျားရော'

လောက်ကြီးက...

'ကျုပ်က အာပေါင်ဆိုင်ပိုင်ရှင် တစ်ယောက်ပါ၊ ခင်ဗျားလိုပဲ ရွှေငွေကျွန်းကိုပြောင်းဖို့—'

တီကျူ မျက်မှောင်ကုတ်သွားလေသည်။

'ကိစ္စက...'



လောက်ကြီးက...

'ကျုပ်ပဲမှာလဲ ကျွန်းပိုင်ရှင် ဝမ်လိုပန်ရဲ့ဖိတ်စာရထားလို့ပါ'

တီကျူက မျက်မှောင်ကုတ်သွားလေသည်။

'သူက ခင်ဗျားကိုဖိတ်ပြီး ဘာလုပ်မလို့လဲ'

လောက်ကြီးက...

'စာထဲမှာတော့ သူ့မှာ ငွေလိုလို့ ဘိုးဘွားအက်ဆက်က အမွေဆက်ခံရတဲ့ ကျောက်မျက်ရတနာ ပေါင်ချင်ပါတယ်တဲ့၊ အဲဒါ သူ့ရဲ့ ကျောက်မျက်ရတနာကို ဘယ်လောက် ရမယ်ဆိုတာ ကိုယ်တိုင်ကြွရောက်ပြီး အကဲဖြတ်ပေးပါလို့ ရေးထားပါတယ်'

တီကျူ ခေါင်းညိတ်လိုက်သည်။

'ကောင်းပါတယ်ဗျာ၊ ကျုပ်တို့ အဖော်ရတာပေါ့'

လောက်ကြီး က ခေါင်းခါယမ်းလိုက်သည်။

'ရွှေငွေကျွန်း သွားမယ့်လူတွေဟာ ခင်ဗျားနဲ့ကျုပ် နှစ်ယောက်တည်း မဟုတ်ဘူး'

တီကျူက...

'တခြားလူ ရှိနေသေးလို့လား'

လောက်ကြီးက...

'ရှိတာပေါ့'

တီကျူက....

'ဘယ်လောက်ရှိသလဲ'

လောက်ကြီးက....

'ကျုပ် တွေ့ခဲ့ရတာအတော့ ငါးယောက်လောက်ရှိမယ်ထင်တယ်'

တီကျူက မျက်ခမှောင်ကုတ်သွားလေသည်။

'သူတို့က ရွှေငွေကျွန်းကိုသွားကြမယ်ဟုတ်လား'

လောက်ကြီးက....

'ဟုတ်တယ်'

တီကျူက မျက်မှောင်ကုတ်သွားလေသည်။

'သူတို့က သွားပြီးဘာလုပ်ကြမလို့လဲ'

လောက်ကြီးက ပခုံးတစ်ချက် တွန့်လိုက်လေသည်။

'သူတို့လဲ သူတို့အကြောင်းနဲ့ သူတို့ပေါ့'

တီကျူက....

'တို့ဘယ်တော့သွားရမှာလဲ၊ ဆိုင်ပိုင်ရှင်ပြောတော့ ကူးတို့လှေတစ်စီး စောင့်ရဦးမယ်'

လောက်ကြီးက....



'အဲဒီလှေ ရောက်လာရင် ပိုင်ရှင်က တစ်စုတစ်ဝေးစည်း ပို့ပေးမယ်လို့ ပြောပါတယ်'

တီကျူက....

'ကူးတို့လှေ ဘယ်တော့ ရောက်လာမှာလဲ'

လောက်ကြီးက....

'ဆယ့်ငါးရက်နေ့ စောစောလို့ ပြောပါတယ်'

တီကျူက လက်ချိုးရေတွက်လိုက်သည်။

'ဟာ... ဆယ့်ငါးရက်ဆို မနက်ဖြန်ပေါ့'

လောက်ကြီးက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

သူက ထိုင်ရာမှ ထလိုက်သည်။

ထိုအချိန် ဆိုင်လုလင်က ဧည့်သည်များကို ထပ်မံခေါ်ဆောင်လာ၍ အခန်းနေရာများ ချပေးနေ၏။

တီကျူ မျက်မှောင်ကုတ်သွားလေသည်။

'ဟောဗျာ... ဧည့်သည်တွေ ထပ်ရောက်နေပါလား'

လောက်ကြီးက ပြုံးလိုက်လေသည်။

'ဟုတ်တယ်ဗျို့'

တီကျူက...

'သူတို့ရဲ့ ရွှေငွေကျွန်းကို သွားကြမလား မသိဘူး'

လောက်ကြီးက....

'ဟုတ်လိမ့်မယ်ထင်တယ်'

တီကျူက သက်ပြင်းတစ်ချက်ချလိုက်သည်။

'အင်း....ဒီလိုဆိုရင် ရွှေငွေကျွန်းအတော့ တကယ့်ကို စည်ကားတော့မှာပဲ'

လောက်ကြီးက—

'ကဲ...ခင်ဗျား ခရီးပန်းလာတယ်၊ ခဏ နားလိုက်ဦး၊ နောက်ရောက်လာမယ့်ခရီးသည်တွေ ဘယ်သူတွေလဲဆိုတာစုံစမ်းလိုက်ဦးမယ်'

တီကျူက....

'ကောင်းတယ်၊ သူတို့က ရွှေငွေကျွန်း သွားကြမှာဆိုရင် ဘယ်သူတွေလဲဆိုတာ စပ်စုခဲ့ပါဦးဗျာ'

လောက်ကြီးက ခေါင်းညိတ်ပြလိုက်သည်။

'စိတ်ချ၊ ကျုပ်ရတဲ့သတင်းကို ပြန်ပြောပြပါ့မယ်'

သူသည် အခန်းထဲမှ ထွက်ခွာသွားလေသည်။



တီကျူသည် တံခါးခေါက်သံ ကြားလိုက်ရသောအခါမှ အိပ်ရာမှ ထလာလေသည်။

သူက မျက်လုံးဖွင့်ကြည့်လိုက်သောအခါ အခန်းတစ်ခုလုံး ာ မှောင်မည်းနေ၏။

ညမှောင်လာပြီဖြစ်သည်။

'မနိုးသေးဘူးလားမိတ်ဆွေ'

လောက်ကြီး၏အသံဖြစ်သည်ကို မှတ်မိလိုက်လေသည်။

'နိုးပါပြီဗျာ၊ လာခဲ့ပါ'

တီကျူက အခန်းတံခါးကို ဖွင့်ကြည့်လိုက်လေသည်။

သူ၏လက်ထဲတွင် မီးထွန်းထားသော ဖယောင်းတိုင်တစ်တိုင် ပါလာလေသည်။

'မိတ်ဆွေအားလုံး အောက်မှာထမင်းစားနေကြပြီ၊ ခင်ဗျား ...င်းမစားသေးလို့ ကျုပ်လာခေါ်တာ'

တီကျူက....

'ကျုပ်က အိပ်ပျော်သွားလို့ဗျ'

သူက အပေါ်အင်္ကျီချုံ၍ လောက်ကြီးနှင့်ဆင်းသွားကြလေသည်။

ထမင်းစားခန်း၌ စားပွဲငါးလုံးရှိသည်။

လူများသည် နှစ်ယောက်စီခိုင်းထိုင်နေသည်ကို တွေ့ရလေသည်။

စားပွဲနှစ်လုံးလွတ်နေ၏။

တိကျူနှင့်လောက်ကြီးတို့သည် ချောင်ကျကျစားပွဲတစ်လုံး ရှိရာသို့ သွားရောက်ထိုင်ချလိုက်လေသည်။

စားပွဲ၏အလည်တည့်တည့်မှာ ကြီးမားသောဖယောင်းတိုင် ထွန်းညှိထားလေသည်။

ဟင်းလျာများ စုံလင်လှပေသည်။ ထို့အပြင် ထစ်မျက်စိမ်း အရက်တစ်မျိုး ပါရှိသေး၏။

သူတို့သည် ဗိုက်ဆာသဖြင့် စကားမပြောနိုင်ကြသေးဘဲ စားသောက်ကြလေသည်။

အရက်တစ်အိုး ကုန်ခန်းသွားပြီး ထမင်းများမှာလည်း အကြွင်းကျန်သာ ရှိတော့သောအခါ သူတို့သည် စကားပြောရန် သတိရလာကြလေသည်။

တိကျူက အသံတိုးတိုးဖြင့်....

'ခင်ဗျားစပ်စုခဲ့သေးသလားဗျ'

လောက်ကြီးက...

'ဘယ်နေပါ့မလဲ'

တိကျူက....



'ကဲ...ပြောပြစမ်းပါဦးဗျာ'

လောက်ကြီးက....

'ငါတို့ဦးဆုံး ရောက်လာတာက ခြောက်ယောက်၊ နောက်ထပ်တစ်ယောက်ရောက်လာတယ်။ သူတို့လဲ ရွှေငွေကျွန်းသွားမယ်လို့သိရတယ်'

တိကျူက....

'သူတို့က ဘယ်သူတွေလဲ'

လောက်ကြီးက....

'တစ်ယောက်ကတော့ အသက်ကြီးကြီးပဲ၊ ငွေချေးဌာနပိုင်ရှင် ထိုက်ရှင်ကျော်လို့ပြောတာပဲ'

တိကျူက—

'သူက ဘာသွားလုပ်မှာလဲ'

လောက်ကြီးက....

'သူက ငွေချေးပိုင်ရှင်ဆိုတော့ ကျွန်းပေါ်က အိမ်သားပစ္စည်းတွေ၊ အပေါင်ခံငွေချေးဖို့ဖြစ်မှာပေါ့'

တိကျူက ရယ်ချမောသိုက်စသည်။

'ခင်ဗျားက အပေါင်ဆိုင်ပိုင်ရှင်၊ ငွေချေးဌာနပိုင်ရှင်၊ ခင်ဗျားတို့နှစ်ယောက်တော့ တွေ့ကြပြီ၊ ပွဲကြီးပွဲကောင်းပဲ'

လောက်ကြီးချေပပြောဆိုခြင်း မပြုပါ။

‘နောက်တစ်ယောက်က လူငယ်ဗျ၊ မြင်၊ သည်တော်ဗိုလ်မှူးဟောင်းပဲ၊ နာမည်ကတော့လှပါတယ် ရှောင်ဖုန်းတဲ့’

တိကျူက—

‘သူက ကျွန်းကလေးပေါ် ဘာသွားလုပ်မှာလဲ’

လောက်ကြီးက—

‘သူ့ လက်ရှိအလုပ်ရှိတယ်၊ ရွှေငွေကျွန်းမှာလုံခြုံတဲ့တာဝန်ထမ်းဆောင်ချင်လို့နဲ့တူတယ်’

တိကျူက အနည်းငယ်ပြုံးလိုက်သည်။

‘နေပါဦး၊ အခုတော့ လေးယောက်အကြောင်း သိပြီ၊ ကျန်ရှိတဲ့သေးယောက်က ဘယ်သူများပါလိမ့်’

လောက်ကြီးက အနည်းငယ်စဉ်းစားလိုက်သည်။

ထို့နောက် စားပွဲတစ်လုံးတွင်ထိုင်ကာ စားသောက်နေသော မိန်းကလေးတစ်ယောက်အား လက်ညှိုးထိုးပြလိုက်သည်။

‘ဟူက ကြေးစားအလှမယ် လုလုချန်းတဲ့၊ သူနဲ့အတူတူထိုင်နေတာက သာမားတော်ကြီး ဝါတို၊ ဝဝပုပုနဲ့ လူကတော် ငွေလမင်းလောင်းကစားပိုင်ရှင် ချူုရင်ထုံပါ၊ ဟိုဘက်အစွန်ဆုံးစားပွဲမှာထိုင်နေတာကတော့ အားကာသားမှူး ယောင်းဖုဝ်တို့ဖြစ်ပါတယ်’

တိကျူက ရေတွက်လိုက်လေသည်။



‘ဒါဖြင့် ရွှေငွေကျွန်းသွားမယ့်လူ စုစုပေါင်းရှစ်ယောက်ရှိတာပေါ့’

လောက်ကြီးက ခေါင်းညိတ်လိုက်သည်။

‘ဟုတ်တယ်၊ ရှစ်ယောက်’

ထိုအချိန် ဆိုင်ပိုင်ရှင်က ထမင်းစားခန်းထဲလှမ်းဝင်လာလေသည်။

‘ရွှေငွေကျွန်း သွားရောက်မည့် ခရီးသည်များ ခင်ဗျား၊ ဆ ဆိတ် ကျွန်တော်ပြောမှာကို နားထောင်ပါခင်ဗျာ၊ မနက်ဖြန် ဆယ့်ငါးရက်ဖြစ်ပါတယ်၊ ကျုပ်တို့လှေတစ်စီးက မနက်ဖြန် စောစော ဆိပ်ကမ်းနားရောက်နေမှာဖြစ်တယ်။ ဒါကြောင့် စောစောအနားယူကြပြီး စောစောအသင့်ရှိဖို့ပြောရခြင်း ဖြစ်ပါတယ်’

သူ၏စကားဆုံးသည်နှင့်၊ ခရီးသည်အားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြလေသည်။

ဆိုင်ပိုင်ရှင်က လက်ကာပြလိုက်လေသည်။

‘လူကြီးမင်းများခင်ဗျာ၊ မသိတာမရှင်းတာရှိရင် မေးနိုင်ပါတယ်’

ထို အချိန် လုလုချန်းအမည်ရှိ မိန်းကလေးက မေးခွန်းထုတ်လိုက်လေသည်။

‘ကျေးဇူးပြုပြီး ကျွန်မမရှင်းတာတစ်ခုကို မေးခွင့်ပြုပါ’

ဆိုင်ပိုင်ရှင်က ခေါင်းညိတ်လိုက်သည်။

'မေးပါ၊ မေးနိုင်ပါတယ်'

လုလုချန်းက....

'ရွှေငွေကျွန်းသွားမယ့် ခရီးသည်တွေဟာ အခုလောက်ရှိနေတဲ့ လူရှစ်ယောက်ပဲလား၊ တခြားလူများ ကျန်သေးသလားရှင်'

ဆိုင်ပိုင်ရှင်က....

'ကျွန်းပိုင်ရှင် ဝမ်လီပန်က ဒီကိစ္စကို ကျုပ်ကို အာဝါဒပေးတဲ့အခါ လူကိုးယောက်သို့ စာရင်းပေးခဲ့ပါတယ်၊ အခုချိန်အထိ ရှစ်ယောက်ပဲရှိလို့ တစ်ယောက်တော့ အချိန်မီရောက်အောင်မှာ မဟုတ်တော့ပါဘူး'

လုလုချန်းက ထပ်မံမေးလိုက်သည်။

'လူကြီးမင်းပြောတဲ့အတိုင်းဆိုရင် ကျွန်းပိုင်ရှင်က သူဖိတ်ကြားထားတဲ့ နာမည်စာရင်းကို လူကြီးမင်းကိုပေးထားသလား'

ဆိုင်ပိုင်ရှင်က...

'ဟုတ်ပါတယ်၊ ပေးထားပါတယ်'

လုလုချန်းက...

'ဒါဖြင့် ကျန်တစ်ယောက်က ဘယ်သူများပါလိမ့်'

ဆိုင်ပိုင်ရှင်က....



'တရုတ်လူကြီး ဟောင်း ပေါက်ကုန်းပါ'

လုလုချန်းက...

'အခုလို ပြောပြပေးတာ ကျေးဇူးတင်ပါတယ်ရှင်'

ထို့နောက် ခရီးသည်များတို့သည် အနားယူကြရန် မိမိ၏ အခန်းရှိရာသို့ အသီးသီး ထွက်ခွာသွားကြလေသည်။

* * *

နောက်တစ်နေ့နံနက်...

မိုးမလင်းသေးပါ။ ဆိုင်လုလင်များက ခရီးသည်များ၏ အခန်းတံခါးကိုလိုက်၍ ခေါက်နေ၏။

'ရွှေငွေကျွန်းသွားမယ့် လူကြီးမင်းတို့ ခရီးထွက်ဖို့ထကြပါခင်ဗျာ'

ခရီးသည်များတို့သည် အိပ်ရာမှ နိုးထကြကုန်သည်။

သူတို့သည် အဝတ်အစားများလဲပြီးနောက် အထုပ်အပိုးများဆွဲ၍ အောက်ထပ်သို့ ဆင်းလာကြလေသည်။

ဆိုင်ရှင်က သူတို့အားဆီး၍ ကြိုဆိုလိုက်လေသည်။

'လူကြီးမင်းတို့ သွားလမ်းထဲမှာ မနက်စာအတွက် အစားအသောက်စီစဉ်ထားပြီးပါပြီ၊ စိတ်အေးလက်အေး သုံးဆောင်ကြပါ၊ ကူးတို့လှေလာရင် အကြောင်းကြားပါမယ်'

ခရီးသည်များတို့သည် ဆိုင်ရှင်၏ သဘောကို နားလည် လိုက်ကြလေသည်။

လှလုံချန်း မေးလိုက်လေသည်။

'ကျွန်မတို့အခန်းခနဲ့ စားသောက်စရိတ် ဘယ်လောက်ပေး မှာလဲ'

ဆိုင်ပိုင်ရှင်က....

'ကျုပ်အနေနဲ့ ဧည့်သည်အားလုံးကို တစ်ပုံစံတည်းကျေ မွေးဧည့်ခံတဲ့အတွက် လူတင်ယောက်ကို ငါးကျပ်နှုန်းပဲပေးပါ'

လှလုံချန်းက....

'ကူးတို့လှေအတွက်ရောပေးရမှာလား'

ဆိုင်ရှင်က ခေါင်းခါယမ်းလိုက်သည်။

'မပေးရပါဘူး၊ ဒါက ကျွန်ုပ်ပိုင်ရှင်က ကြိုဖို့စီစဉ်ထားတာ ဖြစ်ပါတယ်'

ခရီးသည်အားလုံးက ငွေငါးကျပ်စီထုတ်၍ စားပွဲပေါ် တင်ထားလိုက်လေသည်။

ကျွန်းကလေးဆီသို့

---

နေရောင်ခြည်သည် ထွက်ပေါ်လာပြီဖြစ်သည်။

နေပြင်တစ်ခုလုံးမှာ ငြိမ်သက်၍နေ၏။ နေရောင်ခြည် အောက်တွင် ကျွန်းကလေးမှာ လှပစွာ မြင်တွေ့ရလေသည်။

ထိုအချိန် ကူးတို့လှေတစ်စင်းသည် တဖြည်းဖြည်းရွေ့လျား လာသည်ကို မြင်တွေ့ရလေသည်။

တစ်ခဏအကြာတွင် ကူးတို့လှေသည် ဆိပ်ခံတံတားသို့ဆိုက် လာလေသည်။

ခရီးသည်များတို့သည် လှုပ်လှုပ်ရွရွ ဖြစ်လာကုန်ကြလေ သည်။

ဆိုင်ရှင်က ကြေညာလိုက်သည်။

'ရွှေငွေကျွန်းသို့ရောက်ကြမယ့် ခရီးသည်တို့ခင်ဗျား၊ ကူးတို့လှေ ဆိုက်ကပ်လာပါပြီ၊ ဒါကြောင့် ကူးတို့လှေပေါ်ကို တက်နိုင်ကြပါပြီ'

ခရီးသည်ရှစ်ယောက်တို့သည် မိမိတို့၏ အထုပ်အပိုးများကိုဆွဲကာ ကမ်းနားကြီးကို ဆင်း၍ ဆိပ်ကမ်းတံတားရှိရာသို့ သွားကြလေသည်။

ထို့နောက် တံတားပေါ်သို့တက်၍ ဆိုက်ကပ်ထားသော ကူးတို့လှေပေါ်သို့ တက်သွားကြကုန်လေသည်။

ဆိုင်ပိုင်ရှင်ကိုယ်တိုင်က လိုက်လံ ပို့ဆောင်နေရာချထားပေးလေသည်။

ခရီးသည်အားလုံးတို့က ကူးတို့လှေပေါ်၌ နေရာအကျအသိုင်ပြီးကြသောအခါ ဆိုင်ပိုင်ရှင်က ထပ်မံကြေညာလိုက်လေသည်၊

'ခရီးသည် လူကြီးမင်းတို့ခင်ဗျား ကျွန်းပိုင်ရှင် ဖိတ်ကြားထားတဲ့ ဧည့်သည်ကိုးယောက်ရှိပါတယ်၊ အခုရှစ်ယောက်ပဲ ရောက်ရှိကြပါပြီ၊ တစ်ယောက်တော့ ကျန်ပါသေးတယ်၊ ဒါကြောင့် မွန်းတည့်ချိန်ရောက်မချင်း ကျန်တဲ့ ခရီးသည်တစ်ယောက်ကို စောင့်ရဦးမယ်'

ထိုအချိန် သမားအောင်ကြီးဝါတို့က ထ မေးလိုက်လေသည်။

'အကယ်လို့ မွန်းတည့်ချိန်ကျော်လွန်ပြီး ကျန်ရှိတဲ့ ခရီးသည်ရောက်မလာရင် ကျုပ်တို့အသက်ပြီး စောင့်နေရမှာလား'



ဆိုင်ပိုင်ရှင်က ပြုံးပြလိုက်လေသည်။

'မွန်းတည့်ချိန်ကကျော်လွန်မှ ရောက်မလာရင်တော့ စောင့်စရာမလိုတော့ပါဘူး၊ ဒါပေမယ့် ကျန်ရှိတဲ့ခရီးသည်လဲ သူမီအောင်ကြိုးစားလာပါလိမ့်မယ်လို့ ကျုပ်ယုံကြည်ပါတယ်'

သမားအောင်ကြီးဝါတို့က ပြန်လည် ထိုင်ချလိုက်လေသည်။

ဆိုင်ပိုင်ရှင်က လှေထိုးသားကို မှာကြားလိုက်လေသည်၊

'မွန်းတည့်ချိန်ကထိတော့ ခင်ဗျား စောင့်ပါ၊ မွန်းတည့်ချိန်ကျော်သွားတာနဲ့ ခင်ဗျားမှာ တာဝန်မရှိတော့ဘူး၊ ထွက်ခွာနိုင်ပါတယ်'

လှေထိုးသားက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့'

ဆိုင်ပိုင်ရှင်သည် ခရီးသည်အားလုံးတို့ကိုလက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်လေသည်။

'အခုလို လူကြီးမင်းများက ကျွန်တော့်ဆိုင်ကို လာပြီး အားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ လူကြီးမင်းများ အားလုံး အောင်မြင်ပါစေလို့ ကျုပ် ဆန္ဒပြုလိုက်ပါတယ်'

သူက လက်တစ်ချက်ဝှေ့ယမ်းပြလိုက်လေသည်။

'ကဲ...အားလုံး ကျုပ်က အလုပ်လုပ်စရာရှိသေးလို့ ပြန်ခွင့်ပြုပါ'

ဧရိးသည်များက သူ့အား အကဲခတ်ဟန်ဖြင့် ကြည့်ပြလိုက်သည်။ လုလုချင်းက လှမ်းအော်လိုက်သည်။

'အခုလို အစစအရာရာ လိုအပ်ဆေးမရှိအောင် ကူညီစောင့်ရှောက်ပေးတာကို အားလုံးကိုယ်စား ကျွန်မက ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်ပါရစေ'

ဆိုင်ပိုင်ရှင်က ရယ်မောရင်း လှည့်ပြန်သွားလေသည်။

* * *

နေလုံးကြီးသည် တောင်းစာင်ပေါ်၌ ရောင်ခြည်များ စောစက်ပနေ၏။

ကျောင်းဆောင်တစ်ခုလုံးမှာ တိမ်တိုက်တိမ်လိပ်များ ကင်းရှင်းပြီး လှပနေ၏။

အလွန်သာယာလှသော ရာသီဥတုဖြစ်သည်။

လေတိုက်ခတ်ခြင်း မရှိသောကြောင့် ရေပြင်တစ်ခုလုံးမှာ ငြိမ်သက်၍နေ၏။

ဧရိးသည်များတို့သည် ကျန်ရှိသောဧရိးသည်များကို စောင့်ရင်း စိတ်မရှည်နိုင်ကြတော့ပါ။

ထိုနောက်ကျသော ဧရိးသည်အား ပြစ်တင်ပြောဆိုကြလေသည်။



ထိုအခါ ရဲမက်မှူးတောင်း ပုတိုက လက်အောပြလိုက်လေသည်။

'အပြစ်မတင်ကြပါနဲ့တော့ဗျာ၊ သူလဲပဲ အကြောင်းတစ်ခုခုကြောင့် နောက်ကျတာ ဖြစ်မှာပေါ့၊ သူ မရောက်လာရင် အချိန်တန်တော့ ကျုပ်တို့ မစောင့်တော့ဘဲ ထွက်ရမှာပါ၊ နောက်ပြီး ကျွန်းကလေးက ဝေးလှတာ မဟုတ်ပါဘူး၊ ခဏလေးဆို ရောက်သွားမှာပါ'

လှေထိုးသားက ခေါင်းခါယမ်းလိုက်သည်။

'ပြောလို့မရဘူး၊ ဒီကျွန်းကလေးတစ်ဝိုက်မှာ ရာသီဥတုဟာ အပြောင်းအလဲ အလွန်မြန်တယ်ဗျ၊ အခုသာယာနေပေမယ့် အခုချက်ချင်း လေတိုက်ခတ်လာပြီး လှိုင်းတံပိုး ထန်လာတတ်ပါတယ်'

မြင်းသည်တော် ဗိုလ်မှူးသေးဟောင်း ရှောင်ဖုန်းက ရယ်မောလိုက်သည်။

'ဒီလောက်တောင်ပဲလား'

လှေထိုးသားက....

'ကျုပ်ပြောတာ နည်းသေးတယ်၊ ဒီဒေသရဲ့ ရာသီဥတုဟာ တယ်လိုမှ ခန့်မှန်းလို့မရဘူး၊ ရာသီဥတု ဆိုးဝါးလာပြီဆိုရင် လေပြင်းကိုက်တယ်၊ မိုးကြီးတတ်တယ်၊ လှိုင်းတံပိုးလဲ ကြောက်စရာ ကောင်းလောက်အောင် ဖြစ်ပေါ်လာတတ်ပါတယ်၊ တစ်ခါတလေ ဆယ့်ရက် အရက်နှစ်ဆယ်လောက် အဆက်မပြတ်

ရာသီဥတုဆိုးဝါးပြီး တစ်ခါတလေ တစ်သလုံးလုံး ရာသီဥတု သာယာတတ်ပါတယ်'

ရဲခက်မှူးဟောင်းပုဂ္ဂိုလ်က ခေါင်းခါယမ်းလိုက်သည်။

'ဒီအတိုင်းဆိုရင် ဒီကျွန်းကလေးပေါ်မှာ နေထိုင်တဲ့လူတွေ တယ်လောက်ကြာကြာ နေနိုင်တော့မှာလဲ'

သူတို့သည် စကားပြောနေစဉ်မှာပင် အပေါ်ဆိုင်ပိုင်ရှင် စောင့်ကြီးက ထ၍အော်လိုက်သည်။

'ဟိုမှာ လူတစ်ယောက် ပြေးလာနေတယ်ဟေ့'

ဧရီသည်အားလုံးတို့သည် ကုန်းပေါ်သို့ လှမ်းကြည့်လိုက်ရာ လူတစ်ယောက်သည် လေတွာဝယ်တစ်လုံးကိုဆွဲလျက် တံတား ရှိရာသို့ ပြေးတက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူသည် ကူးတို့လှေပေါ်သို့ တက်လိုက်ပြီး ထိုင်ချလိုက်သည်။

ထို့နောက် အင်္ကျီအိတ်ထဲမှ မျက်နှာသုတ်ပဝါတစ်ထည်ကို ဆွဲထုတ်လိုက်ပြီး ချွေးများကို သုတ်လိုက်လေသည်။

ထို့နောက် ဒေးပူဘစ်ချက် ဟူးခနဲမှုတ်လိုက်သည်။

'တော်ပါသေးရဲ့၊ အချိန်မီလိုက်လို့'

မြေပိုင်ရှင်တိကျူးက သူ့အား အကဲခတ် ကြည့်လိုက်သည်။ ထိုလူမှာ အသက်ခြောက်ဆယ်ဝန်းကျင်ခန့်ရှိသည်။



ဥယျာဉ်ရှပ်ကောင်းသည်။

'ခင်ဗျားသဲ့ ရွှေငွေကျွန်းကို သွားမလို့လား'

ထိုလူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ခင်ဗျားတို့ကော ရွှေငွေကျွန်းကို သွားကြမလို့ မဟုတ်လား'

မြေပိုင်ရှင်တိကျူးက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်တယ်၊ ခင်ဗျားက ဘယ်သူလဲ'

'နောက်မှလှူချည်လေ'

ထိုလူက အားတုံ့အားနာ ဖြစ်သွားလေသည်။

'ကျုပ်က တရားသူကြီးဟောင်း ပေါက်ကုန်းပါ'

သူတို့ စကားပြောနေစဉ် လှေထိုးသားသည် ကူးတို့လှေအား တံတားမှခွာလိုက်လေသည်။

ထို့နောက်ရွက်ထည်ကို ဆွဲထုတ်လိုက်သည်။

ကူးတို့လှေသည် တရွေ့ရွေ့ဖြင့် ကျွန်းကလေး ရှိရာသို့ ဦးအည်ထွက်သွားလေတော့သည်။

• • •

ကူးတို့လှေသည် ကျွန်းကလေးသို့ ဆိုက်ကပ်လိုက်ပြီ ဖြစ်သည်။

ထိုအချိန်နေလုံးကြီးမှာ အနောက်ဘက်သို့ငုပ်ဆင်းစပြုနေပြီ ဖြစ်သည်။

လှေသိုးသားသည် ခရီးသည်များ ကုန်းပေါ်သို့ တက်သွားသည်နှင့် အနည်းငယ်မျှ ဆိုင်းသွားခြင်းမရှိဘဲ ကျွန်းကလေးမှ လျင်မြန်စွာ ထွက်ခွာသွားလေသည်။

ခရီးသည်ကိုးယောက်တို့သည် သဲသောင်ပြင်ကမ်းစပ်၌ အထုပ်အပိုး ကိုယ်စီဆွဲကာ လာရောက်ကြိုဆိုမည့်လူကို စောင့်မျှော်ကြလေသည်။

သို့သော် အချိန်အတော်ကြာသွားသည်တိုင်အောင် လာရောက် ကြိုဆိုသောလူ တစ်စုံတစ်ယောက်မျှ မတွေ့ရပါ။

ရဲမက်မှူးဟောင်းပုတိုက စိတ်မရှည်နိုင်တော့ပါ။

‘ငါတို့ ရောက်လာတာကို အိမ်ရှင်က မသိလို့ ဖြစ်ပါလိမ့်မယ်၊ ငါတို့သွားကြပါစို့’

သူသည် အထုပ်ကလေးကို ပခုံးပေါ် လွှဲတင်လိုက်ပြီး အဆောက်အအုံရှိရာသို့ ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားလေသည်။

ကျန်ရှိသော လူများက သူ့နောက်မှ လိုက်သွားကြလေသည်။



ထိုအဆောက်အအုံသည် ကမ်းစပ်သဲသောင်ပြင်နှင့် ကိုက်နှစ်ရာခန့်သာ ကွာဝေးသည်။

တောင်ပူစာ တစ်ခုပေါ်၌ တည်ဆောက်ထားသော အဆောက်အအုံဖြစ်သည်။

ယင်းအဆောက်အအုံသည် ကြီးကျယ်ခမ်းနားသည့် ဟော်တယ်ဆောင်လည်း အလွန်ခံ့ပြီး လှပစွာ တည်ဆောက်ထားခြင်းဖြစ်သည်။

အဆောက်အအုံမှာ ပြတင်းပေါက်များစွာ ရှိသည်ကိုလည်း တွေ့ရှိရသည်။

ရဲမက်မှူးဟောင်းပုတိုက လှမ်းအော်လိုက်သည်။

‘အိမ်ရှင်တို့’

သူက လျှောက်သွားရင်း လှမ်းအော်လိုက်သည်။

အိမ်ကြီးတစ်ခုလုံးမှာ တိတ်ဆိတ်နေ၏။

တစ်စုံတစ်ယောက်မှ ထွက်လာခြင်း မရှိပါ။

ရဲမက်မှူးဟောင်းပုတိုက အခန်းတံခါးကို ခေါက်လိုက်လေသည်။

‘အိမ်ရှင်တို့....အိမ်ရှင်တို့’

သို့သော် အိမ်ကြီးထဲ၌ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေ၏။

ရဲမက်မှူးဟောင်းက တံခါးကို တွန်းကြည့်သည်။

အတွင်းမင်းတုပ် ချထား၍ ပွင့်သွားလေသည်။

ရဲမက်မှူးယောင်းက နောက်သို့ လှည့်ခေါ် လိုက်လေသည်။

'ဝင်ကြလေ...ဘာရပ်နေကြတာလဲ'

သူ့နောက်သို့ မြင်းသည်ခေါင်း ဗိုလ်ဆေးရှောင်ဖုန်းက ဝင်လိုက်သွားသည်။

ထို့နောက်ကျန်ရှိသူများသည် တစ်ယောက်ပြီး တစ်ယောက် ဝင်သွားကြလေသည်။

သူတို့သည် အိမ်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် ညှော်ခန်းကို တွေ့မြင်လိုက်ရလေသည်။

ညှော်ခန်း၏ အလယ်ဗဟိုတွင် ရှည်လျားသော စားပွဲ တစ်လုံး ရှိသည်။

စားပွဲတစ်ဖက်တစ်ချက်တွင် ကုလားထိုင်လေးလုံး အစီအရီ ချထားသည်။

စားပွဲတစ်ဖက်စွန်းတွင် ကုလားထိုင်တစ်လုံးစီ ချထားသည်

စုစုပေါင်းကုလားထိုင်ကိုးလုံးဖြစ်သည်။

စားပွဲအား ဖြူဖွေးသောစားပွဲခင်း ခင်းထားလေသည်

စားပွဲ၏ အလယ်တည့်တည့်တွင် ဖယောင်းတိုင်ကြီးများ ထွန်းညှိရန် ကြေးမီးတိုင်သုံးခု အစီအရီထားရှိသည်။



ယင်းကြေးတိုင်ပေါ်၌ မထွန်းညှိရသေးသော တစ်ပေခန့် ရှည်သော ဖယောင်းတိုင်ကြီးများ စသည့်စိုက်ထားသည်ကို တွေ့ရလေသည်။

စားပွဲပေါင်းရှည်ကြီးမှာ စာအိတ်များအထပ်လိုက်ချထားသည်ကို တွေ့မြင်လိုက်ရလေသည်။

ရဲမက်မှူးယောင်း ပုဘိုက မထိုင်သေးပါ။

သူသည် အခန်းတစ်ခုလုံးသို့ လှည့်လည် ကြည့်ရှုနေသည်။

ကျန်ရှိသော လူများတို့သည် သူ့နောက်မှလိုက်၍ အိမ်ကြီး၏ အခြေအနေကို လှည့်ပတ်ကြည့်ရှုနေကြလေသည်။

ယင်းအိမ်ကြီးသည် အပြင်ဘက်မှကြည့်လိုက်ပါလျှင် ရိုးရိုး အိမ်ဟု ယင်မှတ်မိကြမည်ဖြစ်သော်လည်း အိမ်ထဲသို့ရောက်ရှိပြီး လှည့်ပတ်ကြည့်ရှုလိုက်သောအခါ ယင်းအိမ်ကြီး၏တည်ဆောက်ပုံနှင့် အခန်းအထားအသိုအားလုံးတို့မှာ ရဲတိုက်ကြီးသဖွယ်ရှိနေသည်ကို တွေ့ရသည်။

မီးပိုဆောင်မှာသည်း ကျယ်ဝန်းလှ၏။

မီးဖိုဆောင်နှင့် ကြေးမီးကြီးမှစ ရေတွင်းတစ်ခုရှိသည်။

အလွန်သန့်ရှင်းသောရေများ ပြည့်နှက်နေ၏။

ထို့နောက် သူတို့မြေအောက်ခန်းတစ်ခု ရှိနေသည်ကို တွေ့ရလေသည်။

ထို့ကြောင့် မြေအောက်ခန်းသို့ ဆင်းကြပြန်လေသည်။ ယင်းမြေအောက်ခန်းတွင် အကန့်နှစ်ခု ပိုင်းခြားထား

သည်။

အပြင်အကန့်မှာ အရက်စည်များအစီအရီရှိ၏။

သခင်မကြီး ဝါတိုက ကြည့်လိုက်သောအခါ မွှေး

သော အရက်များကို အပြည့်တွေ့လိုက်ရလေသည်။

ထိုလူက ရယ်မောလိုက်သည်။

'ဟာ...ရေစည် မဟုတ်ဘူး၊ အရက်အပြည့်ရှိတဲ့ ရေစ

ကြီးကွ'

ရဲမက်မှူးဟောင်းက ရယ်မောလိုက်သည်။

'ဟန်ကျတာပဲ၊ ငါ့အခုမှ အရက်အဝ သောက်ရတော့မှာပဲ

သူတို့သည် အနောက်ဘက်အခန်းထဲသို့ ဝင်ရောက်သွားပြ

လေသည်။

ယင်း အခန်းတစ်ဖက်တစ်ချက်တွင် အလောင်းထားသော

ခေါင်းများအစီအရီရှိနေသည်ကို တွေ့လိုက်ရလေသည်။

ခေါင်းများ၏ ထိပ်ပိုင်းတွင် လူသေအလောင်း၏ အမည်

အသက်၊ ကွယ်လွန်သောခုနှစ်များကို ရေးသားထားသည်။

ရဲမက်မှူးဟောင်းက ခေါင်းခေါ်ယမ်းလိုက်လေသည်။



'မဟုတ်မှလွဲရော ဒီကျွန်းပိုင်ရှင်ဟာ ရဲတိုက်မြို့စားကြီးဖြစ်နိုင်တယ်၊ ဒါကြောင့် သူတို့ ဘိုးစဉ်ဘောင်ဆက်သေဆုံးသွားတဲ့လူကို ဒီအတိုင်းသိမ်းဆည်းထားတာ ဖြစ်ရမယ်'

သူတို့သည် ညာဘက်သို့ လှည့်ကြည့်လိုက်သောအခါ ညာဘက်စင်ပေါ်တွင် ခေါင်းများအစီအရီချထားသည်ကို တွေ့ရလေသည်။

ယင်းခေါင်းများထဲမှာ လူသေအလောင်းမရှိပါ။

ခေါင်းများအလည်း မကြာမီအချိန်က ပြုလုပ်ထားဟန်တူ၏။

ထိုအချိန် အပေါင်ဆိုင်ပိုင်ရှင်လောက်ကြီးအသံ စူးရှစွာထွက်ပေါ်လာလေသည်။

'ဟေး ဗျာ... ခေါင်းကိုးလုံးပါလား'

မြေပိုင်ရှင်တိကျူက....

'ခေါင်းကိုးလုံး တနဖြစ်လဲ၊ ဘာကြောင့် အထိတ်တလန့်အော်နေရတာလဲ'

လောက်ကြီးက....

'ခေါင်းကိုးလုံး....ငါတို့ကိုးယောက်လေ'

သူ၏စကားကြောင့် အားလုံးက ထိတ်ခနဲဖြစ်သွားကုန်ကြလေသည်။

မြေအောက်ခန်း၌ နဂိုအေးစိမ့်နေသဖြင့် ယခု သူတို့သည် ကျောပြင်တစ်ခုလုံး အေးစိမ့်သွားသည်အထိ ခံစားလိုက်ရသေးသည်။

မြပိုင်ရှင်တီကျူးက....

'ကဲ...အပေါ်တက်ကြပါစို့၊ ဒီမှာကြာကြာနေရင် ငါတို့ အလိုလို လူသေကောင်အလောင်းဖြစ်ကုန်ကြလိမ့်မယ်'

သူတို့သည် ခြေလှမ်းကျဲကျဲဖြင့် အပေါ်သို့ တက်သွားကြလေသည်။

ထို့နောက် အိမ်ကြီးဘယ်ဘက်သို့ သွား၍ရောက်ကြည့်ရှုသည်။

ထိုနေရာမှာ အိပ်ခန်းများ အစီအရီတန်းစီ၍ ရှိနေသည်ကို တွေ့ရှိရလေသည်။

တန်းအိပ်ခန်းများသည် တစ်ဖက်ငါးခန်းစီ ဖွဲ့ထားခြင်း ဖြစ်သည်။

နှစ်ဖက်အိပ်ခန်း၏ အလယ်တွင် ဆယ်ပေခန့်ကျယ်သော စင်္ကြံလမ်းတစ်ခု ရှိသည်။

သူတို့သည် အခန်းများကို တွန်းဖွင့်ကြည့်ရာ အခန်းတိုင်းမှာ ခုတင် စားပွဲ ကုလားထိုင် စသည်များ ရှိနေသည့်အပြင် ခေါင်းအုံး၊ မွေ့ရာ၊ စောင် စသည်များနှင့် ကျကျနနအသင့် ပြင်ထားသည်ကို တွေ့ရသေးသည်။



သူတို့သည် မိမိတို့အထုပ်အပိုးများကို မိမိအိပ်ရမည့် အခန်းထဲ၌ ထားခဲ့ကြလေသည်။

ရဲမက်မှူးဟောင်း ပုတိုက....

'ကဲ...ငါတို့ကြည့်ဖို့ မီးဖိုဆောင်ပဲလိုတော့တယ်၊ သွားကြည့်ကြရအောင်'

သူတို့သည် မီးဖိုဆောင်ဘက်ရှိရာသို့ သွားကြည့်ကြပြန်လေသည်။

မီးဖိုဆောင်ထဲတွင် ဒန်၊ ဆီ၊ ဆား စသည်တို့ ပြည့်စုံနေသည့်အပြင် ဆိတ်သားခြောက်၊ ငါးကြော်ခြောက်များ၊ အမဲသားခြောက်များ အပြည့်အစုံရှိနေသည်ကို တွေ့ရသေးသည်။

ရဲမက်မှူးဟောင်းက....

'ဟော့...ငါတို့ စားစရာအတွက် မပူရတော့ဘူး၊ ဒီကရှိတဲ့ ပစ္စည်းတွေ တစ်လမက စားလို့ရတယ်ကွ'

သူတို့သည် ရယ်မောရင်း ညီခန်းရှိရာသို့ ပြန်လည်လျှောက်သွားကြလေသည်။

သူတို့သည် စားပွဲရှည်ရှိရာသို့ ရောက်သွားသောအခါ ပြိုင်တူထိုင်ချလိုက်ကြသည်။

ထို့နောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ပြုံးမိကြသေးသည်။

တရားသူကြီး ပေါက်ကုန်းက မျက်မှောင်ကုတ်သွားလေသည်။

'ကျွန်းပိုင်ရှင်က ငါတို့ကိုဖိတ်ပြီးမှ သူဘယ်ရောက်သွားသလဲ'

သူ၏မေးခွန်းကို မည်သူကမှ မပြောကြပါ။

ယင်းမေးခွန်းကို မည်သူကမှ မဖြေနိုင်ကြမည်ပေတပ်ပါ။

ထိုအချိန် လုလုချမ်းသည် သူမရှေ့ရှိ နံရံပေါ်သို့ အတန်ကြာ စိုက်ကြည့်နေပြီးမှ....

'ဟိုမှာကြည့်ကြစမ်း၊ ဘယ်လိုကဗျာမျိုး ဖြစ်နေပါလိမ့်'

သူမသည် ပြောရင်း ထရပ်လိုက်သည်။

ထို့နောက် ကဗျာရေးထားသော နံရံပေါ်ရှိ တားချပ်အနီးသို့ လျှောက်သွားလေသည်။

ထို့နောက် ယင်းကဗျာကို အသံထွက် ဖတ်ကြားလိုက်လေသည်။

* * *

တစ်။ ကျွန်းကလေးပေါ်ရောက် . လူပုလေးကိုးယောက် နံ့နက်ခင်းမှာ တစ်ယောက်ပျောက်။



နှစ်။ တောင်ပေါ်တက်သွား ထင်းခုတ်သမား၊ ရဲတင်းခေါင်းပေါ် ခုတ်မိသွား။

သုံး။ ဈေးဆိုင်းကစားကြူးသော လူပုလေးမြွေ၊ ရေကူးဆင်းသွား ပြန်မလာတော့ပါ။

လေး။ အရက်ကြိုက်သော တရားသမားပေါ့၊ သာဝရအိပ်ပျော် မထနိုင်တော့။

ငါး။ သမားတော်ကြီး၏ညအိပ်ခန်း၊ သူ၏ခုတင်ဝဲလှသန်းသန်း။

ခြောက်။ လူပုလေးယောက် ရှင်ကဖို၊ နောက်တစ်ယောက်သေလို့ ဝိုင်းထောင်။

ခုနစ်။ လူပုလေးသုံးယောက်မျက်ရည်ဝဲ၊ နှစ်ယောက်ကည်းထားကျန်တော့တယ်။

ရှစ်။ သူတို့အချင်းချင်းလဲ သံသယမကောင်း၊ လူပုလေးတစ်ယောက်ထဲ ကျန်ရစ်ခြင်း။

ကိုး။ ကျန်လူပုလေး အိမ်ပြန်လာ၊ ကြိုးကွင်းတစ်ခုကသူ့ကို ကြိုဆိုနေ။

■ ■ ■

အခန်းတစ်ခုလုံး တိတ်ဆိတ်သွားလေသည်။

မည်သူတစ်ဦးတစ်ယောက်မျှ အသံထွက်မလာကြပါ။

အတန်ကြာသောအခါမှ လုလုချွန်းသည် အားလုံးကို တစ်ချက် ဝေ့ကြည့်လိုက်သည်။

'ဒီကျွန်းပိုင်ရှင်က ကဗျာဝါသနာပါတယ်ဆိုရင် လူသိများပြီး ကျော်ကြားတဲ့ကဗျာတွေကို ချိတ်ထားမှာပါ။ အခုတော့ အဓိပ္ပာယ်ဖော်ဖို့ဝှက်ကဗျာလိုဆန်းတဲ့ ကဗျာကိုမှ အခုလိုချိတ်ထားတော့ သူ့ရဲ့ခေါင်း ကောင်းပါ့မလားမသိဘူး'

မြပိုင်ရှင်တီကျူက ခေါင်းညိတ်ထောက်ခံလိုက်သည်။

'ဒါဖြစ်နိုင်တယ်၊ အခုကြည့်မယ့် ငါတို့ကို တကူးတကဖိတ်ပြီး အိမ်မှာ မရှိဘူး'

အစပေါင်ဆိုင်ပိုင်ရှင် လောက်ကြီးက...

'ဟုတ်တယ်၊ ဒီလူက ဘာသဘောနဲ့ ငါတို့ကို ဖိတ်ပြီးမှ သူက ရှောင်ထွက်သွားတာလဲ'

ထိုအချိန် သရုပ်ဆောင်ကြီးဟောင်းက အခန်း၏ဘယ်ဘက်ခန်း၏ ဘယ်ဘက်ထောင့်မှ ခုံငယ်တစ်ခုပေါ်သို့ လက်ညှိုးထိုးပြလိုက်သည်။

'ကြည့်စမ်း၊ ဟိုခုံငယ်ပေါ်မှာ ကြေးရုပ်ကလေး ကိုးရုပ်စီထားတယ်၊ အသေအချာကြည့်ပါလိမ့်'

သူက ကြေးပြုတ်ပြောလိုက်သောကြောင့် ကျန်ရှိသောသူများသည် သူညွှန်ပြရာခုံငယ်ရှိရာသို့ လှမ်းကြည့်မိလေသည်။



ထိုခုံငယ်ပေါ်တွင် ကြေးမြှင့်ပြုလုပ်ထားသော လူပုံကလေး ကြေးရုပ်ကိုးရုပ် တန်းစီထားသည်ကို တွေ့မြင်လိုက်ရသည်။

'ထောင်းကစားအိမ်ပိုင်ရှင်ဟာ အနုပညာ ဝါသနာပါလို့ မှန်းမိထားတယ်လို့ ဆိုရလောက်အောင်လဲ တစ်အိမ်လုံးမှာ ဒီကဗျာနဲ့ ဒီကြေးရုပ်ကလေးတွေကလွဲလို့ အနုပညာပစ္စည်းဆိုလို့ တခုတစ်ခုမှမရှိပါလား'

အမေတော်ကြီးဝါတိုက လက်ကာ ပြုံးလိုက်လေသည်။

'ဒါက အရေးမကြီးဘူး၊ အခုလောလောဆယ် အရေးကြီးတာက ဘာနဲ့စားမလဲ၊ ကျုပ်ကတော့ ဗိုက်ဟောင်းလောင်းကြီးနဲ့ မအိပ်ပါတော့ဘူး'

မြင်းသည်တော်ဗိုလ်ကလေးဟောင်း ရှောင်ဖုန်းက...

'ဟုတ်တယ်၊ ငါတို့ဒီအနေနဲ့ ထမင်းစားဖို့အရေးကြီးတယ်၊ ဘာလုပ်ကြမလဲ'

လုလုချွန်းက ပြုံးလိုက်သည်။

'ဒီအတွက်တော့ သိပ်စိုးရိမ်စရာမရှိပါဘူး၊ မီးဖိုဆောင်ထဲမှာ ဆန် ဆီ ဆား အပြည့်အစုံရှိတယ် ချက်ပြုတ်စားနိုင်ရတာပဲ ခက်တာက...'

ထူမက ပြုံး၍ စကားဆက်လိုက်သည်။

'ကျွန်မဟာ မိန်းမအေးဖြစ်ပြီး ထမင်းမချက်တတ်ဘူးရှင့်'

အစပေါင်ဆိုင်ပိုင်ရှင် လောက်ကြီးက...

'ကျုပ်က အစပါင်ဆိုင်မဖွင့်ခင် စားသောက်ဆိုင်မှာ စားဖိုမှူးလုပ်ခဲ့တယ် ဒီအတွက်ဘာမှမပူနဲ့၊ ဒါပေမယ့် ကျုပ်ကို ကူညီဖို့ တစ်ယောက်ယောက် လိုက်ခဲ့မှဖြစ်မယ်'

ငွေချေးဌာနပိုင်ရှင် ထိုကီရင်ကျင်းက....

'ကျုပ်လဲ နည်းနည်းပါးပါး ချက်တတ်ပါတယ်ဗျာ၊ ကျုပ်လဲ လိုက်ခဲ့ပါမယ်'

သူတို့နှစ်ယောက်သည် မီးဖိုဆောင်ထဲသို့ ထွက်ခွာသွားကြလေသည်။



---

ညနေမှောင်လာပြီဖြစ်သည်။

ညေ့ခန်းထဲ၌ ဖယောင်းတိုင်မီးများ ထိန်ထိန်ညီးကာ လင်းထိန်နေ၏။

ထမင်းဟင်းများ ချက်ပြုတ်ပြီးသွားသဖြင့် အားလုံးက ဝိုင်းဖွဲ့ကြပြီး စားပွဲရှည်အနီးတွင် စားသောက်ရန် ထိုင်ကြလေသည်။

ထိုအခါ အစွန်ဆုံးတွင်ရှိသော ကုလားထိုင်ပေါ်၌ နေရာယူထိုင်နေသော ရဲဗိုလ်မှူးဟောင်း ပုတိုက ဤသို့ ပြောပြလိုက်လေသည်။

'လူကြီးမင်းတို့ခင်ဗျာ... ကျုပ်တို့ ညစာမစားမီ ဟောဒီစားပွဲပေါ်မှာတွေ့ရှိတဲ့ စာအိတ်များကို ဖောက်ဖတ်ကြည့်ဖို့

ဆင့်တယ်လို့ ယူဆပါတယ်၊ ဒီစာအိတ်များဟာ ကျွန်းပိုင်ရှင် ထားသွားတဲ့စာများ ဖြစ်တယ်လို့ ကျုပ်ယုံကြည်ပါတယ်'

လုလုချန်းက ခေါင်းညိတ်လိုက်သည်။

'ကျွန်းပိုင်ရှင်က ကျွန်မတို့ကိုဖိတ်ပြီးမှ အရေးပေါ်ကိစ္စတစ်ခုကြောင့် ထွက်သွားတာနဲ့တူတယ်၊ ဒါကြောင့် ကျွန်မတို့ကို အကျိုးအကြောင်းများကို စာရေးပြီးထားခဲ့တာဖြစ်ရမယ်'

မြေပိုင်ရှင်တိကျူက...

'နေပါဦး၊ ကျွန်းပိုင်ရှင်ကအရေးပေါ်ကိစ္စတစ်ခုကြောင့် ထွက်သွားတယ်ဆိုရင်လဲ အိမ်မှာ အိမ်ဖော်ဖြစ်ဖြစ်၊ သူ့မိသားစုထဲကဖြစ်ဖြစ် ကျန်ရစ်ခဲ့မှာပေါ့၊ အခုတော့ လူတစ်ယောက်မှ မရှိဘူးဆိုတာ သဘာဝမကျပါဘူး'

အပေါင်ဆိုင်ပိုင်ရှင် လောက်ကြီးက....

'သူက စာရေးခဲ့တယ် ဆိုတော့ စာဖောက်ဖတ်လိုက်ရင် အကြောင်းစုံသိရမှာပါဗျာ'

တရားသူကြီးဟောင်းပေါက်ကုန်းက...

'ဒါဟုတ်တယ်၊ စာထဲမှာ ဘာရေးထားတယ်ဆိုတာ ခင်ဗျားပဲ ဖတ်ပြပါ'

ရဲမက်မှူးဟောင်းက...

'ဒီမှာ စာအိတ် ကိုးစုပေါင်း ဆယ်ခုရှိတယ်၊ စာအိတ်ပေါ်မှာ ကျုပ်တို့နာမည် တစ်ယောက်ချင်းရေးထားတဲ့စာ ကိုးစောင်



တယ်၊ ကျန်တစ်စောင်ကတော့ ကျုပ်တို့ထဲက အခမ်းအနားမှူးတစ်ယောက်က တာဝန်ယူပြီး ဖတ်ပြပါလို့ စာအိတ်ပေါ်မှာ ရေးသားထားပါတယ်'

အမှားတော်ကြီးက....

'ဒါဆိုရင် ခင်ဗျားပဲ အခမ်းအနားမှူး တာဝန်ယူပြီး ဖတ်ပြလိုက်ပါ'

ရဲမက်မှူးဟောင်းပုတိုက ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီလေ၊ အားလုံး နားထောင်ပါ၊ ကျုပ်ဖတ်ပြပါမယ်'

သူသည် ထိုစာကို စတင်ဖောက်ဖတ်လိုက်လေသည်။

'ကြွရောက်လာကြသော ချစ်ခင်လေးစားအပ်သော ဂုဏ်သရေရှိ လူကြီးတို့ခင်ဗျာ'

ကျုပ်က လူကြီးမင်းတို့ကို ဖိတ်ခေါ်ပြီးမှ အရေးပေါ်အကြောင်းကိစ္စတစ်ခု ရုတ်တရက် ပေါ်လာလို့ ထွက်သွားပါတယ်။ နောက်ပြီး ရက်တိုတို အချိန်မှာ ပြန်ရောက်လာနိုင်လိမ့်မည် မဟုတ်ပါ။ လူကြီးမင်းတို့လဲ ဒီကျွန်းပေါ်မှာ အနည်းဆုံး ဆယ်ရက်နဲ့ ရက်နှစ်ဆယ်လောက် နေထိုင်ရမှာမို့ ကျုပ်က တစ်လစာ ရိက္ခာများကို အသင့်ထားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီကျွန်းကလေးတစ်ဖက်ရဲ့ ဆုသိဥတုဟာ တစ်ခါတစ်ရံ ဆိုးဝါးကြမ်းတမ်းနေပေမယ့် တစ်ခါ

တစ်ခါကျတော့ ဒေါမုန်တိုင်းထန်တတ်ပါတယ်။ လေမုန်တိုင်းထန်လာတဲ့အခါမှာ တစ်ဆက်တည်းဆယ်ရက်နဲ့ ရက်ပေါင်းနှစ်ဆယ်အထိ ကြာတတ်ပါတယ်။ အဲဒီအချိန်မျိုးမှာ ကူးတို့လှေက လူကြီးမင်းတို့ကို ကြိုနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဒီကျွန်းပေါ်မှာပဲ အေးအေးချမ်းချမ်း နေကြဖို့ပါလို့ ကျုပ်မေတ္တာရပ်ခံခဲ့ပါတယ်'

ရဲမက်မှူးဟောင်းပုဂ္ဂိုလ် စာဖတ်ရင်း အသံများ ရပ်တန့်သွားသည်။ အသံမထွက်ဘဲ စာကိုဆက်ဖတ်နေ၏။

အပေါင်ဆိုင်ပိုင်ရှင် လောက်ကြီးက လှမ်းမေးလိုက်သည်။

'ကဲ... စာဖတ်ပြီးရင်လဲ တို့ထမင်းစားကြမယ်'

ရဲမက်မှူးဟောင်းက လက်ကာပြလိုက်သည်။

'စာအရှည်ကြီး ကျန်ပါသေးတယ်၊ နောက်ပြီး အရေးလဲကြီးတယ်၊ ကျုပ် ဖတ်ပြပါမယ်'

အပေါင်ဆိုင်ပိုင်ရှင် လောက်ကြီးက...

'ဒါဖြင့်လဲ မြန်မြန်ဖတ်ပါ၊ ကျုပ် ဗိုက်ဆာလှပြီ'

ရဲမက်မှူးဟောင်းပုဂ္ဂိုလ် မချိပြုံးပြုံးပြလိုက်သည်။

'ကျုပ်ဖတ်ပြတာကို နားထောင်မိရင် လူကြီးမင်းတို့ ထမင်းစားဖို့တောင် စိတ်ကူးနိုင်ကြမှာ မဟုတ်တော့ဘူး'



လုလုချန်းက...

'ဘာများရေးထားလို့လဲ၊ မြန်မြန်ဖတ်ပါ'

ရဲမက်မှူးဟောင်း ပုဂ္ဂိုလ် စာကို ဆက်၍ ဖတ်ပြလိုက်လေသည်။

'ဧည့်သည်တော် လူကြီးမင်းများခင်ဗျား....

ကျုပ်က ခင်ဗျားတို့ကို ဒီကျွန်းပေါ်ကို နည်းအမျိုးမျိုးနဲ့ ဖိတ်ခေါ်လိုက်ခြင်းမှာ ဧည့်သည်တော် လူကြီးမင်းများအဖို့ ကောင်းတဲ့ကံကြမ္မာတော့ မဟုတ်ပါဘူး။ လူကြီးမင်းတို့ကို ဖိတ်ခေါ်လိုက်တဲ့ အကြောင်းပြချက်များမှာလဲ တစ်ခုမှ မဟုတ်ပါဘူး။ ဧည့်သည်တော် လူကြီးမင်းများ နားရှင်းအောင် ပြောရမယ်ဆိုရင် လူကြီးမင်းများကို ဒီကျွန်းပေါ် မရောက်ရောက်အောင် ခက်သုံးများပေးပြီး ဖိတ်ခေါ်လိုက်ခြင်း ဖြစ်ပါတယ်'

လောင်းကစားဆိုင်ပိုင်ရှင် ချူးရှင်ထု စိတ်မရှည်နိုင်တော့ပါ။

'ဒီလူက ရူးများရူးနေသလားမှ မသိဘဲ'

လုလုချန်းက သူ့အား ဟန့်တားလိုက်သည်။

'ဆုံးအောင် ဆက်နားထောင်ပါဦးလေ'

ရဲမက်မှူးဟောင်းက ဆက်လက် ဖတ်ပြလေသည်။

‘ကျုပ်က ညှိသည်တော် လူကြီးမင်းကို နည်းမျိုးစုံနဲ့ လိမ်ညာဖိတ်ခေါ်လိုက်ခြင်းမှာ အကြောင်း ရှိလို့ပါ တစ်နည်းဆိုရရင် ယခု ကြွရောက်လာကြတဲ့ ညှိသည်ရှင် တော် လူကြီးမင်းတို့မှာ လူသိ သူမသိတဲ့ ပြစ်မှုများကို ကျူးလွန်ခဲ့ကြသော ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။ သို့ သော် လူကြီးမင်းတို့က ငွေကြေးအတတ်နိုင်ဆုံးက တ ကြောင်း၊ အဖိုးအဖိ အလိမ်အညာ တတ်လားအား တစ်ကြောင်း၊ (သို့) ဂုဏ်သိက္ခာ ကာကွယ်ပေးထားတ ကတစ်ကြောင်း၊ ဆက်ဆိုင်ရာ အာဏာပိုင်တို့က လူကြီး မင်းတို့ကို အရေးယူမှုမရှိ၊ ပြစ်ဒဏ်ခတ်ဘဲ ရှိနေပါ တယ်’

ဒါကို ကျုပ်က အလွန်ရှုံမုန်း စက်ဆုပ်ပါတယ်။ လူကြီးမင်းတို့ ကျူးလွန်ခဲ့တဲ့ ပြစ်မှုများအတွက် အရေး ယူ ဒဏ်ခတ်ရန် ယခုကဲ့သို့ ဖိတ်ခေါ်လိုက်ခြင်း ဖြစ်ပါ တယ်’

နားထောင်နေကြသော လူရှစ်ယောက်တို့သည် ခံမရပ်နိုင် ကြတော့ဘဲ ဒေါသထွက်၍ တစ်ယောက်တစ်ခွန်း ပြောဆိုကြ လေတော့သည်။

‘ဒီကျွန်းပိုင်ရှင်က အရူး’

‘ဟုတ်တယ်၊ သူက ရူးရင်လဲရူးမယ်၊ ဒါမှမဟုတ် သက်သ ငါတို့ကို စော်ကားချင်လို့ ကြံစည်လိုက်တာ ဖြစ်ရမယ်’



‘သူက ... အန္တရာယ်သိလို့ ရှောင်တိမ်းသွားတာ၊ နို့မဟုတ်ရင် အစိတ်စိတ်အပိုင်းပိုင်း ချေမှုန်းလိုက်မယ်’

‘တော်တော်ဆိုးတဲ့လူပဲ’

ရဲမက်မှူးဟောင်းက လက်ကာပြလိုက်သည်။

‘ခဏ ငြိမ်ငြိမ်လေးနေကြပါ၊ ကျုပ် စာကိုဆုံးအောင် ဖတ် ပါရစေဦး’

အားလုံးက ပြန်လည် ငြိမ်သက်သွားကြလေသည်။

ရဲမက်မှူးဟောင်း ပုဘိုက ဆက်ဖတ်လိုက်သည်။

‘ကျုပ်ကို ခင်ဗျားတို့က အရူးလို့ ပြောချင်ကြမယ်။ ကျုပ်ကို ဖြစ်တင် ပြောဆိုနေကြမှာ သေချာပါတယ်။ ဒါကြောင့် လူကြီးမင်းတို့ တစ်ဦးချင်း ကျူးလွန်ခဲ့တဲ့ အပြစ်ကို မှတ်တမ်းတင်ထားပါတယ်၊ အဲဒီ မှတ်တမ်း များကိုလည်း အခမ်းအနားမှူး တာဝန်ယူတဲ့လူက ဆက်လက်ဖတ်ပြပါရန် မေတ္တာရပ်ခံပါတယ်’

ပုံ

သိုင်းဆောကနှ တရားသူကြီးမင်း။

ရဲမက်မှူးဟောင်းပုဘိုသည် စာဆုံးအောင်ဖတ်ပြီးသည်နှင့် ဒေါသကြီးစွာဖြင့် စာရွက်ကို လုံးထွေးပြီး လွှင့်ပစ်လိုက်လေ သည်။

သူက စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ချလိုက်သည်။

တရားသူကြီးဟောင်း ပေါက်ကုန်းက....

'ကဲပါဗျာ....ဒေါသကြီးမနေကြပါနဲ့၊ သူက ဘာတွေ မ
မဟုတ်တာတွေ ရေးထားမယ်ဆိုတာ ဆက်ဖတ်ပါဦးဗျာ'

လုလုချန်းက ရယ်မောရင်း ထောက်ခံလိုက်သည်။

'ဟုတ်ပါတယ်ရှင်၊ ဒီသိုင်းလောက တရားသူကြီးမင်းက ဘ
တွေလုပ်တတ်တယ်ဆိုတာ ဆက်ဖတ်ပြပါဦးရှင်'

ရဲမက်မှူးဟောင်းက စာတစ်စောင် ကောက်ယူလိုက်သည်

စာအိတ်ပေါ်မှ ရေးထားသောအခြည်ကို ဖတ်ကြ
လိုက်သည်။

ထို့နောက် တရားသူကြီးဟောင်း ပေါက်ကုန်းအား ဝ
ချက်ကြည့်လိုက်လေသည်။

'ဒီစာကတော့ တရားသူကြီးရဲ့ စာပါပဲ'

တရားသူကြီးဟောင်း ပေါက်ကုန်းက ခေါင်းညိတ်လို
သည်။

'အားလုံးကြားအောင် ဖတ်ပြလိုက်ပါဗျာ၊ ဘာတွေ မ
မဟုတ် ရေးထားသလဲဆိုတာ'

ရဲမက်မှူးဟောင်း ပုတိုက စာအိတ်ကိုဖောက်၍ ဖတ်လို
သည်။

'တရားသူကြီးမင်း ပေါက်ကုန်း'

ကွင်စာပေ
ဖုန်း ၂၁၄၅၅

ကျူးလွန်သောအပြစ်

'လွန်ခဲ့တဲ့ သုံးနှစ်ခန့်က သူဟာ တရားသူကြီးရာထူးမှ
အနားယူသွားတယ်။ သူ့ ဘာကြောင့် အနားယူခဲ့လဲ
ဆိုတာ ဘယ်သူမှ မသိကြပေမယ့် သူဟာ အပြစ်တစ်ခု
ကျူးလွန်ပြီးမှ အနားယူတာ ဖြစ်ပါတယ်။

ကျူးလွန်တော့ မှုခင်းမှာ လွန်ခဲ့သော တစ်နှစ်ခွဲ
လောက်မှာ သူဟာ တာဝန်ဝတ္တရားအရ ထရား စီရင်
နေပါတယ်၊ အဲဒီ အချိန်မှာ ဓားလွန် ဆင်းရဲ သော
ဆယ်သူမတစ်ယောက်က သူ့ဆီကိုလာပြီး တိုင်ကြား
ပါတယ်။ အကြောင်းကတော့ သူဌေးကြီးရဲ့သားတစ်
ယောက်ဟာ အရက်မူးပြီး သူမကို ဗလက္ကာရပြုပြီး

ဖခင်ဖြစ်သူက ဝင်ရောက်ဟန့်တားမိတော့ သူဌေးသားက ဓားနဲ့ခုတ်သတ်လိုက်ပါတယ်။

ဒီအမှုကို တရားသူကြီးပေါက်ကုန်းက သူဌေးဆီက ငွေအမြောက်အမြားယူပြီး သူဌေးသားကို အပြစ်မယူတဲ့အပြင် လယ်သူမကလေးကလိမ်ညာတိုင်တယ်ဆိုပြီး ထောင်တစ်နှစ် ချလိုက်ပါတယ်။ လယ်သူမလေးက အလွန်ခံပြင်းလွန်းလို့ အကျဉ်းခန်းထဲမှာ ကိုယ့်ကိုယ်ကို ကြိုးဆွဲချပြီး အဆုံးစီရင်သွားပါတယ်'

ကိုစာဆုံးသွားသည်နှင့် အခန်းတစ်ခုလုံးမှာ တိတ်ဆိတ်သွားကုန်ကြလေသည်။

ရှိသမျှ မျက်လုံးများတို့သည် တရားသူကြီးဟောင်းပေါက်ကုန်းထံသို့ ရောက်ရှိသွားကြသည်။

တရားသူကြီးပေါက်ကုန်းက ပခုံးတစ်ချက် တွန့်ပြလိုက်သည်။

'တောက်တောက်ယုတ်မာတဲ့လူ၊ သူပြောတာတွေဟာ တစ်ခုမှ မဟုတ်ဘူး'

မည်သူကမှ အသံမထွက်ဘဲ ဆိတ်ဆိတ်နေကြသည်။

ရဲမက်မှူးဟောင်းပုတိုးက ဒုတိယစာအိတ်ကို လှမ်းယူလိုက်သည်။

'မြင်းသည်တော် ဗိုလ်မှူးလေးရှောင်ဖုန်း....



အားလုံးသောသူများသည် ရဲမက်မှူးဟောင်းပုတိုး ဖတ်ပြမည့်စာကို အာရုံစူးစိုက်လာကြပြန်လေသည်။

ရဲမက်မှူးဟောင်းပုတိုက စာကိုဖောက်၍ဖတ်ပြလိုက်သည်။

'မြင်းသည်တော်ဗိုလ်မှူးလေး ရှောင်ဖုန်း....

ကျူးလွန်သောအပြစ်....

'ကလေးငယ်တစ်ဦးကို သူစီးသည့်မြင်းနှင့် နင်းသတ်ပြီး ကျန်ကလေးနှစ်ဦးမှာ ထွက်ပြေးရင်း ရေကန်ထဲကျ၍ ရေနစ်သေဆုံးခြင်း'

စာပိုဒ်က တိုတိုလေးဖြစ်သည်။

အားလုံးသောသူများသည် မြင်းသည်တော်ဗိုလ်မှူးလေးဟောင်း ရှောင်ဖုန်းထံသို့ မျက်လုံးများ ရောက်ရှိသွားပြန်သည်။

ဗိုလ်မှူးလေးဟောင်း ရှောင်ဖုန်းက သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

'ဒါကို ကျုပ်ဝန်ခံတယ်၊ ဒါပေမယ့် စာထဲမှာပါသလို ကျုပ်က ကလေးကို မြင်းနဲ့နင်းသတ်တာမဟုတ်ဘူး'

ဗိုလ်မှူးလေးဟောင်း ရှောင်ဖုန်းက သက်ပြင်းတစ်ချက်ချလိုက်ပြန်သည်။

'ဖြစ်ပုံရဲ့အမှန်အစကတော့ ဒီလိုပါဗျာ၊ အဲဒီတုန်းက ကျုပ်မှာ စာတစ်စောင်ကို အရေးတကြီး အချိန်မီပို့ဖို့ တာဝန်အရ

မြင်းကိုမောင်းပြီး ထွက်သွားပါတယ်၊ ရွာတင်ရွာက်ဖြတ်တော့ တဲ့အခါမှာ လမ်းဘေးပေါ်မှာ ကလေးတစ်စု ဆော့ကစားနေ တာကို လှမ်းမြင်လိုက်ပါတယ်၊ ကျုပ်က မြင်းရဲ့အရှိန်ကိုလျှော့ ရင်း သူတို့ကိုလဲ သတိပေးလိုက်ပါတယ်၊ ကလေးတွေ အဆော့မက်ပြီး မြင်းလာနေတာကို ဂရုမစိုက်ပါဘူး၊ အနား ရောက်တော့မှ သူတို့ဟာထိတ်လန့်ပြီး ပြေးကြပါတယ်၊ ဒါပေမယ့် လမ်းဘေးကိုဆင်းပြေးတဲ့ မြင်းဟာညီညီနဲ့ပြေးနေကြတော့ ကျုပ်ကလဲ မြင်းကို အတတ်နိုင်ဆုံး လျှော့ပေးမယ့် အချိန်မ လိုက်ဘူး၊ ကလေးတစ်ယောက်ကို မြင်းက နင်းမိသွားတယ် ကျန်ရှိတဲ့ကလေးတွေဟာ ညာဘက်မှာရှိတဲ့လမ်းကို မပြေး ဘယ်ဘက်မှာရှိတဲ့ ရေကန်ထဲခုန်ချတယ်၊ ကျုပ်က ရေထဲဆင်း ကယ်ပါသေးတယ်၊ ဒါပေမယ့် သုံးယောက်ပဲ ကယ်မိတယ် ကလေးနှစ်ယောက်ရေနစ်သေသွားတာကို ကျုပ်သတိမထားမိဘူ

ရဲမက်မှူးဟောင်း ပုတိုက လူ့အားစိုက်ကြည့်လိုက်သည်

'သေသွားတဲ့ ကလေးကို ခင်ဗျားက မိဘဆွေထဲက လားလား၊ လျော်ကြေးပေးသလား၊'

ဗိုလ်မှူးလေးဒွှာင်ဖုန်းက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်မှာ စာပို့ဖို့အချိန်မမီမှာစိုးလို့ မပို့ဖြစ်ပါ ဒါပေမယ့် စာပို့ပြီးအပြန်မှာတော့ ရွာထဲဝင်မိပါတယ်၊ ပေမယ့် ရွာကလူတွေက ကျုပ်ကိုရန်ရှာမှာစိုးလို့ ကျုပ် တာမှမပြောတော့ဘဲ ပြန်လာခဲ့ပါတယ်'



ရဲမက်မှူးဟောင်းက ယင်းစာကိုရေးထားလိုက်သည်။

ထို့နောက် စာတစ်စောင်ကို ကောက်ဖတ်လိုက်ပြန်လေ သည်။

လုလုချန်၏စာဖြစ်သည်။

'အမည် လုလုချန်း'

'ကြေးတန်းစားဂေဟာရှေ့ အလှမယ်'

'ကျူးလွန်သောအပြစ်... ကျောင်းတော်သားတစ်ယောက် ထံမှ ပေလာသော မျှင်ငွေကိုဆေင်မြင်လိမ်ညာယူလာသော ကြောင့် ကျောင်းတော်သားက တော်တစ်လုံးပြုတ်တစ်လုံးဖြင့် စာမေး ပွဲကို ဝင်ရောက်ဖြေနိုင်စွမ်းမရှိတော့ဘဲဖြစ်ခြင်း၊ ကျောင်းတော် သားက ရွာကိုလဲပြန်ခွင့်မရှိ၍ နောက်ဆုံးတွင်ကိုယ့်ကိုယ်ကို ရေထဲခုန်ချ၍ အဆုံးစီရင်လိုက်ခြင်း၊'

လုလုချန်းက သူမအား ဗိုင်းရံကြည့်နေကြသူများကို လက် ဝါးကာစ်ချက ပြန်မြင်လိုက်သည်။

'ဒါကျွန်မအပြစ်အားရှင်၊ ကျောင်းတော်သားဟာ စာမေးပွဲ ဖြေဖို့အတွက်၊ သူ့အလုပ်က စာမေးပွဲအောင်ဖို့ စာဖတ်ရမယ်၊ အခုတော့ မိဘပေးတဲ့ငွေကို အပျော်ကျူးချင်တော့ ဒီလို သေရတာမဆန်းပါဘူး'

ရဲမက်မှူးဟောင်း ပုတိုက နောက်ထပ် စာတစ်စောင် ကောက်ဖတ်လိုက်သည်။

'ငွေ ပေးခဲ့သော ကျောင်းကစား အိမ်ပိုင်ရှင် ချူရင်ထိုး ကျူးလွန်ခဲ့သော အပြစ်၊ မတရားသောနည်းဖြင့် လိမ်ညာ၍ ငွေများကို ရယူခဲ့တဲ့အတွက် လာရောက်လောင်းကစားသူ အခေတာ်များ၊ များမှာ အိမ်ယာစွန့်ခွာယ်ကွင်းများ ဆုံးရှုံးကုန်ကြပြီး အတိဒုက္ခ ရောက်ရခြင်း၊ ငတ်ပြတ်၍ သေဆုံးသွားခြင်း ဖြစ်သည်'

ကျောင်းကစားအိမ်ပိုင်ရှင် ချူရင်ထိုးက ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

'ဒါ အပြစ်သားခင်ဗျာ၊ ကျုပ်ကသူတို့ဆီသွားပြီး လောင်းခိုင်းသလား၊ သူတို့ဟာ သူတို့အိမ်တွေပေါင်ပြီး လာကစားတာ ကစားတော့ ကျုပ်က ဘယ်တတ်နိုင်ပါ့မလဲ'

ရဲမက်မှူးဟောင်း ပုဘိုက ဆက်ဖတ်ပြလိုက်သည်။

'ဟာ... ဒါကကျုပ်ရဲ့စာပဲ'

သူက ဖတ်ပြလိုက်သည်....

ရဲမက်မှူးဟောင်း ပုဘိုက...

'ကျူးလွန်သောအပြစ်၊ မတရားလက်စားချေခြင်း၊ ငွေညှစ်ခြင်း၊ အကျဉ်းခန်းထဲ အကျဉ်းချခြင်းခံရသော အမျိုးသမီးများကို ဗလက္ကာရပြုခြင်း'

ရဲမက်မှူးဟောင်းက ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

'ဒီလူစွပ်စွဲတာ တစ်ခုမှမဟုတ်ဘူး၊ ကျုပ်က ကျုပ်ထမ်းဆောင်တဲ့တာဝန်အရ အပြစ်ရှိသူကိုသာ ဖမ်းချုပ်ခဲ့တာပါ၊ တခြားဘာအပြစ်မှမရှိပါဘူး'



သူက ဆက်လက်ဖတ်ပြလိုက်သည်။

'အပေါင်ဆိုင်ပိုင်ရှင် လေးဂက်ကြီး'

'ကျူးလွန်သောအပြစ်... လာရောက်ပေါင်နှံနေကြသော သူဆင်းရဲထံမှ ပစ္စည်းများကို စေးစေးကျစ်ကျစ်နှိမ်ပေးခြင်း၊ အထူးသဖြင့် ကလေးငယ်တစ်ယောက်က အိမ်မှခိုးယူလာသော တန်ဖိုးကြီးသောပတ္တမြားတစ်လုံးကို အဖိုးမတန်သောကျောက်တင်လုံး၏တန်ဖိုးဖြင့် အပေါင်ခံပြီး ကလေးမိဘ လာရောက်ရွေးယူသောအခါ ပြန်မပေးဘဲ ဖြောင့်လိမ်၍ယူထားခြင်း၊ ယင်းကလေး မိဘသည် ကျောက်တွင်းအလုပ်သမားများဖြစ်၍ ပတ္တမြားကို လျော်ကြေးမပေးနိုင်သဖြင့် ထောင်သုံးနှစ်တိတိ ကျသွားရခြင်း၊ ကျန်ရစ်သောသားနှင့် ဇနီးတို့မှာ ဒုက္ခပင်လယ်ဝေခဲ့ရခြင်း'

အပေါင်ဆိုင်ပိုင်ရှင် လေးဂက်ကြီးက...

'ဘာတွေလျှောက်ပြောနေမှန်းမသိဘူး'

ရဲမက်မှူးဟောင်းက ဆက်လက်ဖတ်ပြနေလေသည်။

သမားတော်ကြီး ဝါတို...

'ကျူးလွန်သောအပြစ်...အရက်အလွန်အကျွံသောက်ထားပြီး ရီးရီးဖျားနာသော ဝေဒနာရှင်တစ်ယောက်ကို ဆပ်ပူကျဆေးနှင့် ဒဏ်ဆိပ်နှင့်မှားပြီးပေးမိသဖြင့် ဝေဒနာရှင်သေဆုံးသွားခြင်း'

လေသားတော်ကြီးက…

'မနားခဲ့သာရှေ့နေ မဘောဘော သေးသေး ဆိုတဲ့စကား တောင်ရှိသေးသဟုတ်လား၊ ဒါအဖြစ်လား'

ရဲမက်မှူးဟောင်း ပုတ်ကြီးက ဆက်ဖတ်လိုက်သည်။

'ငွေချေးဌာနပိုင်ရှင် ထိုက်ချင်ကျောင်း'

'ကျူးလွန်သောအပြစ်၊ ငွေချေးသူများထံမှ မတရားခေါင်းပုံဖြတ်ခြင်း၊ အဆမတန်အတိုးယူခြင်းတို့ကြောင့် လယ်သမားများ၏လယ်များကို မတရားသဖြင့် ကျေးသိမ်းခြင်းတို့အပြင် သူဆင်းရဲထံမှ အိမ်းပျိုများကိုလည်း အကြွေးဖြင့် အတင်းအဓမ္မသိမ်းယူခြင်း'

ငွေချေးဌာနပိုင်ရှင် ထိုက်ချင်ကျောင်းက ပြုံးလိုက်သည်။

'အတိုးနည်းနည်းများတာလောက်ကို မချေးနဲ့ပေါ့၊ ဒါကျုပ်အပြစ်လား'

ရဲမက်မှူးဟောင်းပုတ်ကြီးက နောက်ဆုံးစာတစ်စောင်ကောက်ဖတ်လိုက်သည်။

'မြေပိုင်ရှင် တီကျူ'

'ကျူးလွန်သောအပြစ်၊ လယ်သမားများထံ ငွေချေး၍ အတိုးယူသည်၊ အဆမတန်ယူသွားသော အတိုးကြောင့် လယ်သမားများက မဆပ်နိုင်ခဲ့လျှင် သူတို့ထံမှ အိမ်များ မြေများကို မတရားသိမ်းယူခြင်း၊ သူ၏ပြုကျင့်မှုကြောင့်



လယ်သမား မိသားစု အတော်များများ ဒုက္ခရောက်ခြင်း'

မြေပိုင်ရှင်တီကျူ လက်နှစ်ဖက်ဖြန့်၍ ပြလိုက်သည်။

'ကျုပ်လေ ကုန်ခဲ့ပြီ။ ဘာမှမပြောချင်တော့ဘူး'

သူက ရဲမက်မှူးဟောင်းအား လှည့်ကြည့်လိုက်သည်။

'စာကုန်သွားပြီလား'

ရဲမက်မှူးဟောင်း ပုတ်ကြီးက…

'ကုန်ပါပြီဗျာ'

မြေပိုင်ရှင် တီကျူက…

'ဒါဖြင့်အားလုံး ပျော်ပျော်ပါးပါး စားကြရအောင်ဗျာ၊ ဗိုက်ဆာလှပြီ'

သူတို့သည် စကားတစ်ခွန်းမှမပြောကြတော့ဘဲ စားသောက်နေကြလေသည်။

ထို့နောက် သူတို့သည် တကယ်ပင် ပျော်ပျော်ရွှင်ရွှင် စားသောက်နေကြနိုင်၏လော။

စားသောက်ပြီးကြသောအခါ ကိုယ်ထူကိုယ်ထ စနစ်ဖြင့် ကိုယ့်ပန်းကန်ကိုယ်ယူ၍ မီးဖိုဆောင်သို့ သွားရောက်ဆေးကြောကြလေသည်။

ထို့နောက် မိမိတို့သတ်မှတ်ထားသော အိပ်ခန်းရှိရာသို့ ကိုယ်စီကိုယ်င ဝင်သွားကြလေတော့သည်။

ကဲ့အက်နေသော ကြေရုပ်

---

အလွန်သာယာသော နံနက်ခင်းဖြစ်သည်။

ဧည့်သည်များတို့သည် ရှေ့ဆင့်နောက်ဆင့် အိပ်ရာ[…]
ထွက်လာကြလေသည်။

လုလုချန်းက စောစီးစွာ အိပ်ရာထသူတစ်ယောက် [...]
သည်။

သူမသည် မီးဖိုချောင်ထဲတွင် နံနက်စာအတွက် ချက်[…]
ရန် အလုပ်ရှုပ်နေ၏။

ဝိုလ်မှူးလေးဟောင်း ရှောင်ဖုန်းက အကူအညီပေးနေ[…]

တစ်ခဏအကြာတွင် နံနက်စာများသည် ဧည့်ခန်းစ[…]
ပေါ်၌ အသင့်ရောက်ရှိနေပြီဖြစ်သည်။



သူမ စီမံပေးသော နံနက်စာမှာ အမဲသားခြောက်နှင့် ဆန်ပြုတ်ပင်ဖြစ်သည်။

တစ်ခဏအကြာတွင် သူမက ကြေညာလိုက်လေသည်။

'လူကြီးမင်းများရှင်၊ နံနက်စာ အသင့်ရှိနေပြီ၊ သုံးဆောင်ရန် ဧည့်ခန်းသို့ကြွပါရှင်'

ဧည့်သည်များသည် ညတုန်းကဖြစ်ခဲ့သော စိတ်နောက်စရာများကို မေ့ပျောက်ထားလိုက်ပြီဖြစ်သည်။

ထို့ကြောင့် သူတို့က ရွှင်ရွှင်လန်းလန်း ဖြစ်နေ၏။

နံနက်စာစားရန် အားလုံးဝိုင်းဖွဲ့ထိုင်ကြပြီးနောက် အစားမစားမီ ရဲမက်မှူးဟောင်းက ဤသို့ မေးခွန်းထုတ်လိုက်လေသည်။

'လူကြီးမင်းတို့ခင်ဗျာ၊ အနှီကျုပ်တို့ဟာ လူယုတ်မာ တစ်ယောက်အလိန်ကျမှုကြောင့် အချိန်ကုန်လူပင်ပန်းရောက်ရှိလာရပါတယ်၊ လိမ်ညာမှုမှန်းလဲ သိပါပြီ၊ လူကြီးမင်းတို့ ဘာဆက်လုပ်ဖို့ စိတ်ကူးထားကြပါသလဲ'

အပေါင်ဆိုင်ပိုင်ရှင် စောက်ကြီးက ရယ်မောလိုက်လေသည်။

'ဘာလုပ်ရမှာလဲ၊ ပြန်ရုံပေါ့ဗျာ'

ရဲမက်မှူးဟောင်း ပုဘိုက...

'ကျုန်တို့ပုဂ္ဂိုလ်တွေကော ဘယ်လိုသဘောရသလဲ'

သူတို့ထဲမှ လူတစ်ဝက်ခန့်က ပြန်ကြမည်ဖြစ်ကြောင်း ပြောကြလေသည်။

ရဲမက်မှူးဟောင်းက ရုတ်တရက်မေးလိုက်လေသည်။

'ဟော... ငါတို့ထဲက လူတစ်ယောက်လိုနေပါလား'

သူ၏ စကားကြောင့် သူတို့ ဦးဝေသာ ထိုင်ခုံတစ်ခုလွတ်နေသည်ကို တွေ့ရလေသည်။

အားလုံးက အခန်းတစ်ခုလုံးကို ဝေ့ကြည့်လိုက်သည်။

မည်သူမှ မရှိပါ။

ရဲမက်မှူးဟောင်းပုတိုက အားလုံးကို တစ်ဦးချင်း လက်ညှိုးထိုး၍ ရေတွက်လိုက်သည်။

'ငွေချေးစာနယ်ပိုင်ရှင် ထိုက်ရင်ကျော် မရောက်သေးဘူး၊ သူ ဘယ်များ ရောက်နေပါလိမ့်'

မြေပိုင်ရှင် တိကျူက...

'သူ သနီးတစ်ခိုက်မှာ လမ်းလျှောက်နေတာ ဖြစ်မှာပေါ့၊ ငါတို့စားကြမယ်၊ သူ ဗိုက်ဆာရင်တော့ ပြန်လာမှာပေါ့'

တရားသူကြီးဟောင်းပေါက်ကုန်းက...

'ဟုတ်တယ်၊ ကျုပ်တို့ မစောင့်နိုင်ဘူး၊ ဗိုက်ဆာလှပြီ'

ဤသို့ဖြင့် သူတို့သည် ဆန်ပြုတ်နှင့် အမဲသားခြောက်ကို စားသောက်ကြလေသည်။



သူတို့သည် စားသောက်ပြီးသွားကြသည့်တိုင်အောင် ထိုက်ရင်ကျော်က ရောက်ရှိလာခြင်း မရှိသေးပါ။

လုလုချွန်းက...

'ကဲ... ဦးလူ အလည်လှည့်ပြီထင်တယ်၊ သွားရှာကြရင်ကောင်းမယ်'

သူမကပြောရင်း ပန်းကန်ကို သိမ်းဆည်းလိုက်လေသည်။

ရုတ်တရက် ဟောင်းကစားအိမ်ပိုင်ရှင် ချူရင်ထုံ၏အသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

'ဟောဗျာ...ဘယ်သူက လက်ဆော့လိုက်မှန်း မသိဘူး၊ ဒီလောက်လှတဲ့ လူပုံကလေးကြွေရုပ်တစ်ရုပ် ကွဲအက်သွားပြီ'

သူ၏ စကားကြောင့် အားလုံးက ကြွေရုပ်ကလေးများ ထားရာသို့ သွားရောက်ကြည့်ရှုကြလေသည်။

ကြွေရုပ်ကလေး ကိုးရုပ်အနက် ကြွေရုပ်ကလေးတစ်ရုပ် အက်ကွဲသွားသည်ကို တွေ့မြင်ရလေသည်။

အားလုံးက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်တို့ ထိအောင်မထိပါဘူးဗျာ၊ သူ့ဘာသာအက်ကွဲသွားတာ ဖြစ်မှာပေါ့'

လုလုချွန်းက ခေါင်းခါယမ်းလိုက်သည်။

'မဖြစ်နိုင်ဘူး၊ ဒီကြွေရုပ်အလေးဟာ ပါးတာမှမဟုတ်ဘဲ၊ သူ့ဘာသာဘာယ်ကွဲအက်နိုင်ပါ့မလဲ'

သူမ ထိုသို့ ပြောနေစဉ် ဗိုလ်မှူးလေးဟောင်းရွှေဖုန်း၏ အသံ ထွက်ပေါ်လာလေသည်။

'ဟောဗျာ'

အားလုံးက သူ့အား လှည့်ကြည့်လိုက်ရာ ဗိုလ်မှူးလေးဟောင်း ရွှေဖုန်းသည် နံရံပေါ်မှာ ချိတ်ထားသော ကဗျာကို စာအုံ့ဘသြ ကြည့်နေသည်ကို တွေ့လိုက်ရလေသည်။

အမားတော်ကြီး၀ါတို့က မျက်မှောင်ကုတ်သွားလေသည်၊

'ခင်ဗျားက အလန့်တကြားနဲ့ ဘာတွေကြည့်နေတာလဲ'

ဗိုလ်မှူးလေးဟောင်းရွှေဖုန်းက ကဗျာတစ်ပိုဒ်ကို လက်ညှိုးဖြင့် ထောက်ပြလိုက်လေသည်။

'ဒီကဗျာတစ်ပိုဒ်ကို ဖတ်ကြည့်ကြစမ်းပါ'

အားလုံးက စုရုံးရောက်ရှိသွားကြပြီး ဗိုလ်မှူးလေးဟောင်း ရွှေဖုန်း ထောက်ပြသော ကဗျာကို ဖတ်ကြည့်လိုက်ကြလေသည်။

'ကျွန်းကလေးပေါ် ရောက် လူပုလေးကိုးယောက် နံနက်ခင်းမှာ တစ်ယောက်ပျောက်'



အားလုံးသောလူများသည် ထိုကဗျာအား ငေးမောကြည့်ရင်း သူတို့ရင်ထဲ၌ ခဲများဆွဲထားလိုက်သည့်အသား လေးလံသွားကုန်ကြလေသည်။

* * *

ရဲမက်မှူးဟောင်းပုတို၏ မျက်နှာတစ်ခုလုံးမှာ မှောင်မည်းနေ၏။

သူသည် တစ်စုံတစ်ခုအား လေးလေးနက်နက် စဉ်းစားနေပုံရသည်။

ထို့နောက် ကျန်ရှိသောသူများ အားလုံးကို ယင်းသို့ ပြောပြလိုက်လေသည်။

'လူကြီးမင်းတို့ ကိုယ့်နေရာကိုယ် ခဏလောပြန်၍ ထိုင်နေကြပါ၊ ကျုပ် စကားပြောစရာရှိပါတယ်'

ကျန်ရှိသော လူခုနစ်ယောက်တို့သည် မိမိတို့ ကုလားထိုင်ပေါ် ပြန်လည်ထိုင်ချကုန်ကြလေသည်။

သူတို့သည် ရဲမက်မှူးဟောင်းပုတို ပြောလာမည့်စကားကို နားစွင့်နေကြ၏။

အတန်ကြာတော့မှရဲမက်မှူးဟောင်းပုတိုက လွတ်နေသော ကုလားထိုင်သို့ တစ်ချက်လှမ်းကြည့်လိုက်သည်။

'အခုချိန်ထိ ငွေချေးငှားနိုင်ရင် ထိုက်ရင်ကျောင်းပြန်မရောက်သေးပါဘူး၊ ဒီကနေ့စောစောစော အိပ်ရာက ထတဲ့အခါ သူ့ကို တယ်သူကမြင်တွေ့လိုက်ကြသေးသလဲ'

အားလုံးက ခေါင်းခါယမ်းပြလိုက်ကြသည်။

ရဲမက်မှူးဟောင်း ပုတိုက...

'ဒါဆိုရင် ထိုက်ရင်ကျောင်းဟာ ညထဲက ထွက်သွားသလား၊ ဒါမှမဟုတ် မနက်စောစောမှ ထွက်သွားသလဲဆိုတာ ထင်ရှားဖြစ်ရမယ်'

'သူဘာဖြစ်နေသလဲ၊ ဘယ်ကိုရောက်နေသလဲဆိုတာ ကျုပ်တို့အားလုံး လိုက်ရှာကြဖို့လိုတယ်'

အားလုံးက ခေါင်းညိတ်လိုက်ကြသည်။

ရဲမက်မှူးဟောင်းပုတိုက စကားဆက်လိုက်သည်။

'အခုအခြေအနေဟာ စဉ်းစားစရာဖြစ်နေတဲ့ အခြေအနေကို တွေ့ရတယ်၊ ဥပမာ... ရှိနေတဲ့ လူပုကလေး ကြေးရုပ်ကိုးရုပ်ထဲမှာ ကြေးရုပ်တစ်ရုပ်ဟာ အက်ကွဲသွားတယ်၊ သူ့ဟာသူတော့ အက်ကွဲသွားမှာမဟုတ်ဘူး၊ ဘယ်သူ့လက်ချက်နဲ့ အက်ကွဲသွားတာလဲ'

အားလုံးက နားထောင်ရင်း ဘယ်သူမှ စကားမပြောဘဲ တိတ်ဆိတ်နေကြလေသည်။

ရဲမက်မှူးဟောင်းပုတိုက စကားဆက်ပြန်လေသည်။



'နံရံမှာချိတ်ထားတဲ့ ကဗျာမှာလဲ လူပုလေးတစ်ယောက် ပျောက်နေတယ်ဆိုတာ ပါရှိသတယ်၊ ဒါဟာ တိုက်ဆိုင်မှုများဖြစ်နေသလား၊ တိုက်ဆိုင်မှု မဟုတ်ရင်တော့ ကျုပ်တို့မှာ အန္တရာယ်ထမ်းနဲ့ရင်ဆိုင်တွေ့ကြုံနေရပြီလို့ ယူဆရမှာပဲ'

ဗိုလ်မှူးလောဟောင်းရှောင်ဖုန်းက လူငယ်ပီပီ စိတ်မြန်ကိုယ်မြန်ဖြင့်...

'အခုလိုထိုင်နေလို့ အချိန်ကုန်ရုံပဲရှိမယ်၊ ပျောက်ဆုံးနေတဲ့ ထိုက်ရင်ကျောင်းကို အမြန်ဆုံးလိုက်ရှာရင် အကျိုးရှိမယ်နဲ့တူတယ်'

ရဲမက်မှူးဟောင်းပုတိုက ခေါင်းညိတ်သည်။

'ခင်ဗျားပြောတာမှန်တယ်၊ ဒါပေမယ့် လိုက်ရှာတယ်ဆိုတာ စနစ်တကျမှန်ကန်ဖို့လိုအပ်တယ်'

ဆရာဝန်ကြီး ပေါ်ကုန်းက ခေါင်းညိတ်လိုက်သည်။

'ဒါမှန်တယ်'

မြေပိုင်ရှင် တီကျူက...

'ရဲမက်မှူးပဲပြောပါ၊ ကျုပ်တို့စနစ်တကျရှာရမယ်ဆိုတာ'

ရဲမက်မှူးဟောင်း ပုတိုက...

'ဒီကျွန်းလေးကို ကျုပ်မနေ့ကရောက်လာတာနဲ့ အကဲခတ်ကြည့်ပြီးပါပြီ'

'ကျွန်းပတီလည်းဟာ လီခေါင်း သုံးဆယ်ကျော်လောက်ပဲ ကျယ်ဝန်းပါတယ်၊ တောအုပ်များမှာလဲ ကျိုးတိုးကျဲတဲပဲရှိတဲ့အတွက် ရှာဖွေတဲ့လုပ်ငန်းဟာ မခက်လှပါဘူး'

ဗိုလ်မှူးလေးဟောင်း ရှောင်ဖုန်းက....

'မှန်ပါတယ်၊ ကျုပ်တို့ရှာဖွေရေးလုပ်ငန်း ဘယ်လိုစရမလဲ ပြောပါ'

ရဲမက်မှူးဟောင်း ပုဘိုက...

'ကျုပ်တို့အားလုံးမှာ လူရှစ်ယောက်ရှိပါတယ်၊ အဲဒီတော့ နှစ်ယောက်တစ်ဖွဲ့ ဖွဲ့လိုက်ရင် လေးဖွဲ့ရလာပါလိမ့်မယ်၊ အဲဒီလေးဖွဲ့ကို ကျွန်းကလေးမှာလူစုခွဲပြီး ရှာဖွေလိုက်ရင် လုံလောက်ပါပြီ'

အစပေါင်ဆိုင်ပိုင်ရှင် လောက်ကြီးက....

'ကောင်းပါပြီ၊ ကျုပ်နဲ့ မြေပိုင်ရှင် တိကျူနဲ့ တွဲပါမယ်၊ အရှေ့ဘက်ကိုရှာဖို့တာဝန်ယူမယ်'

တရားသူကြီးဟောင်း ပေါက်ကုန်းက....

'ကျုပ်နဲ့သမားတော်ကြီး တွဲမယ်၊ အနောက်ဘက်ခြမ်းကို တာဝန်ယူမယ်'

ဗိုလ်မှူးလေးဟောင်း ရှောင်ဖုန်းက....

'ကျုပ်က လုလုချန်းနဲ့တွဲပြီး တောင်ဘက်ခြမ်းကိုတာဝန်ယူပါ့မယ်'



ရဲမက်မှူးဟောင်းပုဘိုက ရယ်မောသိုက်လေသည်။

'ကျုပ်က ဟောင်းကစားပိုင်ရှင် ချူရင်ထုံနဲ့တွဲရတော့မှာပေါ့ဗျာ'

ဤသို့ဖြင့် သူတို့အဖွဲ့လေးဖွဲ့တို့သည် အိမ်ကြီးထဲမှထွက်ခွာသွားကြပြီး ရှာဖွေရေးလုပ်ငန်းကို စတင် အသည်းပြင်ကြလေသည်။

ရဲမက်မှူးဟောင်း ပုဘိုက ဝါးဖြင့်ပြုလုပ်ထားသော ပုလွေတိုလေးချောင်းကို ထုတ်ပေးလိုက်သည်။

'ခင်ဗျားတို့အဖွဲ့ကို ပုလွေတိုတစ်ချောင်းစီ ပေးထားမယ်၊ ထိုက်ရင်ကျင်းကို အရင်ဆုံးတွေ့တဲ့လူက ဒီပုလွေတိုမှုတ်ပြီး အချက်ပေးကြပါ'

ကျန်ရှိသော အဖွဲ့သုံးဖွဲ့တို့က ပုလွေတိုတစ်ချောင်းစီလက်ခံပြီး မိမိတာဝန်ကျသောဘက်သို့ ဦးတည်ပြီး ထွက်ခွာသွားကြလေသည်။

ပထမလူ

---

ရှာဖွေရေးလုပ်ငန်း စတင်ခြင်းပင် မပြုသေးပါ။

ထိုတိုက်ထဲ၌ လူချင်း ခွဲခွာနေရသည့် ရောက်ရှိလာသည်နှင့် ရှည်လျားလှသော မျိုးပုတ်ထဲ၌ လူတစ်ယောက် လဲလျောင်းနေသည်ကို တွေ့မြင်လိုက်ရပေသည်။

ထိုလူမှာ ပျောက်ဆုံးနေသော ထိုက်ရှင်ကျောင်းပင်ဖြစ်သည်။

ထိုက်ရှင်ကျောင်း၏ရင်ဘတ်တွင် ဓားရာတစ်ချက် တွေ့ရှိရလိုက်ပေသည်။

ဓားရာမှ ထွက်လာသည့် သွေးများပင် ခြောက်သွေ့စ နေ၏။



သမားတော်ကြီးက အလောင်းကို သေသေချာချာကြည့်ရှုစစ်ဆေးလိုက်ပြီး ဤသို့မှတ်ချက်ချလိုက်လေသည်။

'ကျုပ်ခန့်မှန်းတဲ့အချက်မမှားဘူးဆိုရင် ထိုက်ရှင်ကျောင်းဟာ မိုးလင်းခါစအချိန်မှာ သေဆုံးသွားတာဖြစ်ရမယ်၊ သူ့ရဲ့ရင်ဝကို တစ်စုံတစ်ယောက်က ချွန်ထက်တဲ့ဓားနဲ့ ထိုးသွင်းလိုက်တဲ့ဒဏ်ရာကြောင့် သေဆုံးသွားတာဖြစ်တယ်'

ရဲမက်မှူးဟောင်းပုက မျက်မှောင်ကုတ်သွားလေသည်။

'ထိုက်ရှင်ကျောင်း သေဆုံးတဲ့နေရာနဲ့ အိမ်ကြီးဟာ ခြေလှမ်းငါးဆယ်လောက်ပဲကွာတယ်၊ သူက ရန်သူကိုတွေ့တာနဲ့ အော်လိုက်ရင် ကျုပ်တို့ကြားမှာပဲ၊ သူက ဘာကြောင့် မအော်ရတာလဲ'

သမားတော်ကြီးက...

'ရန်သူဟာ သူ့ကို ရုတ်တရက် တိုက်ခိုက်လိုက်တဲ့အခါမှာ သူက လုံးဝ မအော်နိုင်လိုက်တာဖြစ်ရမယ်'

ရဲမက်မှူးဟောင်းက ပါးစပ်ပိတ်သွားလိုက်လေသည်။

အတန်ကြာတော့မှ မြို့ပိုင်ရှင်တိကျူက...

'သေတဲ့လူက သေပြီ၊ လူသတ်တရားခံ ဘယ်သူလဲဆိုတာ ကျုပ်တို့ မရမနေ ဖော်ထုတ်ရမှာပဲ၊ အခု ဒီအလောင်းကို ကျုပ်တို့ ဘာလုပ်ကြမလဲ'

အပေါင်ဆိုင်ပိုင်ရှင် လောက်ကြီးက...

'ဒီနေ့ပဲ ကျောင်းတူးပြီး မြှုပ်လိုက်တာပေါ့'

တရားသူကြီးဟောင်း ပေါက်ကုန်းက....

'ကျောင်းတူးပြီး မြှုပ်စရာမလိုပါဘူး'

သစ္စာတော်ကြီးက....

'ဒါဖြင့် ရေထဲပစ်ချရမှာလား'

ရဲမက်မှူးဟောင်းပုတိုးက....

'ဒါဟာလူသတ်မှု၊ အထောင်းကို ဖျောက်ဖျက်ပစ်လို့ မဖြစ်သေးဘူး၊ တော်ကြာ ကျုပ်တို့ခေါင်းပေါ် အမှုပတ်လာလိမ့်မယ်'

တရားသူကြီးက....

'ဒါဆို ဒီအတိုင်း ထားခဲ့ရမှာလား'

တရားသူကြီးဟောင်းပေါက်ကုန်းက....

'ကျုပ် သတိရလာပြီ၊ မြေအောက်ခန်းထဲမှာ အသစ်လုပ်ထားတဲ့ ခေါင်းကိုးလုံး အသင့်စီရီထားတာကို အားလုံးတွေ့ခဲ့ကြတယ်မဟုတ်လား'

လုလုချန်းက ခေါင်းညိတ်လိုက်သည်။

'တရားသူကြီးရဲ့သဘောက....'

တရားသူကြီးဟောင်း ပေါက်ကုန်းက ခေါင်း ညိတ်လိုက်သည်။



'ထိုက်ရင်ကျောင်းရဲ့ အလောင်းကို မြေအောက်ခန်းထဲမှာရှိတဲ့ ခေါင်းအလွတ်တစ်ခုထဲမှာထားရင် မြေအောက်က အအေးဓာတ်ကြောင့် အလောင်းက တော်တော်နဲ့ပုပ်မှာ မဟုတ်ဘူး'

သူ၏ အကြံပေးသောစကားကို အားလုံးက လက်ခံလိုက်လေသည်။

ဤသို့ဖြင့် သူတို့သည် ထိုက်ရင်ကျောင်း၏ အလောင်းကို ပြန်ဆယ်လာပြီး မြေအောက်ခန်းမှာ အသင့်ရှိနေသည့် ခေါင်းကိုးလုံးမှ တစ်လုံးထဲသို့ ထည့်လိုက်လေသည်။

လောင်းကစားအိမ်ပိုင်ရှင် ချူရင်ထုံက ခေါင်း၏ထိပ်ပိုင်းတွင် ထိုက်ရင်ကျောင်း၏အမည်နှင့် သေဆုံးသောနေ့စွဲကို ရေးသားထားလေသည်။

❋ ❋ ❋

သူတို့သည် ညေ့ခန်းရှိရာသို့ ပြန်လည် စုရုံးရောက်ရှိလာကြလေသည်။

စကားတစ်ခွန်းမှမပြောကြဘဲ ငေးငိုင်နေကြလေသည်။

လောင်းကစားအိမ်ပိုင်ရှင် ချူရင်ထုံက ရုတ်တရက် ပြောလိုက်လေသည်။

'လူကြီးမင်းတို့ကို ပြောရဦးမယ်၊ ဒီကျွန်းကလေးပေါ်မှာရှိမယ့် အကျိုးအမြတ်ကို ကျုပ်က မမက်မောတော့ပါဘူး။

ဒါကြောင့် နောက်ဖြစ်မနက် ကျွန်ုပ် ကျွန်ုပ် ဒီကျွန်းက ထွက်ခွာသွားပါရစေလို့ အားလုံးကို အသိပေးထားပါရစေ'

မြေပိုင်ရှင်တကျော့ ခေါင်းညိတ်ပိုက်သည်။

'ဒါမှန်တယ်၊ ကျုပ်လဲ သွားတော့မယ်'

အဒေါင်ဆိုင်ပိုင်ရှင်အောင်ကြီးက ရယ်မောလိုက်သည်၊

'ကျုပ်လဲ လိုက်မှာပေါ့ဗျာ'

သူတို့က ဤသို့ပြောလာကြသဖြင့် ကျန်ရှိသောသူများ လည်း သဘောတူကြလေသည်။

ရဲအက်မှူးဒေဟာင်းမှုတိုက...

'ဒါပဲပဲကောင်းပါတယ်။ ကျုပ်တို့ဆက္ကသိုလ်ရဲဘာဘာအချိန်ကုန် လူပင်ပန်းပြီး ဘာအကျိုးမှမရှိပါဘူးဗျာ'

ဤသို့ဖြင့် သူတို့သည် နောက်တစ်နေ့နံနက်အချိန်တွင် ထို ကျွန်းကလေးပေါ်မှ ထွက်ခွာသွားကြရန် တညီတညွတ်တည်း ဆုံးဖြတ်လိုက်လေသည်။

သို့သော်...

လေမုန်တိုင်း။

---

တို့သ...

အားလုံးသောသူများသည် ညစာစားပြီးသည်နှင့် စော စောပင် အိပ်ရာသို့ဝင်သွားကြလေသည်။

သူတို့သည် ဤအခိပ္ပာယ်မရှိသော ကျွန်းကလေးပေါ်၌ လုံးဝ မနေလိုတော့ပါ။

သူတို့ မျှော်မှန်းထားသော အမြတ်အစွန်းများ ရရှိမှုထက် မိမိအသက်မှာ ပို၍ အရေးကြီးနေပြီ မဟုတ်ပါလော။

မိမိအသက်နှင့်နှိုင်းယှဉ်လျှင် အသက်ရှင်နိုင်ခြင်းသာ ပို၍ တန်ဖိုးထားမည် မဟုတ်ပါလော။

● ❋ ●

ထိုည ...

သန်းခေါင်ယံကျော်လွန်လာသည်နှင့် လေ၏ တိုက်ခတ်သံ များကို စတင်ကြားမိကြလေသည်။

လေတိုက်ခတ်နှုန်းသည် တစ်စထက်တစ်စ ပြင်းထန်လာရာ လှိုင်းတံပိုးများတို့သည် ကမ်းစပ်များကို ရိုက်ပုတ်သောအသံ များမှာလည်း တစ်စထက်တစ်စ ကျယ်လောင်လာလေသည်။

ထို့နောက် ကမ္ဘာပျက်မတတ် မိုးခြိမ်းသံ ဟိန်းထွက်လာ သည်။ မိုးကြီး သဲသဲမဲမဲ ရွာသွန်းလာလေတော့သည်။

မိမိအခန်းထဲ၌ အိပ်နေကြသောသူများသည် မိုးသံလေသံ ကြောင့် အိပ်၍မရဘဲ ထ၍ကြည့်ကြလေသည်။

နေ့ဘက်တွင် ရေပြင်တစ်ခုလုံး ငြိမ်သက်ပြီး ကောင်းကင်တ ခုလုံးမှာ သာသာယာယာဖြစ်နေသည်ကို တွေ့ခဲ့ရသောအည ယခုမူမူ ပြင်းထန်သော မုန်တိုင်းကျရောက်လာပြီး ကျွန်း ကလေးတစ်ခုလုံး ပင်တုန်ခါသွားသည်ဟု ထင်မြင်မှတ်ယူကြ လေတော့သည်။

• • •



မိုးလင်းလား ပြီဖြစ်သော်လည်း....

မုန်တိုင်းက မစဲသေးပါ။ အိမ်ကြီးထဲမှ အပြင်ဘက်သို့ မျှော်ကြည့်လိုက်လျှင် လှိုင်းတံပိုးများသည် ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် ကြီးမားနေ၏။ ပြင်းထန်သော လေ တိုက်ခတ်မှုကြောင့် သစ်ပင်များတို့သည် အမြစ်များကျွတ်မတတ် ယိမ်းယိုင်နေ၏။

အိမ်ကြီးထဲမှ ရှိနေသောလူများသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မျက်နှာရှုံ့မဲ့ကုန်ကြလေသည်။

သမားတော်ကြီးက ပြုံးပြလိုက်သည်။

'လေမုန်တိုင်းကျနေပြီပဲ၊ တစ်ဖက်ကမ်းကူးဖို့ ဘယ်ဖြစ်ပါ့ မလဲ၊ မုန်တိုင်းငြိမ်သွားတော့မှ သွားကြတာပေါ့ဗျာ'

သူက စကားဆက်လိုက်သည်။

'ကျုပ်တို့ မသွားဖြစ်သေးလဲ ထမင်းစားကြဦးမယ်မဟုတ် လား'

အစပေါင်ဆိုင်ပိုင်ရှင်က ရယ်မောလိုက်သည်။

'စားရမှာပေါ့ဗျာ'

သူက လုလုချွန်းအား လှမ်းခေါ်လိုက်သည်။

'ကဲ... ကောင်မလေး ပေါင်တို့လုပ်ငန်း စလိုက်ကြရအောင်'

လုလုချွန်းက ထိုင်ရာမှ ထ လိုက်သည်။

ထို့နောက် အပေါင်ဆိုင်ရှင်နှင့်အတူ ချက်ပြုတ်ရန် ထွက်သွားကြလေတော့သည်။

* * *

လေမုန်တိုင်းသည် သုံးညနှင့်သုံးရက်တိုင်တိုင် ကျရောက်ပြီးမှ ရပ်တန့်သွားလေသည်။

ကောင်းကင် တစ်ခုလုံးမှာ တိမ်ဘိုက်များ မရှိတော့ဘဲ ပြာလဲ့လဲ့ အရောင်သမ်းနေ၏။ ရေပြင်တစ်ခုလုံးမှာ ငြိမ်သက်လျက်ရှိသည်။

သမားတော်ကြီးတို့လူစုသည် ကမ်းစပ်ရှိရာသို့ လျှောက်သွားကြပြီး တစ်ဖက်ကမ်းအား လှမ်း၍မျှော်ကြည့်လိုက်သည်။

တစ်ဖက်ကမ်းကို ရေးရေးမျှသာ မြင်တွေ့လိုက်ရသောကြောင့် အကူအညီတောင်းရန် မဖြစ်နိုင်သည်ကို နားလည်မိလေသည်။ သမားတော်ကြီးက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'သူတို့က အလိုက်သိပြီး ကူးတို့လှေတစ်စင်း ပို့လိုက်ရင် ဘယ်လောက်ကောင်းမလဲ'

လုလုံချန်းက ပြုံးလိုက်သည်။

'ပို့တော့ပို့မှာပါ၊ ကျွန်မတို့ စိတ်ရှည်လက်ရှည် စောင့်ဖို့ လိုပါတယ်'



သမားတော်ကြီးက စကားမပြောတော့ပါ။

ယခု သူတို့သည် အိမ်ပြန်ချင်သောစိတ်များ ပြင်းထန်လာခဲ့သည်။

သူတို့သည် ကမ်းစပ်သို့ရောက်ရှိလာကြပြီး ကူးတို့လှေ ရောက်လာနိုးနိုးနှင့် စောင့်မျှော်နေကြလေသည်။

သို့သော် ကူးတို့လှေ၏အရိပ်အယောင်ပင် မတွေ့ရသေးပါ။

သူတို့သည် စောင့်စိတ်ဓာတ်ကျလာကြလေသည်။

လေးရက်မြောက်သောနေ့တွင် သူတို့သည် ရင်တုန်စရာ ဖြစ်တစ်ခု တွေ့လိုက်ရလေသည်။

ဒုယတိလူ

---

နံနက်....

အားလုံးသောလူများသည်အိပ်ရာထ, ထာသည်နှင့် မနက်စာစားရန် ညှော်ခန်းသို့ ရောက်ရှိလာကြလေသည်။

စားဖိုမှူးအဖြစ်တာဝန်ယူထားသော အသပေါင်ဆိုင်ပိုင်ရှင်ယောက်ကြီးနှင့် လုလုချန်းတို့သည် ဆန်ပြုတ်ပန်းကန်များကို စားပွဲပေါ်သို့ အသင့်ပြင်ဆင်ထားလေသည်။ သူတို့သည်စိုင်စားသောက်နေကြရာ ရဲမက်မှူးဟောင်းပုတို့က အပေါင်ဆိုင်ပိုင်ရှင်လောက်ကြီးတစ်ယောက် ရောက်မလာသေးသည်ကို မြင်ရသဖြင့် လုလုချန်းအား လှမ်းမေးလိုက်လေသည်။



"လုလုချန်း၊ ငါတို့ဘိုးမှူး မရောက်သေးပါလား'

လုလုချန်းက ပြုံးလိုက်လေသည်။

'သူစားပြီးလို့ ထင်းခွေသွားလေရဲ့'

ရဲမက်မှူးဟောင်းပုတိုက မျက်မှောင်ကုတ်သွားလေသည်။

'ထင်းခွေသွားကုန်သွားပြီလား'

လုလုချန်းက....

'မကုန်သေးပါဘူး၊ ဒါပေမယ့် နည်းနေတယ်၊ ဒါကြောင့် သူက ထင်းခွေပြီး အကိုနဲ့အခြောက်ရောပြီးဆိုက်မှ လုံလောက်မယ်လို့ပြောပြီး ထွက်သွားတာပဲ'

ရဲမက်မှူးဟောင်းက စကားမပြောတော့ပါ။

သူတို့သည် စားသောက်ပြီးသည်နှင့်အ အသီးသီး ထွက်ခွာသွားကြပြီး ကမ်းစပ်သို့ဆင်းသွားကြလေသည်။ ကူးတို့လှေလုံးဝ ရောက်မလာသည်ကို တွေ့တော့မှ စိတ်ပျက်စွာ ပြန်ရောက်လာလေသည်။

သူတို့သည် မိမိအိပ်ခန်းထဲ ပြန်ဝင်အိပ်ကြ၏။ အချို့က ညှော်ခန်းထဲ၌ စာဖတ်နေ၏။ အချို့မှာမူ အချင်းချင်း သောင်းကစားနေကြ၏။

ညနေ ချိန် ရောက်သောအခါ လုလုချန်းက ညစာပြင်ဆင်နေ၏။ အားလုံး ညှော်ခန်းစားပွဲရှိရာသို့ ရောက်ရှိလာပြီဖြစ်၏။

သို့သော် စားဖိုမှူး ရောက်ရှိလာခြင်း မတွေ့ရပေ။

ရဲမက်မှူးဟောင်းပုတိုက လုလုချန်းအား မေးလိုက်သည်

'စားဖိုမှူး ပြန်မရောက်သေးဘူးလား'

လုလုချန်းက ခေါင်းခါယမ်းလိုက်သည်။

'မရောက်သေးဘူးရှင့်'

ရဲမက်မှူးမှာ မျက်မှောင်ကုတ်သွားလေသည်။

'ကြာလှချည်လား၊ ၉နာရီတောင်ဝင်တော့မယ်'

လုလုချန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ကျွန်မလဲ မျှော်နေတာပဲ၊ အခုထိမရောက်သေးဘူး'

ထိုအချိန် ဗိုလ်ကလေးဟောင်းရှောင်ဖုန်း၊ မျက်လုံးအစုံသည် ကြွေရုပ်များ ထားရှိသောနေရာသို့ လှမ်းကြည့်လိုက်သည်။

'တောဗျာ'

ဟု အသံကျယ်လောင်စွာ အော်မိလိုက်လေသည်။

သူ၏ ထိတ်လန့်တကြားအော်လိုက်သောအသံကြောင့်အားလုံးသောသူများသည် သူ့အား လှည့်ကြည့်လိုက်လေသည်။

ဗိုလ်မှူးလေးဟောင်းရှောင်ဖုန်း၏ မျက်နှာတစ်ခုလုံးဖြူဖတ်ဖြူရော် ဖြစ်နေသည်ကို တွေ့ရလေသည်။



ရှောင်ဖုန်း ငေးမောကြည့်လိုက်သောနေရာကို ကြည့်လိုက်သောအခါ သူတို့အားလုံး မျက်နှာကွက်ခနဲ ပျက်သွားကုန်၏။

ခုံငယ်ပေါ်၌ အစီအရီထားရှိသော ကြွေရုပ်ကလေးများမှ နောက်ထပ် လူပုကလေးအရုပ်တစ်ရုပ် ကွဲအက်သွားသည်ကို တွေ့မြင်လိုက်ခြင်းဖြစ်ပေသည်။

'ဝုန်း'

မြေပိုင်ရှင် တိကျူက ရုတ်တရက်ထ၍ ကုလားထိုင်အား တွန်းဖယ်လိုက်ပြီး တစ်ရှိန်ထိုး ပြေးထွက်သွားလေသည်။

ဒုတိယပြေးလိုက်သွားသူမှာ လုလုချန်းဖြစ်သည်။

ထို့နောက် တစ်ယောက်ပြီးတစ်ယောက် ပြေးလွှားထွက်ခွာသွားလေသည်။

* * *

အိမ်ကြီး၏နောက်ဘက် ပေသုံးရာခန့်အကွာတွင် တောအုပ်တစ်အုပ်ရှိသည်။

အပေါင်ဆိုင်ပိုင်ရှင်လောက်ကြီးသည် သူခုတ်လှဲထားသော ထင်းပုံကြားမှာ လဲလျောင်းနေ၏၊

သူ၏ ဦးခေါင်းပေါ်၌ ရဲတင်းတစ်လက်စိုက်ထားနေသည်။ သွေး များသည် မြင်မကောင်းရှုမကောင်းဖောက်ထွက်ကာ မျက်နှာ ပေါ်သို့ ကျနေ၏။

သူ၏မျက်လုံးအစုံသည် အလွန် ကြောက်မက်ဖွယ်ကောင်း သည့် သတ္တဝါတစ်ကောင် မြင်တွေ့ရသည့်အလား ကြောက်ရွံ့ ခြင်း၊ အံ့သြခြင်း စသည့် အရိပ်အယောင်များ တွေ့မြင်ရလေသည်။

လုလုချန်းသည် မကြည့်ရက်တော့ဘဲ မျက်နှာလွှဲသွားလေ သည်။

မည်သူတစ်ဦးတစ်ယောက်မှ စကားမပြောကြတော့ပါ။

သူတို့သည် လောက်ကြီးအလောင်းကို ပြန်လည်သယ်ယူလာ ပြီး မြေအောက်ခန်းရှိ အခန်းတစ်ခုတွင် ထည့်လိုက်ကြ လေသည်။

* * *

ညမှောင်လာပြီဖြစ်သည်။

စားပွဲပေါ်မှ ဖယောင်းတိုင်မီးများ ထိန်ထိန်လင်းနေ၏။

ညစာများ အသင့်ပြင်ထားပြီး ဖြစ်သော်လည်း မည်သူမျှ မစားနိုင်ကြဘဲ ငေးငိုင်စွာထိုင်နေ၏။



ရဲဘော်မှူးဟောင်းပုဂ္ဂိုလ်သည် လွတ်နေသော ကုလားထိုင် တစ် လုံးကို ငေးမောကြည့်နေ၏။

သူ၏ မျက်နှာပေါ်တွင် ဒေါသထွက်ခြင်း၊ ခံပြင်းခြင်း၊ ဝမ်းနည်းခြင်း၊ ကြောက်ရွံ့ခြင်း စသည့် ဟန်အမူအရာများ ရောယှက် ပေါ်လွင်နေ၏။

လုလုချန်းသည် ထိုရာမှ ငြည်းညင်းစွာ ထ,လိုက်သည်။

ထို့နောက် နံရံပေါ်မှ ချိတ်ဆွဲထားသော ကဗျာတစ်ပုဒ် ရှိရာသို့ တစ်လှမ်းချင်းလှမ်းသွားလေသည်။

ထို့နောက် အများကြားနိုင်စေရန် အသံထွက် ဖတ်လိုက် လေသည်။

'တောင်ပေါ်တက်သွား ထင်းခုတ်သမား၊
ရဲတင်းခေါင်းပေါ် ခုတ်မိသွား၊'

သူမ ရွတ်ဖတ်လိုက်သော ကဗျာများသည် အားလုံး၏နှလုံး ကို သံတူဖြင့်ထုခါလိုက်သည့်အလား နာကြည်းသော ဝေဒနာ များ ဖြစ်လာလေသည်။

သူမက ချာခနဲ လှည့်လိုက်လေသည်။

ထိုင်နေကြသောသူများအား တစ်ချက် လှည့်ကြည့်လိုက် သည်။

သူမ၏မျက်လုံးအစုံတွင် မျက်ရည်များဝဲနေ၏။

'အားလုံးက ဒီအတိုင်း လက်ပိုက်ကြည့်နေတော့မှာလား ကျွန်မတို့ အခုဘယ်လိုအခြေအနေ ရောက်ရှိနေပြီဆိုတာ နား လည်ကြမှာပေါ့နော်'

အားလုံးက တိတ်ဆိတ်နေကြလေသည်။

လုလုချန်းက....

'ရှင်တို့အားလုံး ရေငုံနေကြတော့ ယောကျ်ားတွေဖြစ်ပြီ ဒီအတိုင်း သူများသတ်ဘာကိုလည်းစင်းခံကြတော့မှာအား'

သူမက ပြောရင်းပြောရင်း အသံများ ကျယ်လောင်လာ လေသည်။

'အခု ကျွန်မအပါအဝင် လူကြီးမင်းတို့အားလုံး လူသတ် သမားထားတဲ့ထောင်ချောက်ထဲကိုရောက်ရှိနေကြပြီ၊ နောက်ပြီ သူအကွက်ဆင်တဲ့အတိုင်း ကျွန်မတို့ကိုးယောက်ကို တစ်ယောက် ပြီး တစ်ယောက် သတ်လိမ့်မယ်ဆိုတာ ရှင်တို့မသိကြဘူးလား

သူမက လူပုကလေး ကြွေရုပ်များကို လက်ညှိုးဖြင့်ထိုး ပြလိုက်သည်။

'ဟိုမှာ လူပုကလေးကြွေရုပ် ကိုးရုပ်ထားခဲ့တယ်၊ ဒါဟာ ကျွန်မတို့ကိုးယောက်ကိုယ်စားပဲ၊ အခုကြည့်လေ ထိုက်ရင်ကျော် အသတ်ခံရတုန်းက လူပုကြွေရုပ်ကလေးတစ်ရုပ် ကွဲသွားတယ် အဲဒါ ဟိုကဗျာ ပထမအပိုဒ်မှာ ရည်ညွှန်းထားတယ်၊ အ အပေါင်ဆိုင်ပိုင်ရှင် လောက်ကြီးသေဆုံးသွားတော့ ကြွေရု ကလေး တစ်ရုပ် ကွဲသွားပြန်ပြီ'



သူမက ကပျာကယာ ကဗျာကိုထောက်ပြလိုက်သည်။

'အခု အပေါင်ဆိုင်ပိုင်ရှင် လောက်ကြီးအသတ်ခံရတာက ဟောဒီကဗျာ ရေးထားတဲ့အတိုင်း ဖြစ်လာပြန်ပြီ၊ ဒီကဗျာ အားလုံးကို ဖတ်ကြည့်မယ်ဆိုရင် ကျွန်မတို့ကို တစ်ယောက်ပြီး တစ်ယောက် အကွက်ဆင်ပြီးမှချသတ်တော့မယ်ဆိုတာ လူကြီး မင်းတို့ မသိကြဘူးလား'

အားလုံးသောလူများသည် တိတ်ဆိတ်နေကြလျက်...

လုလုချန်းက ပို၍ ဒေါသထွက်လာလေသည်။

'ရှင်တို့က ဘယ်လိုလဲ စကားမပြောတတ်ကြတော့ဘူးလား'

ထိုအခါကျမှ တရားသူကြီးဟောင်း ပေါက်ကုန်ရဲ့အသံ ထွက်ပေါ်လာလေသည်။

'ခင်ဗျားစိတ်ထိခိုက်နေသလို ကျုပ်တို့ကလဲ ထပ်တူထပ်မျှ စိတ်ထိခိုက်နေကြပါတယ်၊ ဒါပေမယ့် လူသတ်ကောင်က ဘယ် သူလဲ၊ သူဘယ်မှာပုန်းနေတာလဲ ဒါတွေမှမသိတာ၊ ဒါကြောင့် ချက်ချင်းသူ့ကိုဖမ်းလို့လဲ မရနိုင်ဘူး'

လုလုချန်းက မဲ့ပြုံးပြုံးလိုက်သည်။

'ဩော်....တရားသူကြီးမင်း ပြောတဲ့အတိုင်းဆိုရင် ဒီအတိုင်း ထိုင်ပြီး လူသတ်ကောင်သတ်တာကို စောင့်နေကြရမှာပေါ့'

သမားတော်ကြီးက ကြားဖြတ်လိုက်သည်။

'လုလုချင်း ... ခင်ဗျား စိတ်အဆောက်လွှပ်ရှားနေတယ်၊ အရူး သူကြီးမင်း ပြောတာ မှန်တယ်၊ အခြေအနေအားလုံးကို မသိဘဲ မှားတတ်တဲ့၊ ဒါပေမယ့် ကျုပ်တို့က ဘာလုပ်သင့်ရှိသလဲ စိတ်ကို ထိန်းချုပ်နိုင်ရမှ ထိန်းချုပ်ပြီးခေါင်းအေးအေး ဘာဆုံးဖြတ် ရမှာ၊ ဒါဆိုရင် နောက်လမ်းတွေ ပေါ်လာမှာ မဟုတ်ဘူး'

လုလုချင်းသည် စကားဆက်မပြောတော့ဘဲ ဘူ၏နေရာသို့ ဆိုင်းချလိုက်လေသည်။

ရဲမင်းမှူးဟောင်း ပုဂိုလ်က အားလုံးကို ကြည့်လိုက်သည်။

'ကျုပ်တို့လူပုံအသယ်မှာ ဒီကြေရှပ်ကလေးကို ဘယ်သူက ဖောခဲ့သလဲ၊ ကျုပ်တော့ သိပ်ခံချင်တော့ဘူးဗျာ'

မြေပိုင်ရှင် တိကျူက...

'ဒီညတော့ ဒီကြေရှပ်ကို ဘယ်သူက လာရိုက်ခဲ့တယ်ဆိုတာ ကျုပ်မအိပ်ဘဲ စောင့်ကြည့်နေမယ်'

ရဲမင်းမှူး ဟောင်း ပုဂိုလ်က ခေါင်းညိတ်လိုက်သည်။

'ဒီအကြံကောင်းတယ်၊ ကြေရှပ်ကိုရိုက်ခဲ့တဲ့လူဟာ လူသတ် တရားခံ ဖြစ်မယ်၊ ဒါကြောင့် ကျုပ်တို့ လူစုခွဲ ကင်းပုန်းစောင့် မယ်၊ ကြေရှပ်ကို ရိုက်ခဲ့တဲ့လူတွေ့ရင် အမိအရ ဖမ်းဆီးရမယ်'

သူ၏အကြံကို အားလုံးက သဘောတူကြ၏။



ထို့နောက် ရဲမင်းမှူးဟောင်းကကျွန်ရှိသော သူများကိုခွဲဝေ တာဝန် ပေးလိုက်၏။

[illegible] ကြည့် [illegible]
စာရင်း ၁၈ ၁၃၈၊ မိ စစ်း
ဘောင် ၄ ရွိ
ရုန်၊ ၂၁၄၅၅

ရဲမင်းမှူးဟောင်းပုဂိုလ်တို့ လူစုသည် အလှည့်ကျ ခွဲဝေပြီး ညလုံးပေါက် ကင်းပုန်းစောင့်နေကြသည်။

သို့သော် မိုးစင်စင် လင်းသွား၏။ ကြေရှပ်လာရောက်ရိုက် ခဲ့သောသူ မတွေ့လိုက်ပါ။

သူတို့မှာလည်း တေးမသိရန်ခဲ့သဲအန္တရာယ်ကင်းနေကြ၏။

သူတို့သည် ယင်းကျွန်းမှ ထွက်ခွာသွားနိုင်ရန် ကူးတို့လှေ အား လှမ်းမျှော်ကြည့်နေသော်လည်း ကူးတို့လှေက ရောက် မလာပါ။

သူတို့လည်း အလှည့်ကျ ကင်းစောင့်နေရသောကြောင့် အအိပ်ပျက် အစားပျက်ဖြင့် ပင်ပန်းနေကြ၏။

တစ်နေ့ သူတို့မနက်စာ စားသောက်နေရာမှ တရားသူကြီး ဟောင်း ပေါက်ကုန်းက ညကြီးပြိုလိုက်သည်။

'ငါတို့ဒီအတိုင်းထိုင်စောင့်နေလို့ ရက်ကြာသွားရင် အားလုံး သေကုန်မယ်၊ ဒါကြောင့် ကျုပ်အကြံတစ်ခုပေးလိုပါတယ်'

ဗိုလ်မှူးဟောင်း ပုဘိုက...

'အမိန့်ရှိပါ တရားသူကြီးမင်း'

တရားသူကြီးဟောင်း ပေါက်ကုန်းက...

'ဒီအလယ်ခန်းမှာ သီးသန့်စာဖတ်ခန်းကို တွေ့ကြတယ် မဟုတ်လား'

အားလုံးက ခေါင်းညိတ်လိုက်သည်။

'တွေ့ပါတယ်ဗျာ'

တရားသူကြီးဟောင်း ပေါက်ကုန်းက...

'ကျုပ်သဘောကတော့ သီးသန့်အခန်းကိုဖွင့်ပြီး ဒီကြွေရုပ်ခုနစ်ရုပ်ကိုထည့်ပြီး သော့ခတ်ထားလိုက်မယ်၊ ဒါဆိုရင် လူသတ်သမားဟာ ကြွေရုပ်ကိုခွဲဖို့ မဖြစ်နိုင်တော့ဘူး၊ အဲဒီတော့ သူ့အ သူ့ရဲ့အကြံကို ရေးဆွဲစီမံထားတဲ့အတိုင်း မဖြစ်တော့တဲ့ အကြံအစည်တွေ အပြောင်းအပြန်ဖြစ်လာနိုင်တယ်။ ချထားတဲ့ အကြံအစည် တစ်ခုကို အပြောင်းအပြန်ဖြစ်လာရင် အမှားပါလာမှာပဲ၊ အမှားပါလာတာနဲ့ ကျုပ်တို့က သူ့ကို ဖမ်းမိဖို့ အခွင့်အရေးရမှာ သေချာပါတယ်'



သူ၏အကြံကို အားလုံးက လက်ခံ သဘောတူလိုက်ကြ၏။

သူတို့သည် ကျန်ရှိသော ကြွေရုပ်ခုနစ်ရုပ်ကို သီးသန့်ခန်းထဲ သွားရောက်ထားပြီး သီးသန့်ခန်းကို သော့ခတ်ထားလေသည်။

သော့ကိုလည်း တစ်နေ့တစ်ယောက် သိမ်းရန် စီစဉ်ထားပြီး ဖြစ်သည်။

ဤသို့ဖြင့် နောက်နှစ်ရက်အကြာတွင်...

တတိယလူ

---

လုလုချန်းနှင့်ဗိုလ်မှူးကလေးဟောင်း ရှောင်ဖုန်းတို့သ ည့်ခန်းထဲ၌ ထိုင်၍စကားဖတ်နေရာမှ အလွန်ပျင်းလာ၍ဖြစ်ပုံ လုချန်းက အကြံပေးလိုက်လေသည်။

'ရာသီဥတုသာယာနေတာပဲ၊ ကျုပ်တို့လေ့ လာလို့ရောက်မ တာလဲ'

ဟု ညည်းညူလိုက်လေသည်။

ဗိုလ်မှူးကလေးဟောင်း ရှောင်ဖုန်းက ပြုံးပြလိုက်သ

'သမားတော်ကြီးကတော့ အခုပဲထွက်သွားတာ တွေ့ တယ်၊ သူလဲ မနေနိုင်လို့ ကျုပ်တို့လေ့ သွားကြည့်တခနဲ့တူ



သူ၏စကားမဆုံးခင်မှာပင် သမားတော်ကြီးအော်သံကြား လိုက်ရလေသည်။

'လာကြပ ဦးတော့....မြန်မြန်လာကြပါ'

ဗိုလ်မှူးကလေးဟောင်း ရှောင်ဖုန်းက စုန်းခနဲပြေးထွက် သွားလေသည်။

လုလုချန်းကလည်း နောက်မကျပါ။ ထက်ကြပ်မကွာလိုက် ပါသွားလေသည်။

* * *

ရဲမက်မှူးဟောင်းပုတိုသည် ဗိုလ်မှူးကလေးဟောင်းရှောင် ဖုန်း၏ လှုပ်ရှားမှုကို တစေ့တစောင်း အကဲခတ်ကြည့်ရှုလိုက် သည်။

ထို့နောက် လုလုချန်း၏လှုပ်ရှားမှုကိုလည်း သတိပြုမိလိုက် လေသည်။

သူတို့နှစ်ယောက်သည် မထင်မှတ်ဘဲ လှုပ်ရှားလိုက်ရာ သူတို့ နှစ်ယောက်စလုံးမှာ ထိပ်တန်းသိုင်းပညာရှင်များ ဖြစ်ကြသည် ကို သူက မှတ်ချက်ချမိလိုက်လေသည်။

သူတို့နှစ်ယောက်အပေါ်မှာလည်း သံသယစိတ်များ စတင် ဖြစ်ပေါ်လာခဲ့သည်။

သူသည် အေးဆေးစွာ ထနပ်လိုက်သည်။

ထို့နောက် ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေတော့သည်။

■ ■ ■

သဲသောင်ပြင်အနီး၌ မြေပိုင်ရှင်တိကျူး၊ တရားသူကြီး ဖောင်း၊ ပေါက်ကုန်း၊ ဗိုလ်မှူးကလေးရှောင်ဖုန်းနှင့် လုလုချိန်းတို့သည် တစ်စုံတစ်ရာကို စိုက်ကြည့်ရှုနေကြသည်ကို တွေ့လိုက်ရလေသည်။

သမားတော်ကြီးက လက်ဟန်ခြေဟန်နှင့် ပြောပြနေ၏။

သူသည် အနီးသို့ရောက်ရှိသောအခါ သဲသောင်ပြင် ရေစပ်အနီးတွင် လူတစ်ယောက် လဲလျောင်းနေသည်ကို တွေ့မြင်လိုက်လေသည်။

ယင်းလူမှာ ငွေအမင်းလောင်းကစား၊ အိမ်ပိုင်ရှင် ချူရင်ထုံ ဖြစ်သည်။



မြေပိုင်ရှင်တိကျူးသည် ရဲအက်မှူးဖောင်းပုတ်ကို ရောက်ရှိလာသည်ကို တွေ့သဖြင့် ဘေးဖယ်ပေးလိုက်လေသည်။

ရဲအက်မှူးဖောင်းပုတ်က ဒူးတစ်ဖက်ထောက်၍ ချူရင်ထုံအား စစ်ဆေးကြည့်ရှုလိုက်သည်။

ချူရင်ထုံမှာ အသက်မရှိတော့ပါ။

သူက မတ်တတ်ရပ်လိုက်ပြီး သမားတော်ကြီးအား စူးစိုက်ကြည့်လိုက်သည်။

'သူ့ကို ဘယ်သူက အရင်တွေ့လိုက်တာလဲ'

သမားတော်ကြီးက....

'ကျုပ်ပါ'

ရဲအက်မှူး ဖောင်း ပုတ်က...

'ခင်ဗျား သူ့ကို ဘယ်လိုတွေ့လိုက်တာလဲ'

သမားတော်ကြီးက....

'ကျုပ် ခုတိုင်းနေ့လို ကူးတို့လှေရောက်လာမလားကို ဒီကို လာမျှော်နေတာ အမှတ်မထင် ချူရင်ထုံအခုလိုသေဆုံးနေတာကို တွေ့လိုက်တာ'

ရဲအက်မှူးဖောင်းပုတ်က ...

'သူဘာကြောင့် သေသွားတယ်ဆိုတာ ခင်ဗျားကြည့်ရှုပြီးသလား'

သမားတော်ကြီးက ခေါင်းညိတ်လိုက်သည်။

'ကျုပ်က သူ့ကိုမြန်းစားကြီး တွေ့လိုက်ရတော့ သေ သလား ရှင်သလား မသိသေးပါဘူး၊ သူ့ကိုစစ်ဆေးကြည့်လိုက်တော့မှ အသက်မရှိတာကို သိလိုက်ရတယ်'

ရဲမက်မှူးဟောင်း ပုတိုက—

'ခင်ဗျားစစ်ဆေးလိုက်တော့ သူဘာကြောင့် သေသွားတယ် ဆိုတာ သိသလား'

သမားတော်ကြီးက—

'သူ့ခန္ဓာကိုယ်ပေါ်မှာ သေစေလောက်တဲ့ဒဏ်ရာတစ်ခုမှ ရှာ မတွေ့ပါဘူး၊ ဝမ်းဗိုက်ရဲ့အဆုံးမှာတော့ ရေအပြည့်ရှိတယ် ဒါကြောင့် ရေနစ်သေရတယ်လို့ ထင်မိပါတယ်'

ရဲမက်မှူးဟောင်းပုတိုက—

'ခင်ဗျားအောင်လိုက်တော့ ဘယ်သူက အရင်ရောက်လာတာ လဲ'

သမားတော်ကြီးက—

တရားသူကြီးအား ကြည့်လိုက်လေသည်။

'တရားသူကြီးပါ ခင်ဗျ'

ရဲမက်မှူးဟောင်းက တရားသူကြီးအား လှည့်ကြည့်လိုက် လေသည်။



'သမားတော်ကြီး အော်ခေါ်နေတဲ့အခါ ခင်ဗျား ဘယ် နေရာမှာရှိသလဲ'

တရားသူကြီး ဟောင်းမျက်နှာ ကွက်ခနဲ ပျက်သွားလေ၏။ သူက အနီးအနားတွင်ရှိသော ချုံပုတ်တစ်ခုထဲသို့ လက်ညှိုး ထိုးပြလိုက်လေသည်။

'အဲဒီချုံပုတ်ထဲမှာ ရှိနေပါတယ်'

ရဲမက်မှူးဟောင်း မျက်နှာပျက်၍ မျက်မှောင်ကုတ်သွား လေသည်။

'ခင်ဗျားက မကြီးမငယ်နဲ့ ဘာကြောင့် ချုံပုတ်ထဲဝင်ပုန်း နေရတာလဲ'

တရားသူကြီးက—

'ကျုပ်ချုံပုတ်ထဲ ဝင်ပုန်းနေတာ မဟုတ်ပါဘူးဗျာ'

ရဲမက်မှူးဟောင်းက သူ့အား စိုက်ကြည့်လိုက်သည်။

'ဒါဖြင့် ခင်ဗျားက ချုံပုတ်ထဲကို ဘာဝင်လုပ်တာလဲ'

တရားသူကြီးဟောင်းက—

'ကျုပ်လဲ ကူးတို့လှေကို လာမျှော်နေတာ၊ နောက်တော့ အပေါ့သွားချင်တာနဲ့ ချုံပုတ်ထဲဝင်သွားရတာပေါ့'

ရဲမက်မှူးဟောင်းက—

'ခင်ဗျားနဲ့ သင်္ဘောကြီး ဒီနေရာကို ဘယ်သူက အရောက်ယူလာတာလဲ'

တရားသူကြီးဟောင်းက တုံ့ဆိုင်းဆိုင်းဖြစ်ပြီးမှ...

'ကျုပ်'

ရဲမက်မှူးဟောင်းက စကားပြောသေးတဲ့ သူတို့၏မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်လိုက်သည်။

ကျန်ရှိသောလူများကလည်း သူတို့ကိုကြည့်နေကြသည်။

တရားသူကြီးဟောင်း၏ မျက်နှာသည် ပို၍ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

ရဲမက်မှူးဟောင်းက...

'ခင်ဗျားဒီကိုရောက်လာတဲ့အခါမှာ ချူရင်ထုံရဲ့အလောင်းကို မတွေ့မိဘူးလား'

တရားသူကြီးဟောင်းက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်က တစ်ဖက်ကမ်းကို လှမ်းကြည့်နေတာနဲ့ သူ့ကို မကြည့်မိတာ အမှန်ပါပဲ'

ရဲမက်မှူးဟောင်းက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

'ကဲ... ထုံးစံအတိုင်း ချူရင်ထုံရဲ့အလောင်းကို မြေအောက်ခန်းထဲမှာရှိတဲ့ ခေါင်းထဲကိုသွားပြီး ထည့်ထားပေတော့'



သူသည် ဤသို့မှာကြားပြီး အိမ်ကြီးဘက်ဆီသို့လှည့်ပြန်လာလေသည်။

* * *

နောက်ထပ် တစ်နာရီကြာသော် မြေပိုင်ရှင် တီကျူတိုလူစုသည် ချူရင်ထုံ၏အလောင်းကို မြေအောက်ခန်းရှိ ခေါင်းတစ်လုံးထဲသို့ထည့်ပြီး ပြန်လည်ရောက်ရှိလာကြလေသည်။

သူတို့သည် ဧည့်ခန်းထဲသို့ပြန်လည်ရောက်ရှိသောအခါ ရဲမက်မှူးဟောင်းက နံရံပေါ်မှကာဗျားကို သေသေချာချာ ကြည့်ရှုနေ၏။

သူသည် မြေပိုင်ရှင် တီကျူတိုလူစု ပြန်လည်ရောက်ရှိလာသည်ကို တွေ့မြင်လိုက်သည်နှင့် ဆီး၍မေးလိုက်လေသည်။

'အလောင်းကို မြေအောက်ခန်းထဲပို့ပြီးပြီလား' ဗိုလ်မှူးကလေးဟောင်း ရှောဖုန်းက ခေါင်းညိတ်လိုက်သည်။

'ထားပြီးပါပြီ'

ရဲမက်မှူးဟောင်းက ခေါင်းညိတ်လိုက်သည်။

'လူကြီးမင်းတို့အားလုံး ကိုယ့်နေရာကိုယ်ထိုင်ကြပါ'

သူတို့သည် ကိုယ့်နေရာကိုယ်ထိုင်ကြလေသည်။

ကုလားထိုင်ကိုးလုံး ရှိသည့်အနက် ကုလားထိုင် သုံးလုံးမှာ လူမရှိတော့ပါ။

လုလုချန်းသည် ထိုလွတ်နေသော ကုလားထိုင်သုံးလုံးအား စိုက်ကြည့်နေ၏။

သူ၏မျက်နှာပေါ်တွင် အလွန်ခံပြင်းသည့်အရိပ်အယောင်များပေါ်လွင်နေသည်ကို ရဲမက်မှူးဟောင်းက သတိပြုကြည့်မိလိုက်သေးသည်။

သမားတော်ကြီးမှာမူ စိတ်မောကိုယ်မောဖြစ်သွား၍လား မသိ ကုလားထိုင်နောက်ကျောကိုမှီ၍ မျက်လုံးမှိတ်ကာ အနားယူနေ၏။

တရားသူကြီးဟောင်းမှာမူ ခေါင်းငုံ့ထားပြီး တိတ်ဆိတ်နေ၏။

ဗိုလ်ချုပ်ကလေးဟောင်း ချောင်ဖုန်းမှာမူ စားပွဲပေါ်သို့စိုက်ကြည့်ရင်း တစ်စုံတစ်ရာကိုစဉ်းစားနေသည်ကို တွေ့ရလေသည်။

ရဲမက်မှူးဟောင်းသည် သူတို့အား တစ်ဦးချင်းအကဲခတ်ကြည့်ပြီးနောက် ချောင်းတစ်ချက် ဟန့်လိုက်လေသည်။

'လူကြီးမင်းတို့ အခုကျွန်တော်တို့အခြေအနေဟာ တစ်နေ့တခြားပိုပြီးဆိုးဝါးလာတယ်ဆိုတာမှာ လူသုံးယောက်ဟာ လူသတ်သမားရဲ့ လက်ချက်ကြောင့် သေဆုံးသွားပါပြီ၊ ကျုပ်တို့ အခုထိ လူသတ်သမားအကောင်ကို ဘယ်သူဘယ်ဝါမှန်းမသိရသေး



ပါဘူး၊ ဒီအတိုင်းသာသွားမယ်ဆိုရင် ကျန်ရှိတဲ့လူတွေဟာလည်း တဖြည်းဖြည်းနဲ့ လူသတ်သမားရဲ့ လက်ချက်နဲ့ အသက်ဆုံးရှုံးသွားမှာသေချာပါတယ်'

သူက စကားကို ခေတ္တနားပြီးမှ ပြန်ဆက်လိုက်လေသည်။

'ဒီကိစ္စကို ကျုပ်တို့လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး၊ လူသတ်တရားခံကို အမြန်ဆုံးဖော်ထုတ်နိုင်မှသာ ကျုပ်တို့ အသက်ချမ်းသာရာရပါလိမ့်မယ်'

သူသည် အားလုံးတို့ကို တစ်ချက်ဝေ့ကြည့်လိုက်ပြီးမှ –

'ကျုပ်က ရဲမက်မှူးဟောင်းတစ်ယောက်ပါ၊ သိုင်းပညာနဲ့ တခြားပညာများမှာ လူကြီးမင်းတို့ကို မီချင်မှမီမယ်၊ ဒါပေမယ့် မှုခင်းနဲ့ပတ်သက်လို့ ကျုပ်လက်ရှိအတွေ့အကြုံနဲ့ ဗဟုသုတတွေဟာ လူကြီးမင်းတို့ထက်သာပါလိမ့်မယ်၊ ဒါကြောင့် အားလုံးက သဘောတူမယ်ဆိုရင် လူသတ်ကောင် ဘယ်သူဘယ်ဝါဆိုတာ ကျုပ်ရအောင် စုံစမ်းဖော်ထုတ်ပါ့မယ်လို့ကတိပေးပါတယ်'

မြေပိုင်ရှင် တိကျူက မှေးနေသောမျက်လုံးကို ဖွင့်ကြည့်လိုက်လေသည်။

'ကျုပ်ကတော့ မကန့်ကွက်ပါဘူး'

လုလုချန်းက....

'ဘယ်သူကမှလဲ မကန့်ကွက်ပါဘူးရှင်'

ရဲမက်မှူးက ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ အားလုံးကသဘောတူကြမယ်ဆိုရင် ဒီအမှုကို ကျုပ်က တာဝန်ယူပြီး ဖော်ထုတ်ပါမယ်၊ ဒါပေမယ့်....'

လှအော စကားဆက်လိုက်သည်။

'ကျုပ်တစ်ယောက်တည်းလွတ်ထားလို့တော့ အာမခံဖြစ်လာမှာမဟုတ်ဘူး၊ လူကြီးမင်းတို့ကလဲ အင်နဲ့အားနဲ့ ဝိုင်းကူမှဖြစ်မယ်၊ ကျုပ်ပြောတာကိုလဲ နားခံမှဖြစ်မယ်'

မြေပိုင်ရှင် တိကျူက လက်တစ်ဖက် မြှောက်ပြလိုက်လေသည်။

'ရဲမက်မှူး စိတ်ချလက်ချလုပ်ပါ၊ ကျုပ်တို့လဲ ခိုင်းပါ၊ ကျုပ်တို့က အင်နဲ့အားနဲ့ဝိုင်းပြီးကူညီပါမယ်'

ရဲမက်မှူးဟောင်းက ခေါင်းညိတ်လိုက်သည်။

'လူကြီးမင်းအားလုံး တို့ကို ကျေးဇူးတင်ပါတယ်'

သူသည် နံရံပေါ်မှာ ချိတ်ထားသော ကဗျာမှုအပိုဒ်လေးကို လက်ညှိုးထိုးထောက်ပြလိုက်လေသည်။

'ဒီအပိုဒ်လေးထဲက ကဗျာကို ကျုပ်ဖတ်ပြပါမယ်'

သူသည် အပိုဒ်လေးမှကဗျာကို တစ်လုံးချင်း ဖတ်ပြလိုက်လေသည်။



'သောင်းထားကျူးသော လူပုကလေးများ ရေကူးဆင်းသွား ပြန်မလာတော့ပါ'

ဧည့်ခန်းတစ်ခုလုံး တိတ်ဆိတ်ခြင်းမှာ တိတ်ဆိတ်သွားလေသည်။

မည်သူတစ်ဦးတစ်ယောက်မှ အသံထွက်မလာကြတော့ပါ။

သူတို့၏စိတ်ထဲ အတွေးတစ်ခုသာ ယိုးဖောက်ဝင်ရောက်လာလေသည်။

သူတို့သည် အလွန်ကြောက်မက်ဖွယ်ရာကောင်းပြီး မြင်မတွေ့ရသော လူသတ်သမားတစ်ယောက်နှင့် ရင်ဆိုင်နေရပြီဟု နားလည်လိုက်ကြလေသည်။

ရဲမက်မှူးဟောင်းက စားပွဲရှိရာသို့ ပြန်လည်လျှောက်လာလေသည်။

ထို့နောက် သူထိုင်နေကျ ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်လေသည်။

အတန်ကြာတော့မှ သူက အသံထွက်ပေါ်လာလေသည်။

'အခုဟာ ကျုပ်တို့မှာ အလွန် ကြောက်စရာကောင်းပြီး မြင်မတွေ့ရတဲ့ လူသတ်သမားတစ်ယောက်နဲ့ ရင်ဆိုင်နေရပြီ၊ ကျုပ်တို့ဟာ အလွန် သတိဝီရိယထားရလိမ့်မယ်၊ နောက်ပြီး ဒီကဗျာကို ဖတ်ကြည့်တဲ့အခါမှာ သူဟာ ကဗျာပေါ်မှာ ရေးသားထားတဲ့အတိုင်း လူသတ်နေတယ်ဆိုတာ ထင်ရှားနေပါ

တယ်၊ နောက်တစ်ယောက် ဘယ်သူ့အလှည့်ရောက်မလဲဆိုတာ ဘယ်သူကမှ မပြောနိုင်ကြပါဘူး၊ ဒါကြောင့် ကျုပ်တို့ ဘာလုပ်ကြမလဲ၊ နည်းလမ်းတစ်ခုတည်းသာ ရှိတယ်၊ အဲဒါ ဘာလဲဆိုရင် သူကြံစည်လာမယ့်အကြံအစည်ကို ကျုပ်တို့က ကြိုတင်ဟန့်တားကာကွယ်နိုင်ဖို့ပါပဲ'

အားလုံးက ခေါင်းညိတ်ထောက်ခံလိုက်၏။

ရဲမက်မှူးဟောင်းက အားလုံးကို တစ်ချက် ဝေ့ကြည့်လိုက်သည်။

'ငါတို့ လူပုကလေးကြွေရုပ်ကို သွားကြည့်ကြမယ်၊ နောက်ထပ် အက်ကွဲရာရှိမရှိ သိရအောင်'

သူက စကားဆက်လိုက်သည်။

'ဒီကြွေရုပ်တွေထားတဲ့ သီးသန့်ခန်းက တံခါးသော့ ဘယ်သူ့ဆီမှာ ရှိသလဲ'

လုလုံချန်းက....

'ဒီကာခနှ အလှည့်က တရားသူကြီးမင်း သိမ်းထားရမယ့် အလှည့်ပါ၊ သူ့ဆီမှာ ရှိပါတယ်'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်လေသည်။

'ဟုတ်ကဲ့...ကျုပ်ဆီမှာ ရှိပါတယ်'

ရဲမက်မှူးဟောင်းက ထရပ်လိုက်သေးသည်။



'ကောင်းပြီ... ကြွေရုပ်ကလေးကို သွားကြည့်ကြရအောင်'

သူတို့သည် ဧည့်ခန်းမှ ထွက်ခဲ့လာကြပြီး၊ သီးသန့်အခန်း ရှိရာသို့ လျှောက်သွားကြလေသည်။

## အက်ကွဲနေသော လူပုကလေး ကြွေရုပ်

ဆရာ:သူကြီးဟောင်းသည် သော့ကိုထုတ်လိုက်ပြီး သေ
ခါးလေးတံခါးကို ဖွင့်လိုက်သည်။

ထို့နောက် တံခါးကိုဘွန်းဖွင့်လိုက်သည်။

သူတို့သည် အခန်းထဲသို့ လှမ်းဝင်လိုက်သည်နှင့် စားပွဲပေါ
၌ တင်ထားသော ကြွေရုပ်ကလေးများကို ပြိုင်တူကြည့်မိလို
သေသည်။

သူတို့ သေသေချာချာ ထားရှိသော လူပုကလေးကြွေ
ခုနစ်ရုပ်အနက် တစ်ရုပ်မှာ အက်ကွဲနေသည်ကို အံ့ဩစွာ
မြင်လိုက်ရသေသည်။



လုလုချင်းက အထိတ်တလန့် အော်လိုက်လေသည်။

'ဟောဒါဘာ့... ကြွေရုပ်ကလေးတစ်ရုပ် အက်ကွဲသွားပြန်ပြီ၊ ဒီအခန်းကို သော့ သေသေချာချာ ခတ်ထားလျက်သားနဲ့ ဘယ်သူက လာခိုးကိုင်သွားတာလဲ'

ရဲမက်မှူးဟောင်းက ဆရာ:သူကြီးဟောင်းဘက်သို့ လှည့်၍ ကြည့်လိုက်သေသည်။

'ဒီသော့ကို ခင်ဗျားဆီမှာ တစ်ချိန်လုံး ရှိနေ ဘယ်မဟုတ်လား'

ဆရာ:သူကြီးဟောင်းက....

'ဒီကနေ့မှ ကျုပ်အလှည့်ကျတာပါ၊ ဒါကြောင့် ဒီမနက် ကျမှပဲ လုလုချင်းဆီက သော့ကို လွှဲပြောင်း ယူလိုက်တာပါ'

ရဲမက်မှူးဟောင်းက လုလုချင်းအား ကြည့်လိုက်သည်။

'ခင်ဗျားကော ဒီသော့ကို သေသေချာချာ သိမ်းထားသလား'

လုလုချင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့...ကျွန်မ အလှည့်ကျသော့ကို လက်ခံယူထားတဲ့ အချိန်ကစပြီး အင်္ကျီအတွင်းအိတ်ထဲမှာ တစ်ချိန်လုံး သိမ်းထားပါတယ်'

မြေပိုင်ရှင်တိကျူက ခေါင်းခါယမ်းလိုက်သည်။

'သော့နဲ့ သေသေချာချာခတ်ထားတဲ့ အခန်းထဲမှာ ဒီ.ကြ ရုပ်တစ်ရုပ်ကို ဘယ်သူက လာရိုက်ခွဲသွားတာလဲ၊ ကျုပ်တော့ ရှုပ်ချင်ပြီဗျ'

ရဲမက်မှူးဟောင်းသည် အက်ကွဲနေသော ကြွေရုပ်ကလေးကို သိမ်းဆည်းလိုက်လေသည်။

ယခု ပကတိကောင်းမွန်နေသော ကြွေရုပ်ကလေးမှာ ခြောက်ရုပ်သာ ကျန်တော့သည်။

ထို့နောက် သူတို့သည် သီးသန့်ခန်း အခန်းထဲမှ ထွက်လာပြီး သော့ခလောက်ကို ပြန်စေ့၍ ခတ်ထားလိုက်လေသည်။

သူက သော့ကို ပြန်မပေးတော့ဘဲ သူ၏အိတ်ထဲသို့ ထည့်လိုက်လေသည်။

'ဒီသော့ကို ကျုပ်ပဲ သိမ်းထားပါတော့မယ်၊ အခန်းထဲက ကြွေရုပ်ကို ဘယ်သူက လာရိုက်ခွဲနိုင်မလဲဆိုတာ သိကြသေးတာပေါ့'

သူတို့သည် အသီးသီး လူစုခွဲသွားကြသည်။

သမားတော်ကြီးနှင့် တရားသူကြီးဟောင်းတို့သည် ပထ ကြွေရုပ်များထားရှိသော ခုံယင်တစ်ခုတွင် စိတ်ပြေလက်ပျော စစ်တုရင် ကစားနေကြလေသည်။

ရဲမက်မှူးဟောင်းမှာမူ သူ၏အိပ်ခန်းထဲသို့ ပြန်သွားပြီ တံခါးပိတ်၍ အနားယူလိုက်လေသည်။

* * *



ရဲမက်မှူးဟောင်း၏ စီမံခန့်ခွဲမှုကြောင့် သုံးရက်တိုင်တိုင် သူတို့လူများသည် ဘေးမသီရန်မခကြဘဲ အသက်ရှင်လျက်ရှိနေကြ၏။

သူတို့သည် အပြင်သို့ထွက်လိုပါလျှင် တစ်ယောက်တည်း မထွက်ရဘဲ အဖော်တစ်ယောက်ကိုပါ ခေါ်ရမည်ဟု ရဲမက်မှူးဟောင်းက တင်းကျပ်စွာ မှာကြားထားသည်။

ထို့ကြောင့် သူတို့ခြောက်ယောက်သည် သုံးစုဖြစ်သွားကြလေသည်။

ဗိုလ်မှူးကလေးဟောင်း၊ ရှောင်ဖုန်းနှင့် လုလုချန်းတို့သည် လူငယ်လူရွယ်များဖြစ်ကြရာ သူတို့နှစ်ယောက်မှာ တစ်တွဲဖြစ်သွားသည်။

ရဲမက်မှူးဟောင်းနှင့် မြေပိုင်ရှင် တိကျူကတော်ဖက် ဖြစ်သွားလေသည်။

သမားတော်ကြီးနှင့် တရားသူကြီးဟောင်းတို့မှာ တစ်ဖွဲ့ဖြစ်လေသည်။

တရားသူကြီးဟောင်းနှင့် သမားတော်ကြီးတို့သည် အချိန်အားလပ်သည်နှင့် စစ်တုရင်ကို ကစားကြသည်။

မြေအောက်ခန်းထဲ၌ အကောင်းဆုံးအရက်များ အပြည့်ရှိနေသဖြင့် တရားသူကြီးဟောင်းက စိတ်ကြိုက် သောက်နိုင်ခဲ့လေသည်။

ဗိုလ်မှူးကလေးဟောင်းနှင့် လုလုချန်းတို့မှာမူ အလွန်ရင်းနှီးသွားကြပြီဖြစ်သည်။

သူတို့သည် သွားအတူ လာအတူ တပူးတွဲတွဲဖြစ်နေ၏။

ဤသို့ဖြင့် ကူးတို့ခလှေအား မျှော်ကိုးရင်း ငါးရက်ပင်ကျော်လွန်လာခဲ့ပြီ ဖြစ်လေသည်။

ရဲမက်မှူးဟောင်းသည် မိမိ၏ စီမံချက်ကြောင့် လူသတ်သမားက အနီးကပ်မလာနိုင်သည်ကို တွေ့ရသဖြင့် ဝမ်းသာနေ၏။

သို့သော် သူက ကြာကြာပင် ဝမ်းမသာနိုင်တော့ပါ။

အကြောင်းမှာ သဌေမနေ့နံနက်စောစော ရောက်ရှိလာသောအခါ...

ဗိုလ်မှူးကလေးဟောင်း ရှောင်ဖုန်းနှင့် လုလုချန်းတို့သည် စာဖိုမှူးတာဝန်ယူထားသောကြောင့် အလုပ်များနေ၏။

စားပွဲပေါ်၌ နံနက်စာများ အသင့်ပြင်ထားပြီးနောက် ဗိုလ်မှူးကလေးဟောင်း ရှောင်ဖုန်းက အော်ပြောလိုက်လေသည်။

'လူကြီးမင်းတို့ခင်ဗျား၊ နံနက်စာ အသင့်ရှိပါပြီ၊ သုံးဆောင်နိုင်ရန် အမြန်ဆုံး ကြွရောက်ကြပါခင်ဗျာ'

တစ်ခဏအကြာတွင် ဧည့်ခန်းရှိရာသို့ တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာကြလေသည်။



သူတို့သည် မိမိတို့ကုလားထိုင်ပေါ်သို့ ထိုင်ကြပြီး နံနက်စာကို စားသောက်ကြလေသည်။

ရုတ်တရက် ရဲမက်မှူးဟောင်း၏အသံ ထွက်ပေါ်လာလေသည်။

'တရားသူကြီးဟောင်း ရောက်မလာသေးပါလား'

သူက ယင်းကဲ့သို့ ပြောလိုက်သောအခါမှ ကျန်ရှိသော လူများသည် တရားသူကြီးဟောင်း ရောက်မလာသေးသည်ကို သတိပြုကြည့်မိလိုက်လေသည်။

ရဲမက်မှူးဟောင်း မျက်မှောင်ကုတ်သွားလေသည်။

'သူတစ်ယောက်တည်း ဘယ်ထွက်သွားသလဲ'

အားလုံးက ခေါင်းခါယမ်းပြလိုက်သည်။

'ဒီမနက် သူ့ကို မတွေ့မိလိုက်သလိုဘဲ'

လုလုချန်းက ပြောလိုက်ခြင်းဖြစ်သည်။

သမားတော်ကြီးကလည်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်လဲ သူ့ကို အမှတ်တမဲ့ပဲ၊ သတိမထားမိဘူးဗျ'

ရဲမက်မှူးဟောင်းအား စိုးရိမ်သောစိတ်များ ဖြစ်ပေါ်လာလေသည်။

'ကဲ... ဒီအတိုင်းနေလို့ မဖြစ်ဘူး၊ သူ့ကို လိုက်ရှာမှ ဖြစ်တော့မယ်'

ဗိုလ်မှူးလေးဗဟောင်းရှောင်ဖုန်းက...

'သူ့မှာ စိုးရိမ်စရာ ဘာအခြေအနေရှိလို့လဲ ရဲမက်မှူးရဲ့'

ရဲမက်မှူးဟောင်းက...

'သတိဆိုတာ ပိုတယ်မရှိပါဘူး၊ လက်ရှိအခြေအနေမှာ လူသတ်သမားတွေ အချိန်မရွေး ငါတို့ကို ရန်ရှာနိုင်တယ် မဟုတ်လား'

မြေပိုင်ရှင်တိကျူက...

'လိုက်ရှာရတာ မပင်ပန်းပါဘူး၊ ယောင်ကြာ ဒုက္ခရောက်မှာ စိုးရိမ်ရတယ်'

ရဲမက်မှူးဟောင်းက...

'ကဲ... ပြောနေကြာတယ်၊ ငါတို့လူစုခွဲပြီးရှာမယ်၊ တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ၊ တစ်နာရီကြာတာနဲ့ ဒီကိုအရောက်ပြန်လာကြရမယ်'

သူက ယင်းသို့ပြောပြီးနောက် နံနက်စာပင် မစားနိုင်ဘဲ ရှေ့ဦးဆုံး အိမ်ထဲမှ ထွက်ခွာသွားလေသည်။

မြေပိုင်ရှင်တိကျူက ပြုံးမိလေသည်။



'လူတွေဟာ ဒီဘဝသံသရာမှာ လုပ်ခဲ့တဲ့ အကျင့်တွေဟာ ဘယ်လိုမှ ပျောက်ပျက်လို့ မရဘူး'

သမားတော်ကြီးက...

'ခင်ဗျားက ဘာကိုဆိုလိုတာလဲ'

မြေပိုင်ရှင်တိကျူက...

'ရဲမက်မှူး ကြည့်ပါလား၊ သူဟာ ရဲမက်မှူးဘဝနဲ့ ကျင်လည်ခဲ့တယ် ဆိုတော့ အခုအချိန်မှာ သူက အေးအေးဆေးဆေး အနားယူရမယ့်အစား အခုတော့ ဝါသနာက မပျောက်နိုင်တဲ့ မှုခင်းတွေ ကိုင်တာနဲ့ သူ့မှာ စိတ်မအားလူအားဖြစ်နေရှာတယ် မဟုတ်လား'

သမားတော်ကြီးက ရယ်မောလိုက်သည်။

'ခင်ဗျားက မြေပိုင်ရှင်ဆိုတော့ ခင်ဗျား ပြောတဲ့အတိုင်းဆိုရင် ခင်ဗျားစိတ်ထဲမှာ မြေကိုပဲ ဘယ်လို ပိုင်ရမယ်ဆိုတာ အမြဲတမ်း ကြိုးစားအားထုတ်နေတယ်ဆိုပါတော့'

မြေပိုင်ရှင်တိကျူက ခေါင်းညိတ်လိုက်သည်။

'ဒါကိုတော့ ကျုပ်ဝန်ခံပါတယ်၊ ရှင်းရှင်း ပြောရမယ်ဆိုရင် ကျုပ်ဟာ ဒီကျွန်းကို အပင်ပန်းခံရောက်လာတာ ဒီကျွန်းကလေး ဝယ်မလားလို့ပေါ့'

သူတို့ စကားပြောနေကြစဉ် ဗိုလ်မှူးကလေးယော
ရှောင်ဖုန်းနှင့် လုလုချွန်းတို့သည် ရှေ့ဆင့်နောက်ဆင့် ထွက်
သွားကြလေသည်။

မြေပိုင်ရှင်တိကျူက သူတို့နှစ်ယောက်အားကြည့်ကာ
လိုက်လေသည်။

'ကျုပ်တို့ကတော့ အန္တရာယ်နဲ့ ရင်ဆိုင်နေရလို့ စိတ်ပူ
ကြပေမယ့် သူတို့နှစ်ယောက်တွေ့သား၊ ပျော်ရည်ဆမ်းခရီးထွ
လာကြတဲ့ လင်မယားအတိုင်းပါပဲ၊ တပူးတွဲတွဲနဲ့၊ ပျော်
ရွှင်လို့'

သခင်တော်ကြီးက....

'ဒါကတော့ လူငယ်လူရွယ်ရဲ့ သဘာဝပေကိုး၊ ဒါပေ
သူတို့ကို သိပ်အထင်သေးလို့ မဖြစ်ဘူး'

မြေပိုင်ရှင်တိကျူက....

'ဘာဖြစ်လို့လဲ'

သခင်တော်ကြီးက....

'သူတို့နှစ်ယောက်ရဲ့ လှုပ်ရှားမှုကို ကျုပ်နည်းနည်းပါ
အကဲခတ်မိတယ်ကွ၊ မဟုတ်မှလွဲရော သူတို့ဟာ သိမ်းဆေ
သားတွေဖြစ်ရမယ်'

မြေပိုင်ရှင်တိကျူက ခေါင်းခါယမ်းလိုက်သည်။



'ခင်ဗျား အထင်လွဲနေပြီဗျ'

သခင်တော်ကြီးက...

'နို မဟုတ်ဘူးလား'

မြေပိုင်ရှင်တိကျူက....

'ယောကျ်ားလေးကိုတော့ ကျုပ်က မသိဘူး၊ လုလုချွန်း
ကိုတော့ ကျုပ်က ကောင်းကောင်းသိတယ်'

သခင်တော်ကြီးက....

'ခင်ဗျားနဲ့ သိကျွမ်းခဲ့လို့လား'

မြေပိုင်ရှင်တိကျူက ခေါင်းခါယမ်းလိုက်သည်။

'မသိပါဘူး၊ ဒီကျွန်းပေါ် ရောက်မှပဲ မြင်ဖူးတာပါ'

သခင်တော်ကြီးက....

'ဒါဖြင့်....'

မြေပိုင်ရှင်တိကျူက....

'ကျုပ်က သူ့ကို မမြင်ဖူး၊ မတွေ့ဖူးခဲ့ပေမယ့် လုလုချွန်း
ဆိုတဲ့ နာမည်ကို ကြားခဲ့ဖူးပါတယ်၊ သူဟာ နေပြည်တော်မှာ
အထက်တန်းအကျဆုံး ဂေဟာတစ်ခုမှာ အကျော်ကြားဆုံး
အလှမယ်တစ်ယောက်ပါပဲ'

သခင်တော်ကြီးက မျက်မှောင်ကုတ်သွားလေသည်။

'ဒါပေမယ့် သူတာ...'

မြပိုင်ရှင်တိကျူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ သူဟာ ကြေးတန်းစား အလုခယ် ထွက်ပေါက်ပါ'

သခင်းတော်ကြီး၏ ပါးစပ်ပိတ်သွားလိုက်လေသည်။

မြပိုင်ရှင်တိကျူက ထ ရပ်လိုက်သည်။

ထို့နောက် ရယ်မောလိုက်လေသည်။

'သခင်းတော်ကြီး၊ ခင်ဗျားလဲအသက်မငယ်တော့ဘူး။ စိတ်တူးယဉ်မနေနဲ့ကဲ...သွားကြမယ်'

သခင်းတော်ကြီးက အနည်းငယ် စိတ်တိုသွားလေသည်။

'ဟာ...ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲဗျ'

မြပိုင်ရှင်တိကျူက တဟားဟား ရယ်မောရင်း...

'စိတ်မဆိုးပါနဲ့ဗျာ၊ စိတ်ညစ်လွန်းလို့ ပျော်စေချင်ရယ်စရာတွေ ပြောမိတာပါဗျာ'

သူတို့နှစ်ယောက်သည် အိမ်ကြီးထဲမှ ထွက်ခွာသွားကြလေသည်။

ကြွရုပ်ကလေးများ

---

တစ်နေ့ ရိုးနှံအကြာတွင် အိမ်ကြီးထဲသို့ လူများအသီးသီး ပြန်လည်ရောက်ရှိလာကြလေသည်။

နောက်ထပ်တစ်ခဏမျှအကြာမှ သခင်းတော်ကြီးနှင့် မြပိုင်ရှင် တိကျူတို့က ပြန်လည်ရောက်ရှိလာကြလေသည်။

သူတို့သည် မည်သူကမျှ စကားမပြောကြဘဲ ထိုင်နေကြသည်။

ရဲမက်မှူးအောင်းသည် သူတို့၏ ဟန်အမူအရာများကို အကဲခတ်ကြည့်မိလိုက်သည်နှင့် အခြေအနေမဟန်မှန်း ချက်ချင်း သိလိုက်လေသည်။

သို့သော် တာဝန်အရ မေးလိုက်ရသေးသည်။

'လူကြီးမင်းတို့၊ တရားသူကြီးမင်းကို တွေ့ခဲ့ကြရဲ့လား'

အားလုံးက ခေါင်းခါယမ်းပြလိုက်သည်။

ရဲမက်မှူးဟောင်းက ခေါင်းကုတ်လိုက်လေသည်။

အတန်ကြာတော့မှ သူသာ ထိုင်ရာမှ ထ,လိုက်သည်။

'ကဲ....ကျုပ်တို့ ကြွေရုပ်ကလေးများကို သွားကြည့်ကြရအောင်'

အားလုံးက စိတ်ဝင်စားလာကြလေသည်။

အကယ်၍သာ ကြွေရုပ်ကလေးတစ်ရုပ် ထပ်မံရိုက်ခွဲခြင်း… လိုက်ရလျှင် တရားသူကြီးဟောင်း၏ ကံကြမ္မာ ပြောဖွယ်ရာ မ… တော့ပါ။

သူတို့သည် သီးသန့်ခန်းရှိရာသို့ ရောက်ရှိသွားကြ… သည်။

ရဲမက်မှူးဟောင်းက အခန်းတံခါးသော့ကို ဖွင့်လိုက်သည်… အားလုံးသောလူများ၏ ရင်ထဲတွင် တထိတ်ထိတ်ဖြစ်နေပါ… လေသည်။

အခန်းတံခါးကို တွန်းဖွင့်လိုက်သည်နှင့် သူတို့၏ မျက်… များသည် ကြွေရုပ်ကလေးများဆီသို့ရောက်ရှိသွားကြလေသည်။



လူပုကလေးကြွေရုပ်ခြောက်ရုပ်တို့မှ တစ်ရုပ်မှာ အက်ကွဲပျက်စီးခြင်း မရှိဘဲ ပကတိအကောင်းမှန်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

ယခုမှအားလုံး စိတ်သက်သာရာရရှိသွားကြလေသည်။

မြေပိုင်ရှင်တီကျူက....

'တော်ပါသေးရဲ့'

ဟု ဟင်းခနဲ ပင့်သက်ချလိုက်လေသည်။

ရဲမက်မှူးဟောင်းက သူ့အား လှည့်ကြည့်လိုက်လေသည်။

'ကြွေရုပ်ကလေး ပျက်စီးသွားတာကိုမတွေ့ရတော့လဲ တရားသူကြီးမင်းရဲ့ကံကြမ္မာဟာ ကောင်းတယ်လို့ မဆိုနိုင်ပါဘူး'

မြေပိုင်ရှင်တီကျူက....

'ဘာဖြစ်လို့လဲဗျ'

ရဲမက်မှူးဟောင်းက....

'ဒီအခန်းသော့ကို ကျုပ်က လုံလုံခြုံခြုံသိမ်းထားတဲ့အတွက် လူသတ်သမားက ဒီကြွေရုပ်ကလေးကို ဖျက်ဆီးရအောင် အခန်းထဲကို ဘယ်ဝင်လို့ရမှာလဲ'

မြေပိုင်ရှင်တီကျူ ခေါင်းကုတ်လိုက်လေသည်။

'အင်း....ဒါလဲဟုတ်တယ်'

လုလုချွန်းက စိုးရိမ်မှုကင်းသော မျက်လုံးအစုံဖြင့် ရဲမက်မှူးဟောင်းအား ကြည့်လိုက်လေသည်။

'ဒီအကြောင်းကြောင့် တရားသူကြီးမင်းရဲ့အသက်ဟာ စိုးရိမ်စရာ ရှိသေးတာပေါ့'

ရဲမက်မှူးဟောင်းက...

'ဒီလိုလဲ တပ်အပ်ပြောလို့ မရနိုင်သေးပါဘူး၊ ဒါပေမယ့် အခြေအနေကတော့ သိပ်မကောင်းသေးပါဘူး'

မြေပိုင်ရှင်တီကျူက...

'ကဲ... ကျုပ်တို့လဲ ဗိုက်ဆာလှပြီ၊ နံနက်စာ စားပြီးတာနဲ့ နောက်ထပ်တစ်ခေါက် ပိုက်ရှာကြသေးတာပေါ့'

ရဲမက်မှူးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်...ဒီကိစ္စကို ပေါ့ပေါ့တန်တန်နေလို့ မဖြစ်ဘူး၊ လူသတ်သမားဟာ တစ်စုံတစ်ရာ အဘိုးရဲသာပြီ၊ ဝါတို့က နည်းနည်းပေါ့လိုက်တာနဲ့ သူ့လက်ချက်မိသွားမှာ သေချာတယ်'

အားလုံးက အခန်းထဲမှ ပြန်လည် ထွက်လာသောအခါ ရဲမက်မှူးဟောင်းက အခန်းတံခါးသော့ကို ပြန်ခတ်လိုက်လေသည်။

အခန်းသော့ကိုလည်း အင်္ကျီအိတ်ကပ်ထဲ၌ သေသေချာချာ ပြန်လည်သိမ်းဆည်းလိုက်သေးသည်။

• • •



ရဲမက်မှူးဟောင်းတို့လူစုသည် စိတ်ပျက်လက်ပျက်ဖြစ်ကြပြီး နံနက်စာစားရန် ဧည့်ခန်းထဲသို့ လှမ်းဝင်လိုက်ကြလေသည်။

သူတို့သည် ဧည့်ခန်းထဲသို့ ဝင်လိုက်မိသည်နှင့် လှမ်းနေသော ခြေလှမ်းများ ရပ်တန့်သွားကြလေသည်။

သူတို့၏ မျက်လုံးများမှာလည်း ဝိုင်းစက်ပြူးကျယ်သွားကြလေသည်။

စားပွဲအနီးတွင် လူတစ်ယောက်က ထိုင်၍ တစ်ယောက်တည်း စားသောက်နေ၏။

ထိုလူက စားသောက်ရင်း ခြေသံများကို ကြားလိုက်သည်နှင့် လှည့်ကြည့်လိုက်သည်။

'တရားသူကြီးမင်း'

အားလုံးက ပြိုင်တူ အသံထွက်သွားကြလေသည်။

ထိုလူမှာ တစ်မနက်လုံး ပျောက်ဆုံးနေသော တရားသူကြီးဟောင်းပင် ဖြစ်လေသည်။

တရားသူကြီးဟောင်း၏မျက်နှာတစ်ခုလုံးမှာ ဖြူဖပ်ဖြူရော် ဖြစ်ပြီး သူ၏မျက်နှာမှာ နီရဲ၍နေ၏။

တရားသူကြီးမင်းက သူတို့အား အံ့သြစွာဖြင့် ပြန်ကြည့်နေ၏။

'ခင်ဗျားတို့ ဘယ်သွားကုန်ကြတာလဲဗျာ၊ ကျုပ်ဖြိ ရောက်နေတာကြာပြီ၊ ဗိုက်ဆာတာနဲ့ ခင်ဗျားတို့ကို မစောင့်တော့ဘဲ စားနေတာဗျ'

မင်သက်မိနေကြသော ရဲမက်မှူးဟောင်းတို့သူစုံသည် ယခုမှ ပြန်လည်သက်ဝင်လှုပ်ရှားလာနိုင်ကြသည်။

သူတို့သည် မိမိတို့၏ ထိုင်ခုံရှိရာသို့ ဝင်ရောက် ထိုင်ချလိုက်လေသည်။

သူတို့သည် မစားကြသေးဘဲ တရားသူကြီးဟောင်းအား အကဲခတ်ကြည့်နေကြသည်။

ရဲမက်မှူးဟောင်းက သူ့အား အတန်ကြာစိုက်ကြည့်ပြီးမှ-

'တရားသူကြီးမင်း စောစောစီးစီး ဘယ်ကိုသွားတာလဲဗျ'

တရားသူကြီးဟောင်းက ပခုံးတစ်ချက်တွန့်ပြလေသည်။

'ကျုပ် ဘယ်ကိုမှ မသွားမိပါလား'

မြေပိုင်ရှင်တိကျူက နံနက်စာကို စဘင်စားရင်း ကြားဖြတ်ပြောလိုက်လေသည်။

'ခင်ဗျား ဘယ်မှမသွားဘူးဘာဆိုဘယ် ကျုပ်တို့အ ခ... များကို မတွေ့လို့ နံနက်စာတောင် မစားနိုင်ကြဘဲ ကျွန်... တစ်နယ်လုံးကိုပတ်ပြီး လိုက်ရှာခဲ့တယ်ဗျ'

တရားသူကြီးဟောင်းအား အံ့အားသင့်သွားလေသည်။



'ကျုပ်ကို ဘာလို့ ကျွန်းပတ်ပြီး လိုက်ရှာနေရတာလဲ'

မြေပိုင်ရှင်တိကျူက....

'လူသတ်သမားလက်ချက်နဲ့ ခင်ဗျား အသတ်ခံရပြီ ထင်လို့ပေါ့'

တရားသူကြီးဟောင်း အားတုံ့အားနာ ဖြစ်သွားလေသည်။

'ကျုပ်ကို အခုလို ဂရုစိုက်ရှိနေတာကို ကျေးဇူးတင်မိပါတယ်'

ရဲမက်မှူးဟောင်းက သူ့အား စိုက်ကြည့်လိုက်သည်။

'ခင်ဗျား ဘယ်သွားနေတာလဲဗျ'

တရားသူကြီးဟောင်းက....

'ကျုပ် ညတုန်းက အရက်သောက်တာ နည်းနည်းများသွားလို့ မနက်က မထနိုင်ဘဲ အိပ်ရာထ နောက်ကျသွားလို့ပါဗျာ'

အားလုံးက ဟာခနဲ ဖြစ်သွားလေသည်။

မြေပိုင်ရှင်တိကျူက....

'ဒါဖြင့် ခင်ဗျား အိပ်ခန်းထဲမှာ ရှိနေတာပေါ့'

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

‘ဟုတ်ပါတယ်၊ ကျုပ် အိပ်မောကျစွာ အိပ်ပြီး အိပ်ရာက
ပြီး ညှော်ခန်းထဲ ရောက်လာတဲ့အခါမှာ ခင်ဗျားတို့ကို
ယောက်မှ မတွေ့ရတော့ဘူး’

ရဲမက်မှူးဟောင်းက...

‘ခင်ဗျား အိပ်ခန်းထဲကနေထွက်လာပြီး ညှော်ခန်းကိုသွား
သီးသန့်ခန်းကို ဖြတ်ရမယ် မဟုတ်လား၊ ကျုပ်တို့ အဲဒီ
ရှိနေတာကို မတွေ့လိုက်ဘူးလား’

တရားသူကြီးဟောင်းက...

‘ကျုပ် အိပ်ရာထ နောက်ကျတာ သိရလို့ နောက်ဘက်တံ
ပေါက်ကနေထွက်ပြီး မျက်နှာသစ်ရင်း ကူးတို့လှေများ
မလားဆိုပြီး အိမ်ကြီးနောက်ဘက်ကနေပတ်ပြီးတော့ သဲသော
ကို ရောက်သွားပါသေးတယ်၊ ပြီးမှ အိမ်ရှေ့ပေါက်က
ညှော်ခန်းထဲကိုဝင်လာလို့ ခင်ဗျားတို့ကို မတွေ့မိလိုက်တာပ

ရဲမက်မှူးဟောင်းက ပင့်သက်ချလိုက်လေသည်။

‘ဘာပဲဖြစ်ဖြစ် နောင် တစ်ယောက်တည်း ဘယ်မှမသွား
နဲ့၊ အဖော်နဲ့သွားပါဗျာ’

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

‘ကောင်းပါပြီဗျာ’

ထိုအခါကျမှ အားလုံးက စိတ်ချလက်ချဖြင့် အားနေသ
ကြလေသည်။



သမားတော်ကြီးက စားသောက်ရင်း တရားသူကြီးဟောင်း
အား ပြုံးပြလိုက်သည်။

‘တရားသူကြီးခင်ဗျာ နှလုံးရောဂါ ရှိနေတယ်ဆိုတာ အကြိမ်
ကြိမ် သတိပေးပြီးပါပြီ၊ အရက်ကိုမသောက်သင့်တဲ့ ဘာကြောင့်
အလွန်အကျွံ သောက်နေရတာလဲ’

တရားသူကြီးဟောင်းက...

‘ကျုပ်က အိပ်မရလို့ အိပ်လို့ကောင်းအောင်ဆိုပြီး သောက်
ရင်း သောက်ရင်းနဲ့ အခေါ့လွန်ပြီး အတောမသတ်နိုင်တဲ့ လွန်
သွားပါတယ်ဗျာ’

သမားတော်ကြီးက...

‘နောက် ဆင်ခြင်ပါဗျာ၊ ခင်ဗျား အခုလို အရက်သောက်ပုံ
ဆိုရင် ရုတ်တရက် နှလုံးရပ်ပြီး သေသွားနိုင်တယ်ဗျ’

တရားသူကြီးဟောင်းက ခေါင်းညိတ်လိုက်သည်။

‘ကျုပ် နားလည်ပါတယ်ဗျာ၊ အခုလိုပြောပြတာ ကျေးဇူး
တင်မိပါတယ်’

သူတို့သည် တစ်မနက်လုံး စိတ်မောလူမောဖြစ်ခဲ့ကြရသည်
ကို မေ့ပျောက်ကြပြီး နံနက်စာ စားသောက်ပြီးကြသည်နှင့် မိမိ
ဝါသနာပါရာသို့ အချိန်ကုန်လွန်စေရန် စစ်တုရင်ကစားသူက
စစ်တုရင်ကစားကြ၊ ပြေးလွှားကစားကြသူများကလည်း ပြေး
လွှားဆော့ကစားကြလေသည်။

သူတို့သည် ဗိုလ်မှူးဈေးဟောင်းနှင့် လုလုချန်းတို့ပင်ဖြ
လေသည်။

ရဲဘက်မှူးဟောင်းနှင့် မြေပိုင်ရှင်တီကျူတို့မှာမူ ဖဲရိုက်ရင်း
အချိန်ကုန်သွားစေလေသည်။

• • •

ကျွန်းကလေးပေါ်၌ လေးဝါးရက်ခန့် ရာသီဥတု ဆက်လ
ကောင်းမွန်လာပြီးနောက် လေမုန်တိုင်း တစ်ဖန် ကျရောက်လာ
လေသည်။

လေမုန်တိုင်း ကျရောက်သည်နှင့် နေ့ရောညပါ ဆက်၍ရ
ရောက်တတ်ပေသည်။

ရဲဘက်မှူးဟောင်းနှင့်တကွ သူတို့လူစုများသည် ကူးတို့လှ
ကို မျှော်၍မရမှန်း သိလိုက်သဖြင့် တံခါးအလုံပိတ်ပြီး အိမ်ထဲ
နေကြရလေသည်။

သူတို့သည် အိပ်ရာဝင်သည့်အချိန်မှလွဲ၍ တပူးတွဲတွဲရှိနေကြ
သည်။

မိုးကြီးသဲကြီးမဲကြီး ရွာသွန်းချနေသော်ငြား သူတို့
လုံးဝ သတိမပြုနိုင်ကြဘဲ တစ်ယောက်နှင့်တစ်ယောက် စကာ
များကို မကုန်နိုင်မခမ်းနိုင် ပြောနေကြ၏။



လေမုန်တိုင်းသည်သုံးရက်နှင့်သုံးည ဆက်တိုက်ကျပြီးနောက်
ပြန်လည်ငြိမ်သက်သွားလေသည်။

မိုးလင်းလာသည်နှင့် နေရောင်ခြည်များသည် ပြတင်း
ပေါက်မှတစ်ဆင့် အိမ်ကြီးထဲသို့ တိုးဝင်လာလေသည်။

သုံးရက်တိုင်တိုင် အိမ်ထဲ၌ပိတ်လှောင်၍နေကြရသော ရဲမက်
မှူးဟောင်းတို့လူစုသည် နေရောင်ခြည်များ တွေ့မြင်လိုက်သော
အခါ ရွှင်ရွှင်လန်းလန်း ဖြစ်ကုန်ကြလေသည်။

အထူးသဖြင့် ငယ်ရွယ်သူဖြစ်သော ဗိုလ်မှူးကဈေးဟောင်း
နှင့် လုလုချန်းတို့သည် သဲသောင်ပြင်ပေါ်၌ ပြေးတမ်းလိုက်
တမ်း ကစားရင်း သူတို့၏ နုပျိုသော ရယ်မောသံများသည်
ကျွန်းကလေးတစ်ခွင်လုံးသို့ လွင့်ပျံ့သွားလေသည်။

သူတို့၏ ရယ်မောသံများကို ကြားနေရသော ရဲမက်မှူး
ဟောင်းတို့လူစုသည် အလိုလို စိတ်ချမ်းမြေ့ဖွယ်ရာ ဖြစ်ပေါ်
လာလေသည်။

သို့သော် သူတို့၏ ရွှင်လန်းချမ်းမြေ့မှုများသည် ကြာရှည်စွာ
တည်တံ့ခိုင်မြဲနိုင်ခြင်း မရှိပါ။

သူတို့သည် မမျှော်လင့်သော ဖြစ်ရပ်တစ်ခုကို ရင်ဆိုင်လိုက်
ရပြီ မဟုတ်ပါလော။

*တုတ္ထလူ

ညခန်း—

နေလုံးကြီးသည် အနောက်ယွန်းယွန်းသို့ ဝင်ရောက်လု အချိန်ဖြစ်လေသည်။

ဧည့်ခန်းထဲမှ မောင်းကလေးတစ်ချက်ထုသံကို ကြားလိုက် လေသည်။

အားလုံးသော လူများသည်မောင်းသံတစ်ချက် ကြားလို သည်နှင့် ညစာစားရန် ဧည့်ခန်းထဲသို့ အသီးသီး ရောက်ရှိလာ ကြလေသည်။

ဤသည် ရဲမက်မှူးဟောင်းက စီစဉ်လိုက်သော စည်းကမ်း ချက်တစ်ခုဖြစ်လေသည်။



မောင်းသံတစ်ချက်ဆိုသည်မှာ နံနက်စာ(သို့မဟုတ်) ညစာစားရန် အချက်ပြခြင်းဖြစ်လေသည်။

မောင်းသံနှစ်ချက်ဆိုလျှင် ဆွေးနွေးရန်ကိစ္စအတွက် ခေါ်ယူခြင်းဖြစ်သည်။

မောင်းသံသုံးချက်ဆိုလျှင် အရေးပေါ်ကိစ္စတစ်ခု ဖြစ်နေပါပြီဟု အချက်ပေးခြင်းဖြစ်သည်။

ယခု ညနေခင်း ရောက်ရှိနေပြီဖြစ်သည်။ မောင်းသံတစ်ချက်ကို ကြားလိုက်ရသည်နှင့် အားလုံးသော လူများသည် ညစာစားရန် အချက်ပြခြင်းဖြစ်သည်ကို နားလည်ထားကြပြီး ဖြင့်ရော လူတို့သည် ဧည့်ခန်းရှိရာသို့ အသီးသီး ရောက်ရှိလာကြလေသည်။

သူတို့သည် မိမိ ကုလားထိုင်သို့ ထိုင်ချလိုက်ပြီးသည်နှင့် ရဲမက်မှူးဟောင်းက ထုံးစံအတိုင်း မိမိတို့လူများ စုံလင်စွာ ရှိမရှိ သတိပြုကြည့်မိလေသည်။

အရေးလူကြီးဟောင်း၏နေရာ ဗွင်ကာသာဟင်းလင်းဖြစ်နေသည်ကို တွေ့ရသည်။

သူက မျက်ခုံးမှောင်ကုတ်သွားလေသည်။

'အရေးသူကြီးမင်း ရောက်မလာသေးပါလား'

သမားတော်ကြီးက—

'ဒီလူဟာ အခုတလော အရက်အလွန်အကျွံ သောက်ပြီး အခန်းထဲမှာ အိပ်တတ်ပါတယ်၊ ကျုပ် သွားနှိုးလိုက်ပါမယ်'

သူက ခြေလှမ်းသုတ်သုတ်ဖြင့် ဧည့်ခန်းထဲမှ ထွက်ခွာသွားလေသည်။

တစ်ခဏအကြာတွင် သူက ပြန်လည်ရောက်ရှိလာလေသည်။

ရဲမက်မှူးဟောင်းက ဆီး၍ မေးလိုက်သည်။

'သူ အိပ်ခန်းထဲမှာ ရှိသလား'

သမားတော်ကြီးက ခေါင်းညိတ်လိုက်သည်။

'ရှိပါတယ်'

ရဲမက်မှူးဟောင်းက....

'ခင်ဗျား သူ့ကို မနှိုးလိုက်ဘူးလား'

သမားတော်ကြီးက....

'နှိုးပါတယ်၊ တံခါးကို အကြာကြီးခေါက်တယ်၊ ဒါပေ မယ့် သူ မနိုးပါဘူး'

သူက ပြောရင်း ကုလားထိုင်သို့ ပြန်လည်တိုင်ချရန် ဟ ပြင်လိုက်သည်။

ရဲမက်မှူးဟောင်းက ...

'သူ့ကို တစ်ယောက်တည်းထားလို့ ကျုပ် စိတ်မချ ဘူးပါဗျာ၊ သူ့ကို သွားနှိုးလိုက်ပါမယ်'



သူသည် သမားတော်ကြီးနှင့်အတူ တရားသူကြီးဟောင်း၏ အိပ်ခန်းရှိရာသို့ လျှောက်သွားကြလေသည်။

ရဲမက်မှူးဟောင်းသည် တရားသူကြီးဟောင်း၏ အိပ်ခန်း တံခါးကို ခပ်ပြင်းပြင်း ခေါက်လိုက်သည်။

'တရားသူကြီးမင်း ထပါ၊ ညစာစားဖို့ အချိန်တန်ပြီ'

သို့သော် အခန်းထဲ၌ မည်သည့်အသံကိုမှ မကြားကြရပါ။

ရဲမက်မှူးက စိတ်မရှည်နိုင်တော့ဘဲ တံခါးကို တဒုန်းဒုန်း ထုလိုက်လေသည်။

သို့သော် အခန်းထဲ၌ တိတ်ဆိတ်မြဲ တိတ်ဆိတ်နေ၏။

ရဲမက်မှူး၏ ရင်ထဲတွင် စိုးရိမ်သောစိတ်များဖြစ်ပေါ်လာ လေသည်။

သူသည် အနည်းငယ် နောက်သို့ဆုတ်လိုက်ပြီးတံခါးကို သူ၏ ထွားကျိုင်းသော ခန္ဓာကိုယ်ဖြင့် ဆောင့်တွန်းလိုက်လေသည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာပြီး တံခါးပွင့်သွား လေသည်။

အခန်း၏ ခုတင်ပေါ်၌ တရားသူကြီးဟောင်း ငြိမ်သက်စွာ လဲလျောင်းနေသည်ကို တွေ့မြင်လိုက်ရလေသည်။

နေဝင်ချိန် ရောက်ရှိနေသောကြောင့် အခန်းထဲ၌ အလင်း ရောင်များ မှေးမှိန်နေ၏။

ရဲမက်မှူးဟောင်းက တံခါးတွန်းဖွင့်လိုက်သည်နှင့် သမား တော်ကြီးက ခုတင်အနီးသို့ ပြေးသွားပြီး တရားသူကြီးဟောင်း အား လက်ဖြင့်တွန်း၍ နှိုးလိုက်လေသည်။

'တရားသူကြီးမင်း'

သူက ဆက်၍မလှုပ်တော့ပါ။

ရုတ်တရက် အသံရပ်တန့်သွားလေသည်။

ရဲမက်မှူးဟောင်းက မျက်မှောင်ကုတ်သွားသည်။

'သူ ဘာဖြစ်နေလို့လဲ'

သမားတော်ကြီးသည် ရဲမက်မှူးဟောင်း မေးခွန်းကို အဖြေ မပေးနိုင်သေးဘဲ တရားသူကြီးဟောင်း၏ ခုတင် [illegible] များကို စမ်းသပ်စစ်ဆေးနေ၏။

အတန်ကြာသောအခါမှ သူက သက်ပြင်းတစ်ချက် ချလိုက်လေ သည်။

'သူ အသက်မရှိတော့ဘူး'

ရဲမက်မှူးဟောင်းက ပါးစပ်ဟောင်းလောင်းဖြစ်သွားလေ သည်။ သမားတော်ကြီးက စကားဆက်လိုက်လေသည်။



'ကျုပ်က သူ့ကို အရက်သောက်ရင် နှလုံးရပ်သွားလိမ့် မယ်လို့ အကြိမ်ကြိမ် သတိပေးခဲ့သားနဲ့ ကျုပ်စကားကို နား မထောင်လို့ အခုလို နှလုံးရပ်ပြီးသေသွားရရှာပါပြီ'

ထိုအချိန် မြေပိုင်ရှင်တိကျူး၊ ဗိုလ်မှူးအလေးဟောင်း ရှောင်ဖုန်းနှင့် လုလုချန် တို့လည်း အခန်းဝသို့ ရောက်ရှိလာ ကြပြီဖြစ်သည်။

သူတို့သည် တရားသူကြီးဟောင်း နှလုံးရောဂါကြောင့် သေ ဆုံးသွားသည့်အကြောင်းကို ကြားလိုက်ရသောအခါ စိတ် မကောင်းဖြစ်ကြရလေသည်။

သူတို့သည် စိတ်ဓာတ်ကျစွာဖြင့် အခန်းထဲမှ ထွက်လာလေ သည်။

သမားတော်ကြီးသည် မြေပိုင်ရှင်တိကျူးအား ခေါင်းညိတ် ပြလိုက်လေသည်။

'ကျုပ်မိတ်ဆွေကြီးကို ကျုပ်ကိုယ်တိုင် မြေအောက်ခန်း သွားပို့ချင်ပါတယ်၊ တဆိတ်လောက် အကူအညီပေးပါဗျာ'

မြေပိုင်ရှင် တိကျူးသည် စကားမပြောဘဲ ခေါင်းညိတ်ပြလိုက် လေသည်။

ထို့နောက် သူတို့သည် တရားသူကြီးဟောင်း၏ အလောင်း ကို အခန်းထဲမှ သယ်ထုတ်သွားလေသည်။

ရဲမက်မှူးဟောင်းက အခန်းထဲမှ ထွက်မသွားသေးပါ။

သူသည် အခန်းတစ်ခုလုံးကို စစ်ဆေးကြည့်ရှုနေသည်။

လုလုချွန်းနှင့်ဗိုလ်မှူးကလေးဟောင်းရှောင်ဖုန်းတို့ကလည်း အခန်း၏အနေအထား၊ အခန်းတံခါး၏မင်းတုပ်များကို အကဲခတ်ကြည့်ရှုနေသည်ကို အမှတ်မထင်ထတ်ပြုမိလိုက်လေသည်။

တစ်ခဏအကြာတွင် သူသည် အခန်းထဲမှထွက်ခွာသွားလေသည်။

❁ ❁ ❁

မှောင်အတိကျစော ပြီ ဖြစ်သည်။

ညှီခန်းထဲ၌ ဖယောင်းတိုင်မီးများ ထိန်ထိန်လင်းနေ၏။

အားလုံးသောလူများသည် သူ့နေရာနှင့်သူ ထိုင်နေကြပြီ ဖြစ်သော်လည်း သူတို့သည် ညစာစားရန်ပင် မေ့လျော့နေသည့်အလား လွတ်နေသော ကုလားထိုင်လေးလုံးကို ငေးမော ကြည့်နေကြသည်။

အတန်ကြာတော့မှ ဗိုလ်မှူးကလေးဟောင်း ရှောင်ဖုန်းက စတင်မေးခွန်းထုတ်လိုက်လေသည်။

'တရားသူကြီးမင်းသေဆုံးသွားတာက နှလုံးရောဂါကြောင့် လေးခင်ဗျာ'

သမားတော်ကြီးက ခေါင်းညိတ်လိုက်သည်။



'ဟုတ်တယ်'

လုလုချွန်းကလည်း မေးလိုက်လေသည်။

'ဒီလိုဆို လူသတ်သမားလက်ချက်မဟုတ်ဘူးပေါ့'

သမားတော်ကြီးက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်နိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုရင် အခန်းတံခါးဟာ အတွင်းဘက်နေပြီး မင်းတုပ်ထိုးထားပါတယ်'

လုလုချွန်းက ရဲမက်မှူးဟောင်းအား ကြည့်လိုက်လေသည်။

'ဟုတ်ပါသလားရှင်'

ရဲမက်မှူးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ တံခါးဖွင့်မရလို့ ကျုပ်က တံခါးကိုဖျက်ဆီးပြီး ဝင်သွားရတာ'

လုလုချွန်းက ပါးစပ်ပိတ်ထားလိုက်သည်။

ဗိုလ်မှူးလေးဟောင်း ရှောင်ဖုန်းက....

'ဒီကိစ္စနဲ့ပတ်သက်ပြီး ရဲမက်မှူးက ဘယ်လိုယူဆပါသလဲ'

ရဲမက်မှူးဟောင်းက....

'မျက်မြင် လက်တွေ့ အခြေအနေကိုကြည့်ပြီး ပြောရမယ်ဆိုရင် တရားသူကြီးမင်းဟာ သမားတော်က နှလုံးရောဂါရှိတယ်

ဆိုတာ စစ်ဆေးတွေ့ရှိခဲ့တယ်၊ ဒါကြောင့် အရက်မသော
အတန်တန် သတိပေးခဲ့တယ်၊ သူ့ကလဲ သတိပေးတာကို နား
မထောင်တဲ့ အရက်ကို တွင်တွင်သောက်တယ်၊ ဒါကြောင့် နှ
နင်ပြီး သေသွားတာလို့ ယူဆရမယ်'

ဦးက ဗိုလ်မှူးလေးယောဝင်း ရှောင်ဖုန်းအား စိုက်ကြ
သည်။

'ခင်ဗျားတို့ မင်းတုပ်ကိုဆေးသေချာချာ စစ်ဆေးခဲ့ကြ
တာကိုတွေ့ခဲ့သလဲ'

ဗိုလ်မှူးလေးယောဝင်း ရှောင်ဖုန်း၏မျက်နှာ ကွက်ခနဲ
သွားပြီးမှ ပြုံးလိုက်လေသည်။

'ရဲမက်မှူးယောဝင်းပြောသလိုပါပဲ၊ အဲဒီ့ကာနမင်း
ချသွားတယ်ဆိုတာ တွေ့ခဲ့ပါတယ်'

ရဲမက်မှူးယောဝင်းက မြေပိုင်ရှင်တီကျူး အား လှမ်း
လိုက်သည်။

'ခင်ဗျားရော ဘယ်လိုယူဆမိသလဲ'

မြေပိုင်ရှင် တီကျူးက...

'တရားသူကြီးခင်၊ နှလုံးရောဂါကြောင့် သေဆုံးသွား
ဆိုတာ ထင်ရှားနေပြီ၊ ကျုပ်ကတော့ ဒီလိုမယူဆတာ
လုလုချင်းက ရုတ်တရက် အကြံတစ်ခုပြုလိုက်



'ဖြစ်နေပုံအခြေအနေကို ကောက်တွေ့တွေမြင်လိုက်ရတာတော့
တရားသူကြီးမင်းဟာ ကိုယ့်အခန်းထဲမှာ မင်းတုပ်ချုပြီး အိပ်နေ
ရင်း နှလုံးရောဂါ ရုတ်တရက်ထပြီး သေဆုံးသွားတယ်ဆိုတာ
ထင်ရှားပါတယ်၊ ဒါပေမယ့် ကျွန်မရဲ့စိတ်ထဲမှာပေါ့၊ အဲဒါ
ကြောင့်မှန်းမသိဘူး၊ သူသေဆုံးသွားတာ လူသတ်သမားရဲ့
ရောဂါ မဆိုင်ဘူးလို့ ခံစားနေရပါတယ်'

ဗိုလ်မှူးတာလေးယောဝင်း ရှောင်ဖုန်းက ခေါင်းညိတ်လိုက်
သည်။

'ဟုတ်တယ်၊ ကျုပ်လဲ အဲဒီလိုခံစားနေရတယ်'

ရဲမက်မှူးယောဝင်းက ခေါင်းညိတ်လိုက်သည်။

'ကျုပ်လဲ ဒီအတိုင်းပါပဲ'

သမားတော်ကြီးက ဝေဖန်ပြောဆိုခြင်းမပြုဘဲ ခေါင်း
ငိုက်စိုက်ကျနေ၏။

သူသည် တစ်ချိန်လုံး ငုပ်တုတ်တုတ် ပြောဆိုပေါင်းသင်းခဲ့
ဆော မိတ်ဆွေတစ်ယောက် ဆုံးရှုံးခဲ့ရသဖြင့် ကြေကွဲခံစား
နေရသည်ကို အားလုံးကနားလည်ထားကြလေသည်။

မြေပိုင်ရှင် တီကျူးမှာမူ ခေါင်းရှုပ်နေဘဲ ခေါင်းတွင်တွင်
ခါယမ်းလိုက်သည်။

'ကျုပ်ကတော့ ဒီအကြောင်းကို လုံးဝစဉ်းစားတော့ပါဘူး
ဗျာ၊ ဘေးရှင်လဲ စိတ်ကောင်းမှာမဟုတ်ဘူး'

ရဲမက်မှူးဟောင်းက ရှီအရက်ထ ရယ်လိုက်သည်။

'ဒါတို့ကြွေရုပ်ကလေးကို သွားကြည့်ကြမယ်'

ဗိုလ်မှူးလေးဟောင်း ရွှေခင်ဖုန်းနှင့်လုံလုချုန်းတို့က ပြိုင်တူ ထောက်ခံလိုက်လေသည်။

'ကောင်းတယ်၊ စိတ်ထဲမှာသံသယဖြစ်တာတွေကို ရှင်းသွား အောင်သွားကြည့်ကြမယ်'

သူတို့သုံးယောက်သည် ညှိခန်းထဲမှ ခြေလှမ်းသုတ်သုတ် ဖြင့် ထွက်ခွာသွားကြသည်။

မြေပိုင်ရှင် တီကျူးနှင့် သခင်တော်ကြီးတို့သည် စိတ်သ မပါကြဘဲ နောက်မှပျင်းရိစွာ လိုက်ပါသွားကြလေသည်။

## သီးသန့်ခန်းထဲမှကြွေရုပ်များ

ရဲမက်မှူးဟောင်းသည် သူ၏ အတွင်းအိတ်ကပ်ထဲမှသော့ ကို သေချာစွာ ထုတ်ယူလိုက်သည်။

ထို့နောက် သော့ခလောက်ကို သေချာစွာ စစ်ဆေးကြည့် ရှုလိုက်သည်။

သော့ခလောက်မှာ ပကတိ ကောင်းမွန်စွာ ခတ်ထားသည် ကို တွေ့ရသည်။

သူသည် သော့ခလောက်အားဖွင့်၍ အခန်းတံခါးကိုတွန်း ဖွင့်လိုက်လေသည်။

သူတို့သည် အခန်းထဲသို့ အသီးသီးဝင်ရောက်ပြီး တန်းစီ နေသော ကြွေရုပ်များကို ကြည့်လိုက်ကြသည်။

သူတို့အားလုံးတို့သည် ကျောက်ရုပ်ပမာ မလှုပ်မယှက် ရပ် [illegible]
တန့်သွားလေတော့သည်။

* * *

အခြေအနေများ....

စားပွဲပေါ်၌တန်းစီထားရှိသော လူပုကလေးကြေးရုပ်များ [illegible]
ကြေးရုပ်တစ်ရုပ်ကဲ့နေသည်ကိုတွေ့မြင်လိုက်သောကြောင့်ဖြစ် [illegible]
သည်။

ကျန်ရှိသော လူသေးယောက်တို့သည် ရဲမက်မှူးဟောင်း [illegible]
အား စိုးရိမ်ကြည့်ရှုနေကြသည်။

ရဲမက်မှူးဟောင်း၏ မျက်နှာတစ်ခုလုံးမှာ ခံပြင်းလွန်း [illegible]
နီရဲလာသည်။

သူသည် အခန်းသော့ကို စားပွဲပေါ်သို့ ပစ်ချလိုက်သည် [illegible]

အားလုံးမပါဘဲ ကျုပ်တစ်ယောက်တည်း ဒီအခန်းထဲ [illegible]
မလာဘူး'

စည်သူကမှ စကားမပြောကြဘဲဆိတ်ဆိတ်နေကြသည် [illegible]

ရဲမက်မှူးဟောင်း၏ စကားဆက်လိုက်သည်။

'အခန်းသော့ကို ကျုပ်လက်ထဲမှာ ထိန်းသိမ်းထားရ [illegible]
အခုလို ကြေးရုပ်တစ်ရုပ်အက်ကွဲသွားတာဟာ ကျုပ်မှာတာ [illegible]



ရှိတယ်၊ ဒါကြောင့် ဒီအခန်းသော့ကို ကျုပ်ဆက်ပြီး ထိန်းသိမ်းထားဖို့ မသင့်တော့ဘူး၊ ခင်ဗျားတို့ထဲက တစ်ယောက်ယောက်က တာဝန်ယူထိန်းသိမ်းပေတော့'

သူသည် စကားဆိုပြီးသည်နှင့် တစ်ယောက်တည်း အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

* * *

အခန်းထဲ၌ ကျန်ရှိသော လူသေးယောက်တို့သည် တစ်ယောက် မျက်နှာကို တစ်ယောက်ကြည့်နေကြ၏။

သူတို့သည် ရဲမက်မှူးဟောင်းအပေါ် မယုံကြည်ကြ၍ မဟုတ်ပါ။

သောချာစွာ အခန်းတံခါး သော့ပိတ်ထားလျက်နှင့် အခန်းထဲမှ ကြေးရုပ်ကို မည်သူက လာရောက်ပြီး ရိုက်ခွဲသွားသည်ကို အံ့ဩနေကြခြင်း ဖြစ်သည်။

လူတစ်ယောက် သေဆုံးသွားသည်နှင့် ကြေးရုပ်တစ်ရုပ် အက်ကွဲသွားခြင်းမှာ တိုက်ဆိုင်ခြင်း မဟုတ်ပါ။

ကြိုတင်စီမံထားသော ကြံစည်မှုဖြစ်နေသည်။ တစ်နည်းဆိုရလျှင် ဤအိမ်ကြီးထဲ၌ သူတို့ကိုးယောက်တည်းသာ ရှိသည် မဟုတ်တော့ဘဲ လူသတ်သမားတစ်ယောက်ရှိရမည်ဟု သူတို့က အခိုင်အမာ ယုံကြည်လာကြသည်။

သို့သော် ယင်းလူသတ်သမားသည် ငြိမ်သက်ခဲ့ရရာ၌ ပုန်း အောင်းနေပါသနည်း။

သူတို့သုံးယောက်သည် အဘန်ကြာ တွေ့ဝေနေပြီးနောက် မြေပိုင်ရှင်တိကျူက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'ရဲမက်မှူးဟောင်းကတော့ စိတ်ဓာတ်ကျသွားပြီ၊ ဒီအခန်းကို ဒီအတိုင်းထားရမှာလား၊ ပြန်ပိတ်မထားဘူးလား'

ဗိုလ်မှူးကလေး ရှောင်ဖုန်းက....

'ပြန်ပိတ်ရမှာပေါ့ဗျာ'

မြေပိုင်ရှင်တိကျူက....

'ကောင်းပြီ၊ ဒီအခန်းသေ့ကို ဘယ်သူက ထိန်းသိမ်းထားမလဲ'

ဗိုလ်မှူးကလေးဟောင်း ရှောင်ဖုန်းက -

'ဦးလေးပဲ ထိန်းသိမ်းထားပေါ့'

မြေပိုင်ရှင် တိကျူက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်က သော့ထိန်းဖို့ ဝါသနာမပါဘူး၊ ကျုပ်အိမ်က သော့တောင် ကျုပ်မကိုင်ဘူးဗျ'

လုလုချန်းက....

'ဒါဖြင့် သမားတော်ကြီးကို ပေးလိုက်ပါ'



သမားတော်ကြီးက ငြင်းပယ်ရန် ဟန်ပြင်နေစဉ် မြေပိုင်ရှင်တိကျူက သော့ကိုယူပြီး သမားတော်ကြီး လက်ထဲသို့ ထည့်ပေးလိုက်လေသည်။

'ဟုတ်တယ်၊ သော့ကို ခင်ဗျားပဲ ထိန်းသိမ်းထားတာ အသင့်တော်ဆုံးပါပဲ'

သမားတော်ကြီးက မငြင်းပယ်တော့ဘဲ သော့ကို လက်ခံလိုက်လေတော့သည်။

'ကဲ....ညော်ခန်းထဲကို သွားကြပါစို့'

သူသည် အက်ကွဲသွားသော ကြွေရုပ်ကလေးကို သိမ်းဆည်းလိုက်သည်။ ထို့နောက် ကျန်ရှိနေသော ကြွေရုပ်ငါးရုပ်ကို ကြည့်ရင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

'မင်းတို့ မအက်ကွဲပါစေနဲ့လို့ ဝါသနာအားပါတယ်ကွာ'

သူသည် အခန်းထဲမှ လှမ်းထွက်လိုက်ပြီး သော့ကိုသေချာစွာ ခတ်၍ အိတ်ထဲသို့ သိမ်းဆည်းလိုက်လေသည်။

## တိုက်ဆိုင်သောကဗျာ

---

သမားတော်ကြီးတို့ ထေားယောင်သည် ဒည့်ခန်းထဲ လှမ်းဝင်လိုက်သောအခါ ရဲမက်မှူးဟောင်းသည် နံရံပေါ် ချိတ်ထားသော ကဗျာကို အာရုံစူးစိုက်စွာ ကြည့်နေသဖြင့် သမားတော်ကြီးတို့ ဝင်ရောက်လာသည်ပင် သတိမပြုမိပါ။

မြေပိုင်ရှင် တိကျူက လှမ်း၍အသံပြုလိုက်သည်။

'ရဲမက်မှူးဟောင်းကြီး... ဘာတွေစိတ်ဝင်စားစွာ ကြည့်နေရတာလဲဗျ'

ရဲမက်မှူးဟောင်း မျက်နှာတစ်ခုလုံး ဒေါသရောင် လွှမ်းနေ၏။



သွားသည် ကဗျာပေါ်သို့ ထောက်ညှိုးထောက်က...

'လာကြည့်ကြစမ်းပါဦးဗျာ၊ လူပါးဝလွန်းပါတယ်'

မြေပိုင်ရှင်တိကျူတို့သည် ရဲမက်မှူးဟောင်းက အဘယ်ကြောင့် ကဗျာကြည့်ပြီး ယင်းသို့ ဒေါသထွက်နေသည်ကို မသိကြပါ။

တို့သည် ကဗျာချိတ်ထားရာသို့ လျှောက်သွားကြလေသည်။

ရဲမက်မှူးဟောင်းက ရှောင်ပေးလိုက်လေသည်။

မြေပိုင်ရှင်တိကျူက...

'ကျုပ်မျက်လုံးသာ မှားကောင်းတူးဗျ၊ ဗိုလ်မှူးဟောင်းလေး ရှောင်ဖုန်းပဲ အားလုံးကြားအောင် ဖတ်ပြပါ'

ဗိုလ်မှူးဟောင်းလေး ရှောင်ဖုန်းသည် ရဲမက်မှူးဟောင်း ထောက်ပြသော ကဗျာကို ဖတ်ပြလိုက်လေသည်။

'အရက်ကြိုက်သော တရားသမားပေါ့၊ ထာဝရအိပ်ပျော် မထနိုင်တော့'

ဗိုလ်မှူးဟောင်းလေး ရှောင်ဖုန်းသည် ယင်းသို့ဖတ်ပြရင်း စိတ်လှုပ်ရှားလာသဖြင့် အသံမျှးပင် တုန်ခါသွားလေသည်။

* * *

အခန်းတစ်ခုလုံး တိတ်ဆိတ်၍နေ၏။

မည်သူကမှ စကားမပြောတော့ပါ။ စည်းသို့ပြောရမှ
မသ်ကြတော့ပါ။

သူတို့သည် စားပွဲရှိရာသို့လျှောက်သွားပြီး ပြန်လည်ထိုင်
လိုက်လေသည်။ ယခုကုလားထိုင်ကိုးလုံးရှိသည့်အနက် ကုလား
ထိုင်လေးလုံးမှာ ဟာလာဟင်းလင်း ဖြစ်နေ၏။

ခိုင်းဖွဲ့ထိုင်နေသော သူတို့ငါးယောက်သည် အတွေးကိုယ်
ဖြင့် တိတ်ဆိတ်နေကြလေသည်။ သမားတော်ကြီးသည် တရ
ဆွကြီးဟောင်းနှင့်အလှန်ရင်းနှီးခဲ့ပြီဖြစ်ရာ ယခုရုတ်တရက်သေ
ဆုံးသွားသဖြင့် သူ့အဖို့မည်မျှ စိတ်ထိခိုက်မည်ကို အားလုံး
စာနာမိကြလေသည်။

'ဝှန်း'

ဗိုလ်မှူးကလေးဟောင်းရှောင်ဖုန်းက စိတ်ကို မထိန်းနိုင်
တော့ဘဲ စားပွဲကိုလက်သီးဖြင့်ထုလိုက်ရာ စားပွဲမှပန်းကန်များ
ပင် တုန်ခါသွားလေသည်။

သူက အံကိုတင်းတင်းကြိတ်လိုက်သည်။

'အခုနေကူးတို့ဓလေ့လာကြိုတောင် ကျုပ်မပြန်သေးဘူး
လူသတ်ကောင်ကို ခမိမိအောင်ဖမ်းမယ်'

လုလုချန်းက ထောက်ခံလိုက်သည်။

'ကျွန်မအတတ်နိုင်ဆုံး ကူညီပါမယ်လို့ ကတိပေးတယ်'



ရဲမက်မှူးဟောင်းက ဗိုလ်မှူးလေးရှောင်ဖုန်းအား လက်နှစ်
ဖက်ဆုပ်၍ အရှိအသေပြုလိုက်သည်။

'ခင်ဗျားရဲ့စိတ်ဓာတ်ကို ကျုပ်လေးစားသွားပြီဗျာ၊ ကျုပ်လဲ
မပြန်သေးဘူး၊ ကျုပ်တို့စုပေါင်းညီညွှတ်နဲ့ လူသတ်ကောင်
ကို ဖော်ထုတ်ပါမယ်လို့ ကျုပ်ကတိပေးပါတယ်'

သူက လက်တစ်ဖက်ဆန့်ပေးလိုက်သည်။ ဗိုလ်မှူးကလေး
ရှောင်ဖုန်းနှင့်လုလုချန်းတို့ကလက်တစ်ဖက်စီထုတ်ပြီး ရဲမက်မှူး
ဟောင်း၏လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်လေ
သည်။

သမားတော်ကြီးမှာ သူတို့ပြောဆိုလှုပ်ရှားနေသည်ကို
ကြားမမြင်သည့်အလား ခေါင်းငုံ့နေလေသည်။

❋ ❋ ❋

ရဲမက်မှူးဟောင်းသည် လူသတ်သမားအား ဖော်ထုတ်နိုင်
ရန် စီမံချက်တစ်ခုကို ရေးဆွဲလိုက်လေသည်။

ရှေးဦးစွာလူသတ်သမားက ခိုအောင်းနေသော နေရာရှိမရှိ
ကို ပိုက်စိပ်တိုက်၍ရှာဖွေကြလေသည်။

သူတို့သည် အိမ်ကြီးတစ်နေရာလုံးကို အသေးစိတ်ရှာဖွေလိုက်
ရှိမှ မြေအောက်ခန်းကိုပါ ဆင်း၍ရှာဖွေလေသည်။

မြေအောက်ခန်းကျင် အကန့်ဘစ်ကန့်ရှိသည်၊ ရှေ့အကန့်မှာ အခုက်ရည်စည့်ထားသော စည်များ ပြည့်နှက်စွာရှိနေ၏။

နောက်အခန်းတွင် အလယ်မှာ လူနှစ်ယောက်ယှဉ်သွားနိုင်သောစင်္ကြံလမ်းရှိ၍ တစ်ဖက်တစ်ချက်တွင် ခေါင်းများအစီအရီချထားသည်ကို တွေ့ရလေသည်။

သားကောင်ထားရှိသောအခန်းများ၊ ဤအိမ်ရှင်၏ ဘိုးဘွား၊ ဘီဘင်တို့၏ အလောင်းကိုထားရှိသော အခန်းဖြစ်သည်။

ဗယ်ဘက်နေရာ၌ ယခုသစ်နေသော ခေါင်းကိုးလုံးရှိသည်၊ သူတို့ မထားစစ်ဆေးကြည့်ရှုခဲ့စဉ်တုန်းက ယောင်းသစ်လွင်သော ခေါင်းကိုးလုံးတို့သည် လွတ်နေသော ခေါင်းများဖြစ်ကြသည်။

ယခုမှာမူ ၎င်းခေါင်းကိုးလုံးအနက် ခေါင်းသေးသုံးမှာ အလောင်းရှိနေကြပြီ ဖြစ်သည်။

ထို့အပြင် နောက်ဖက်အကန့်၏ကြား လပ်နေသောနေရာတွင်ယခုမှကျဉ်းမကျယ်သောအခန်းတစ်ခန်းတွေ့ရှိရလေသည်၊

ယင်းအခန်းတံခါးကို ဆွဲဖွင့်လိုက်သောအခါ အခန်းထဲ၌ ကွပ်ပျစ်တစ်ခုသာရှိသည်မှအပ ခြည်သည့်အရာကိုမှ မတွေ့ရတော့ပါ။

သူတို့သည် မည်သည့်သဲလွန်စမှမတွေ့ရတော့၍ စိတ်ပျက်ပြီး အပေါ် သို့ပြန်တက်လာသောသည်။



ထို့နောက်သူတို့သည် ညှော်ခန်းထဲ၌ ဝိုင်းဖွဲ့စကားပြောကြလေသည်။

※ ※ ※

ရာသီဥတုသည် သာသာယာယာရှိနေ၏။

ရေပြင်တစ်ခုလုံးမှာ ငြိမ်သက်နေ၏။

သို့သော် ရဲခက်မှူးဟောင်းနှင့် သူ့တို့လူများသည် ကူးတို့လှေကို မမျှော်ကြတော့ပါ။

သူတို့သည် လူသတ်သမားကိုဖမ်းမိနိုင်ရန် ဆန္ဒပြင်းပြနေကြလေသည်။

သူတို့သည် အိမ်ကြီးတစ်ခုလုံးကို ပိုက်စိပ်တိုက်၍ရှာခဲ့ကြရာ နေရာ ပစ်ချန်ထားခဲ့ခြင်း မရှိပါ။

ထို့ကြောင့် လူသတ်သမားသည် အိမ်ကြီးထဲမှာ မရှိကြောင်း သူတို့က ခိုင်မာစွာယုံကြည်ထားသည်။

ထို့နောက် သူတို့သည် ကျွန်းကလေးတစ်ခုလုံးကို အနှံ့လိုက်၍ရှာဖွေသည်၊ ကျွန်းကလေးမှာ ကြီးလှသည်မဟုတ်ပါ။

ထို့ကြောင့် ကျွန်းကလေးပေါ်၌လည်း ရှိမှာမဟုတ်ဟု သူတို့က ယုံကြည်ကြသည်။

ဤသို့ဆိုလျှင် လူသတ်သမားက မည်သို့ပုန်းအောင်း[နေ]
ပါသနည်း။

သူတို့သည် ရှာဖွေ၍ရသည့်နောက်ဆုံး လက်လျှော့လို[က်]
ရလေသည်။

သို့သော် သူတို့သည် အတတ်နိုင်ဆုံးလူစုခွဲရန် ရဲမက်မှူး
ဟောင်းက အကြံပြုထားသောကြောင့် ဖြစ်သည်။

ထို့ကြောင့် သူတို့သည် သုံးယောက်တစ်ဖွဲ့၊ နှစ်ယော[က်]
တစ်ဖွဲ့ တွဲထားကြလေသည်။

အစားအသောက်ကို ဗိုလ်မှူးကလေးဟောင်းနှင့်လုလုချ[ွန်း]
တို့က တာဝန်ယူထားသည်။

ရဲမက်မှူးဟောင်း၊ သမားတော်နှင့် တီကျူတို့မှာ ဧည့်[ခန်း]
ထဲ၌ အနေများလေသည်။

အခြေအနေသည် အေးချမ်းနေ၏။ ဤသို့ဖြင့် နေ့ထိုင်[...]
ခဲ့ရာမှ စတုတ္ထညအချိန် ရောက်ရှိလာသောအခါ သူတို့သ[ည်]
ဧည့်ခန်းထဲ၌ ညစာစားပြီးနောက် ဝိုင်းဖွဲ့ထိုင်၍ စကားပြ[ော]
ကြလေသည်။

ညဉ့်နက်အချိန်ရောက်တော့မှ အိပ်ခန်းရှိရာသို့ အသီး[သီး]
ပြန်သွားကြလေသည်။

ဗိုလ်မှူးကလေးဟောင်း ရှောင်ဖုန်းသည် လုလုချွန်း[...]
ဂရုစိုက်ကာ အခန်းထဲသို့ဝင်ရောက်ပြီး အခန်းတံခါးပိတ်[...]
အပြီးတွင် မျက်စောင်းထိုး အခန်းမှာ—



'ဟင်—'

ဟူ အသံထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

သူက အခန်းတံခါးကို ပြန်လည်ဆွဲဖွင့်လိုက်သည်။ အသံထွက်သောအခန်းမှာ သမားတော်ကြီးအခန်းဖြစ်သည်ကို သိရှိလိုက်ကြလေသည်။

ကြိုးထမ်း၏မျက်နှာကြက်ပေါ်တွင် မီးအိမ်တစ်လုံးခပ်မှိန်မှိန်ထွန်းထားသည်။ ထို့ကြောင့် အခန်းအားလုံးမှာ တံခါးပိတ်ထားသည်ကို တွေ့ရလေသည်။

သူသည် သံသယဖြစ်လာလေသည်။ သမားတော်ကြီး၏ အခန်းတံခါးကို ခေါက်လိုက်သည်။

'သမားတော်ကြီး'

တစ်ခဏအကြာ ဆိတ်ဆိတ်နေပြီးမှ သမားတော်ကြီးအသံထွက်ပေါ်လာလေသည်။

'ဗိုလ်မှူးကလေးဟောင်းလားဟေ့'

ဗိုလ်မှူးကလေးဟောင်းရှောင်ဖုန်းက...

'ဟုတ်ပါတယ်၊ သမားတော်ကြီး'

သမားတော်ကြီးက—

'ဘာကိစ္စရှိလို့လဲ'

ဗိုလ်မှူးကလေးဟောင်းက—

'ခင်ဗျား အသံကြားလို့ ကျုပ် စိတ်မချတာနဲ့ လာခေါ်တာပေါ့'

သမားတော်ကြီးက...

'အခု စိတ်မချရာမရှိဘူး၊ ကျုပ် အိပ်တော့မယ်'

ဗိုလ်မှူးကလေးဟောင်းက တံခါးထပ်မံခေါက်လိုက်သည်၊

'တံခါးဖွင့်ပါဦး...သမားတော်ကြီး'

သမားတော်ကြီးက...

'ဘာလုပ်မလို့လဲ'

သူ၏အသံသည် အနည်းငယ် တုန်တုန်ယင်ယင် ဖြစ်နေသည်ကို ရှောင်ဖုန်းက စိတ်မှထင်လိုက်စေသည်။

ဗိုလ်မှူးကလေးဟောင်းက...

'တံခါးဖွင့်ပါဦးဗျာ၊ စကားပြောစရာရှိလို့'

သမားတော်ကြီးက...

'ပြောစရာရှိရင် မနက်မှပြော၊ အခု ကျုပ်အိပ်ချင်နေပြီ'

ဗိုလ်မှူးကလေးဟောင်းက...

'မနက်ဖြန်အထိ မစောင့်နိုင်လို့ပေါ့၊ ခဏသာပဲဖွင့်ပါ'

အခန်းထဲ၌ တစ်ခဏကြာ တိတ်ဆိတ်ပြီး သမားတော်ကြီးသာ အခန်းတံခါးကို ဆွဲ၍ဖွင့်လိုက်လေသည်။



'ကဲ...ပြောပါ'

ဗိုလ်မှူးကလေးဟောင်းက အခန်းထဲသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။

အခန်းထဲ၌ သက်ဝမအောင်းစရာ မည်သည့်အရာမှ မတွေ့ရပါ။

သူက ပြုံးပြလိုက်သည်။

'တောင်းပန်ပါတယ်ဗျာ၊ အခုလာတုန်းက သမားတော်ကြီးက ရုတ်တရက် အသံထွက်လာတာကို ကြားမိလို့ တစ်များ မြင်တွေ့ရသလဲလို့ မသင်္ကာလို့ အခုလိုလာပြီး မေးမိတာပါ'

သမားတော်ကြီးက ပြန်လည်ပြုံးပြလိုက်သည်။

'ကျေးဇူးတင်ပါတယ်ကွာ'

ဗိုလ်မှူးကလေးဟောင်းက တောင်းပန်စကားပြောပြီး သူ၏ အခန်းရှိရာသို့ ပြန်သွားလေသည်။

သမားတော်ကြီးက သူ၏အခန်းတံခါးကို ပြန်ပိတ်လိုက်လေသည်။

နံနက်ခင်း အာရုဏ်ဦးလေသည် တဖြူးဖြူးတိုက်ခတ်နေ၏၊ နေရောင်ခြည်နုနုသည် ညှို့ခန်းထဲသို့ ထိုးကျနေ၏။ ရဲမက်မှူးဟောင်းနှင့် မြေပိုင်ရှင်တိကျူဘိုသည် ညှို့ခန်းထဲသို့ ရောက်ရှိနေကြလေသည်။

ဗိုလ်မှူးလေးဟောင်းနှင့်လုလုချန်းတို့သည်နံနက်စာအတွက် ပြင်ဆင်နေကြ၏။

ရဲမက်မှူးဟောင်းသည် အပြင်သို့ လှမ်း၍ကြည့်နေ၏။ သူ… မြင်ကွင်းတစ်ခုလုံးမှာ အလွန်သာယာလှပေသည်။

ယခုကဲ့သို့ ရာသီဥတု သာယာနေသောအချိန်၌ တစ်ဖက်… ရှိနေသော ရှောင်ကွမ်းတုံ ဆိပ်ကမ်းမြို့ကလေးကို ပီပီပြင်ပြင် မြင်တွေ့နိုင်သည် မဟုတ်ပါလော။



အကယ်၍သာ ထိုလူသတ်မှုများ ဖြစ်ပွားခဲ့ခြင်း မရှိပါလျှင် ဤကျွန်းကလေးသည် ဧည့်ဂေဟာနိဗ္ဗာန်ဟုပင် ထင်မှတ်ရမည် ဖြစ်ပေသည်။

သူသည် ငေးငိုင်စွာကြည့်နေစဉ်မှာပင် လုလုချန်းနှင့် ဗိုလ်မှူးလေးဟောင်းတို့မှာ နံနက်စာများ၊ စားပွဲပေါ်၌ အသင့်ပြင်ဆင်ထားပြီးဖြစ်လေသည်။

သူတို့သည် သူတို့နေရာသို့ ဝင်ရောက် ထိုင်ချလိုက်သည်။

မြေပိုင်ရှင်တိကျူကာ အပြင်ဘက်သို့ငေးမောကြည့်နေသော ရဲမက်မှူးဟောင်းအား သတိပေးလိုက်သည်။

'နံနက်စာစားဖို့ အချက်ပေးပေတော့၊ ကျုပ်တော့ ဗိုက်ဆာလှပြီ'

ရဲမက်မှူးဟောင်းက အခန်းသို့ ရောက်နေသော မျက်လုံးများကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

သူသည် ထိုင်နေသောသူများအား တစ်ချက် ဝေ့ယမ်းကြည့်လိုက်လေသည်။ သမားတော်ကြီးတစ်ယောက် မရောက်ရှိသေးသည်ကို တွေ့ရှိလိုက်လေသည်။

'သမားတော်ကြီး မရောက်သေးဘူးလား'

မြေပိုင်ရှင်တိကျူကာ ခေါင်းခါယမ်းလိုက်သည်။

'မရောက်သေးဘူး'

ဗိုလ်မှူးလေးမောင်းရှောင်ဖုန်းက…

'ညက အတော်ညဉ့်နက်မှအိပ်ရလို့ သူ မထနိုင်ဘူး

တယ်'

ရဲမက်မှူးဟောင်းက ကြေးမောင်းကို ခေါက်လိုက်

သည်။

'ဒေါင်'

ကြေးမောင်းသံသည် ကျယ်လောင်စွာ မြည်ဟည်း

လေသည်။

ထို့နောက် သမားတော်ကြီးအလာကို စောင့်နေကြ

သို့သော် သမားတော်ကြီးထံ ရောက်လာသည်ကို မတွေ့ရ

ရဲမက်မှူးဟောင်းက ကြေးမောင်း ထပ်မံ ထုလိုက်သည်။

'ဒေါင်'

သူတို့သည် ထပ်မံ စောင့်နေ၏။ သို့သော် သမားတော်

က ပေါ်မလာနိုင်သေးပါ။

ရဲမက်မှူးဟောင်း၏မျက်နှာ ကွက်ခနဲပျက်သွားသော

ထို့နောက် ထိုင်ရာမှထလာပြီးအိပ်ခန်းများရှိရာသို့ခြေလှမ်း

သုတ်ပျာပျာဖြင့် လျှောက်သွားလေသည်။ လုလုချမ်းနှင့်

မှူးလေးမောင်းတို့မှာ ထစ်ငယောင်မျက်နှာအစ်ငယောင်

ဖြင့် ရဲမက်မှူးဟောင်းနောက်သို့ လိုက်သွားကြလေသည်။



မြေပိုင်ရှင်တကျူးသည် စားရင်းတန်းလန်းဖြင့် ပြန်ချထား

လိုက်သည်။

'ဒုက္ခပါပဲ၊ အစားအသောက်လဲ ကောင်းကောင်းမစား

ရပါဘူး'

သူက ညည်းညည်းညူညူဖြင့် လိုက်သွားလေသည်။

ရဲမက်မှူးဟောင်းအား သမားတော်ကြီး၏ အခန်းတံခါးကို

ခေါက်လိုက်သည်။

'သမားတော်ကြီး….'

အခန်းထဲမှ သမားတော်ကြီး၏ ထူးသံမကြားကြရပါ။

ရဲမက်မှူးဟောင်းက တံခါးကို တွန်းဖွင့်လိုက်ရာ အခန်း

တံခါးကို အတွင်းမှ မင်းတုပ်ထိုးမထား၍ ပွင့်သွားလေသည်။

ရဲမက်မှူးက အခန်းထဲသို့ ရှေ့ဆုံးမှ လှမ်းဝင်လိုက်သည်။

ဗိုလ်မှူးလေးမောင်းနှင့်လုလုချမ်းတို့သည် နောက်မှလိုက်၍ဝင်

လိုက်သောအခါ မြေပိုင်ရှင်တကျူးအား အခန်းဝသို့ ရောက်ရှိ

လာပြီဖြစ်လေသည်။

* * *

လူသားယောင် မျက်လုံးလေးစုံတို့သည် ခုတင်ပေါ် လဲလျောင်းနေသော သမားတော်ကြီးအား မလှုပ်မယှက် စိုက်ကြည့်နေကြ၏။

သမားတော်ကြီးက အသက်မရှိတော့ပါ။

သူ၏ရင်ဝ၌ အသွန်ထက်မြက်သော ဓားငယ်တစ်လက်စိုက်ဝင်နေ၏။

အတန်ကြာသော် ရဲမက်မှူးဟောင်းက အလောင်းကို စစ်ဆေးကြည့်ရှုလိုက်လေသည်။

ထို့နောက် ခုတင်ရှေ့ရှိ ကုလားထိုင်ပေါ် ထိုင်ချလိုက်လေသည်။

အတန်ကြာသော်မှ မြို့ပိုင်ရှင်က...

'သူသေသွားတာ ဘယ်လောက်ကြာပြီလဲ'

ရဲမက်မှူးဟောင်းက...

'သွေးစီးကျပုံနဲ့ ခန္ဓာကိုယ်တောင့်တင်းနေပုံကို ကြည့်ရတာ ညသန်းခေါင်ကျော်မှ သေဆုံးတာဖြစ်ရမယ်'

အံကို တင်းတင်းကြိတ်နေသော ဗိုလ်မှူးကလေးဟောင်းက ခေါင်းညိတ်လိုက်သည်။



'ဟုတ်တယ်'

ရဲမက်မှူးဟောင်းက ဆတ်ခနဲ မော့ကြည့်လိုက်သည်။

'ခင်ဗျားဘာလို့ ပြောနိုင်တာလဲ'

ဗိုလ်မှူးလေးဟောင်းက...

'ညတော်တော်လေး ညဉ့်နက်မှ အိပ်ရာဝင်တဲ့အခါ သူ့အခန်းထဲမှာ အသံကြားလိုက်လို့ ကျုပ်က သူ့ကိုစိတ်မချလို့ ချောင်းကြည့်တယ်၊ သူက အခန်းတံခါးဖွင့်ပြီး ကျုပ်နဲ့တောင် စကားပြောလိုက်သေးတယ်'

ရဲမက်မှူးဟောင်းက သူ့အား မျက်တောင်မခတ် စိုက်ကြည့်လိုက်သည်။

'ခင်ဗျားက သူ့အခန်းထဲကို ရောက်လာသေးတယ် ဟုတ်လား'

ဗိုလ်မှူးလေးဟောင်းက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ် အခန်းထဲဝင်ပါဘူး၊ အခန်းဝမှာပဲ စကားပြောခဲ့ပါတယ်'

ရဲမက်မှူးဟောင်းက...

'ခင်ဗျားက စိတ်မချဘူးဆိုတာ ဘာမသင်္ကာစရာတွေ့ရလို့ စိတ်မချတာလဲ'

ဗိုလ်မှူးလေးဟောင်းက...

'သူနဲ့ကျုပ်တို့နဲ့ အတူပြန်တဲ့အခါ ကျုပ်က ကျုပ်အခန်းဝင် တဲ့အခါ သူက 'ဟင်' ခနဲအံ့သြတဲ့အသံ ထွက်ပေါ်လာတာကို ကြားရလို့ပါ'

ရဲမက်မှူးဟောင်းက...

'သူက ခင်ဗျားကို တံခါးဖွင့်ပြီး စကားပြောခဲ့တယ် ဟုတ် လား'

ဗိုလ်မှူးကလေးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ရဲမက်မှူးဟောင်းက...

'သူ အခန်းတံခါးဖွင့်လိုက်တဲ့အခါမှာ ခင်ဗျား အခန်းထဲ ကို ကြည့်မိသေးလား'

ဗိုလ်မှူးဟောင်းလေးက ခေါင်းညိတ်လိုက်သည်။

'ကြည့်မိပါတယ်'



ရဲမက်မှူးဟောင်းက...

'ဘာမှမတွေ့ဘူး ဟုတ်လား'

ဗိုလ်မှူးလေးဟောင်းက ခေါင်းခါယမ်းလိုက်သည်။

'အခန်းထဲမှာ ဘယ်သူ့ကိုမှ မတွေ့ပါဘူး'

ရဲမက်မှူးဟောင်းက...

'သူ့ရဲ့မျက်နှာအမူအရာတွေ ပြောင်းလဲသွားတာ သတိ ထား ကြည့်မိသေးလား'

ဗိုလ်မှူးလေးဟောင်းက အတန်ကြာစဉ်းစားပြီးမှ...

'ရဲမက်မှူးဟောင်းမေးမှ ကျုပ်သတိရလိုက်တယ်ဗျ'

ရဲမက်မှူးဟောင်းက သူ့အားစိုက်ကြည့်လိုက်သည်။

'ပြောပါ'

ဗိုလ်မှူးလေးဟောင်းက...

'ကျုပ် အခန်းတံခါးခေါက်ပြီး အတော်ကြာမှ သူထူးသံ ကြားလိုက်ရတယ်၊ သူထူးတဲ့အသံ နည်းနည်းလေးတုန်နေတာ ကြားလိုက်ရတယ်'

သူက စကားဆက်လိုက်သည်။

'ဆီမီး ခွက်အလင်းဟာ သိပ်ခလင်းပေမယ့် သူ့မျက်နှ
မြူဖပ်ဖြူရော် ဖြစ်နေတာ တွေ့လိုက်ရသလိုပဲ'

ရဲမက်မှူးဟောင်းက...

'ဒါပဲလား'

ဗိုလ်မှူးဟောင်းက...

'ဒါပါပဲ၊ ကျုပ်က သူ့ကိုနှုတ်ဆက်ပြီး ကိုယ့်အခန်းကို
ပြန်လာခဲ့တယ်'

ရဲဘက်မှူးဟောင်းက ထိုင်ရာမှထ၍ ရပ်လိုက်သည်။ ထို့နောက်
သမားတော်ကြီးရှင်ဝမ်းမှာ ဝိုက်နေသော ဓားကို ဆွဲနုတ်လိုက်၏

သူသည် ဓားကို သေသေချာချာ ကြည့်လိုက်သည်။

'ဒီဓားကို ခင်ဗျားတို့ မြင်ဖူးကြသလား'

မြေပိုင်ရှင်တိကျူး၊ လုလုချန်းနှင့် ဗိုလ်မှူးဟောင်းတို့
သည် ခေါင်းပြိုင်တူ ခါယမ်းလိုက်ကြသည်။

ရဲဘက်မှူးဟောင်းက....

'ဒီဓားဟာ ပါးပြီး ထက်မြက်တယ်၊ ဒီဓားကို အသုံး
တဲ့လူဟာလဲ အလွန်ကျွမ်းကျင်တယ်၊ လူတစ်ယောက်ကို အ



ထွက်နိုင်တဲ့ တစ်ချက်တည်းနှင့် သေအောင် ထိုးနိုင်လောက်
အောင် ကျွမ်းကျင်တယ်'

သူက ခေါင်းတစ်ချက် ခါယမ်းလိုက်သည်။

'ဒီလူသတ်သမားကို ကျုပ်က တပြည်းပြည်းနဲ့ ကြောက်လာ
ပြီ'

မည်သူမျှ စကားမပြောတော့ပါ။

အတန်ကြာသောအခါမှ သူက ဓားငယ်ပေါ်မှသွေးများ
ကို သုတ်လိုက်ပြီး သိမ်းဆည်းထားလိုက်သည်။

'ကဲ... သမားတော်ကြီးကို မြေအောက်ခန်း ပို့ကြပါစို့'

❀ ❀ ❀

မြေအောက်ခန်းသည် အလွန်အေးစိမ့်နေ၏။

မြေအောက်ခန်း၌ အတန်ကြာကြာနေလျှင် အအေးဓာတ်
ကြောင့် တစ်ကိုယ်လုံး ချမ်းစိမ့်လာတတ်ပေသည်။

ထိုအအေးဓာတ်ကြောင့်လားမသိ အလောင်းများသည်
မပုပ်ဖသိုးဘဲ ရှိနေကြ၏။

မည်သို့ဆိုစေ လူသေအလောင်းကို မည်သူကမျှ ကြာကြာ ကြည့်နိုင်ကြသည်မဟုတ်ပါ။

ထို့ကြောင့် မြေပိုင်ရှင် တိကျူသည် သခါးတော်ကြီး အလောင်းကို အခေါင်းထဲထည့်ပြီးသည်နှင့် အခန်းထဲမှထွက်ရန် ခြေလှမ်းပြင်လိုက်လေသည်။

'ခဏ'

ရဲမက်မှူးဟောင်းက ဟန့်တားလိုက်လေသည်။

သူတို့က လှည့်ကြည့်လိုက်သည်။

ရဲမက်မှူးဟောင်းက အလောင်းသားရှာ အခန်းထော အခန်းသို့ ခြေလှမ်းလှမ်းလိုက်လေသည်။

ဓားငယ်ကို အသင့်ကိုင်ထားပြီး တံခါးကို ဆတ်ခနဲ ဖွင့် လိုက်လေသည်။ ဗိုလ်မှူးဟောင်းနှင့် လုလုချန်းတို့ ပြိုင်တူ ရောက်ရှိသွား၏။

အခန်းထဲ၌ မည်သူမျှမရှိဘဲ ဟာလာဟင်းလင်းဖြစ်နေ၏။

ရဲမက်မှူးဟောင်းက ဓားငယ်ကိုသိမ်းပြီး အခန်းတံခါး ကို ပြန်ပိတ်ထားလိုက်၏။

ထို့နောက် စကားတစ်ခွန်းမှမပြောဘဲ လျှောက်သွား



ဗိုလ်မှူးဟောင်းနှင့် လုလုချန်းတို့သည် တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ကာ ရဲမက်မှူးဟောင်းနောက်မှလိုက် သွားလေ၏။

* * *

ညစာခန်းထဲ၌ သူတို့လေးယောက်သည် ငြိမ်သက်စွာ ထိုင် နေကြ၏။

သူတို့သည် နံနက်စာများ စားနေကြသော်လည်း မည်သူမျှ မစားနိုင်ကြပါ။

လုလုချန်းသည် တစ်စုံတစ်ခု သတိရလာပြီး ချိတ်ထားသော ကဗျာရှိရာသို့ လျှောက်သွားလေသည်။

ကဗျာကို မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။

ရဲမက်မှူးဟောင်းက....

'လုလုချန်း....ကဗျာကို အားလုံးကြားအောင် ဖတ်ပြစမ်း'

လုလုချန်းက ဖတ်ပြလိုက်လေသည်။ သို့သော် သူ၏အသံ မှာ တုန်တုန်ယင်ယင် ဖြစ်နေသဖြင့် ဖတ်ရင်းတန်းလန်း ရပ်တန့် သွားလေသည်။

ဗိုလ်မှူးစေားယောင်းကထ၍ သူမထံသို့ လျှောက်သွား၍
သူသည် သူမအား နှစ်သိမ့်သောအပြုံးဖြင့် ပြုံးပြလိုက်ပြီး
'မင်း ထိုင်လိုက်ပါ။ ကျုပ် ဖတ်ပြပါမယ်'

သူက အသံထွက်ဖတ်ပြလိုက်လေသည်။

'သခင်မားတော်ကြီးရဲ့ အိပ်ရာခန်း သူ၏နှင်ဝ ဖေးတန်း
လန်း'

* * *

ညှိခန်းတစ်ခုလုံးမှာ အသံလုံးဝမကြားရတော့ဘဲ အသက်ရှူသံများကိုသာ သဲ့သဲ့ကြားနိုင်လေသည်။

အားလုံး၏ရင်ထဲတွင် ခံပြင်းခြင်း၊ ဒေါသထွက်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း စသည့် ခံစားမှုများ တစ်ပြိုင်တည်း ခံစားလိုက်ကြရလေသည်။

သူတို့သည် ကျွန်းပေါ်သို့ ရောက်ရှိစာသည့်အချိန်တွင် ကိုးယောက်ရှိသည်။

ထို့နောက် တစ်ယောက်ပြီး တစ်ယောက် အသက်ဆုံးရှုံးသွားသည်မှာ ယခုအချိန်ထိ အသက်ဆုံးရှုံးရသူပေါင်းမှာ ယောက်ရှိပြီဖြစ်သည်။



သေဆုံးသွားကြသောသူများသည် တစ်ယောက်နှင့် တစ်ယောက် ဆွေမျိုးချင်းများ မဟုတ်ကြပါ။ ရင်းနှီးသော မိတ်ဆွေများလည်း မဟုတ်ကြပါ။ သူတို့သည် အနယ်နယ်အရပ်ရပ်မှ ကျွန်းကလေးပေါ်သို့ ရောက်ရှိလာကြ၍ တွေ့ဆုံခဲ့သော လူများသာ ဖြစ်သည်။

သူတို့သည် ဤကျွန်းကလေးပေါ်သို့ လာရောက်သည့် ရည်ရွယ်ချက်များ တူညီနေမှုရှိသည်လည်း မဟုတ်ပါ။

သူတို့ ယခုအခါမှာ တစ်ယောက်ပြီးတစ်ယောက် ရက်ရက်စက်စက် အသတ်ခံရသည်ကို မြင်တွေ့ရသောအခါ သူတို့သည် ခံပြင်းသောစိတ်၊ ဒေါသထွက်စိတ်၊ ဝမ်းနည်းသောစိတ်များ ဖြစ်ပေါ်လာခြင်းမှာ လူသားအချင်းချင်း စာနာတတ်သော စေတနာတရားပင် မဟုတ်ပါလော။

သူတို့သည် ပြင်းပြစွာ ခံစားနေကြသော်လည်း နောင်သူက လူသတ်သမား ဖြစ်သည်ကို မသိကြသဖြင့် မည်သို့မှ မတတ်နိုင်ကြဘဲ လှိုက်လှဲစွာ ခံစားရင်း လက်လျှော့နေရသည် မဟုတ်ပါလော။

သူတို့ အကျေးကိုယ်စီဖြင့် စဉ်းစားနေစဉ် မြေပိုင်ရှင်တီကျူးက ရုတ်တရက် ထရပ်လိုက်သည်။

သူသည် အိတ်ထဲ၌ထားသော သီးသန့်ခန်းသော့ကို ထုတ်ပြလိုက်သည်။

'ကြွေရုပ်ကို သွားကြည့်ကြမယ်'

သူက ယင်းသို့ပြောလိုက်တော့မှ ကျန်ရှိသူ အားလုံးတို့ သတိရသွားလေသည်။

သူတို့သည် သီးသန့်ခန်းရှိရာသို့ ခြေလှမ်းသုတ်သုတ်ဖြင့် ထွ ခွာသွားကြလေတော့သည်။

* * *

မြေပိုင်ရှင်တိကျူသည် သော့ခလောက်ကို သေချာစစ်ဆေ လိုက်သည်။

သော့ခလောက်သည် ပကတိပိတ်နေ၏၊ သူသည် သော့ ခလောက်ကိုဖွင့်၍ အခန်းတံခါးကို ဖြည်းညင်းစွာဖွင့်လိုက်ပြီး...

သူတို့၏မျက်လုံးများသည် အခန်းထဲရှိ စားပွဲပေါ်သို့ ပြိုင် ရောက်ရှိသွားကြလေသည်။

ထို့နောက် သူတို့၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွာ ကြပြီး မတုန်မလှုပ် ရပ်တန့်သွားကြလေသည်။

စားပွဲပေါ်၌ လူပုလေးကြွေရုပ် ငါးရုပ်အနက် ကြွေ ကလေးတစ်ရုပ် အက်ကွဲနေပြန်သည်ကို ထိတ်လန့်အံ့သြဖွယ် တွေ့မြင်ရလေသည်။



ရဲကော်မှူးဟောင်းက မြေပိုင်ရှင်တိကျူအား တစ်ချက်ကြည့်လိုက်သည်။

'ဒီသော့ကို ခင်ဗျားက ကိုယ်နဲ့မကွာ သိမ်းထားသလား၊ ဒါမှမဟုတ် ညအိပ်တဲ့အခါ အင်္ကျီကိုချွတ်ပြီး ချိတ်ထားသလား'

မြေပိုင်ရှင်တိကျူက....

'ကျုပ်အဝတ်အစားကို ကြည့်ပါ၊ မလဲတာ လေးငါးရက်လောက် ရှိသွားပြီ၊ လဲဖို့စိတ်မရှိတာနဲ့ ဒီအတိုင်း ဝတ်စားထားတာ၊ ဒီသော့ ကျုပ်နဲ့အမြဲမကွာ ရှိနေပါတယ်ဗျာ'

ရဲမက်မှူးဟောင်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

မြေပိုင်ရှင်တိကျူက သော့ကိုစားပွဲပေါ်သို့ပစ်ချလိုက်သည်။

'တစ်ယောက်ယောက်အလှည့်ယူပါဦး၊'

ဗိုလ်မှူးဟောင်းက သော့ကို ကောက်ယူလိုက်သည်။

'ကျုပ်ယူထားမယ်'

သူတို့သည် အက်ကွဲနေသော ကြွေရုပ်ကို ဖယ်ရှားလိုက်ပြီး သီးသန့်ခန်းထဲမှ ထွက်လာလေသည်။

ဗိုလ်မှူးဟောင်းသည် ကြွေရုပ်လေးရုပ်ကို သေချာစွာ ကြည့်လိုက်ပြီးမှ အခန်းတံခါးကို ပြန်ပိတ်လိုက်လေသည်။

သူသည် ဧည့်ခန်းထဲသို့ ပြန်လည်ရောက်ရှိလာပြီးလျှင် ရဲမက်မှူးဟောင်းနှင့် မျက်နှာချင်းဆိုင် ထိုင်ချလိုက်လေသည်။

အတန်ကြာမျှ သူက ဤသို့ မေးလိုက်လေသည်။

'ကျုပ်တို့ ဒီအတိုင်းနေလို့မဖြစ်တော့ဘူး၊ တစ်ခုခု လှုပ်ရှားမှ ဖြစ်တော့မယ်'

ရဲမက်မှူးက သူ့အားစိုက်ကြည့်လိုက်သည်။

'ခင်ဗျားအနေက ဘယ်လို လှုပ်ရှားချင်လို့လဲ'

ဗိုလ်မှူးဟောင်းက...

'အခု ကျုပ်တို့မှာ လူသုံးယောက်ပဲ ကျန်တော့တယ်၊ ဒါကြောင့် တစ်ဦးချင်းမခွဲရဘူးဆိုရင် အဖွဲ့နှစ်ဖွဲ့ရှိမယ်၊ နောက်တော့ ဟုတ်ပါပြီ၊ ညဘက်ရောက်လာတဲ့အခါမှာ စိတ်မချရပါဘူး'

ရဲမက်မှူးက ခေါင်းညိတ်လိုက်သည်။

'ဒါလဲ ဟုတ်တယ်'

သူက မြေပိုင်ရှင်တိကျူးအား ခေါင်းညိတ်ပြလိုက်သည်။

'ကဲ နေ့ညပြီး ခင်ဗျားက ကျုပ်အခန်းထဲကို ပြောင်းခဲ့ပါ၊ ဒါမှ တစ်ယောက်ကို တစ်ယောက် အရေးကြုံလာရင် ပူးပေါင်းရင်ဆိုင်နိုင်မယ်'



မြေပိုင်ရှင်တိကျူးက...

'ကျုပ်အတွက်တော့ ရပါတယ်၊ လုလုချန်းကျတော့ ဘယ်လို လုပ်ကြမလဲ'

ရဲမက်မှူးဟောင်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

လုလုချန်းက ပြုံးပြလိုက်သည်။

'ကျွန်မအတွက် စိုးရိမ်ပါနဲ့၊ ကျွန်မကိုယ်ကျွန်မ ကာကွယ်နိုင်ပါတယ်'

ရဲမက်မှူးဟောင်းက သူမအား စိုက်ကြည့်လိုက်သည်။

'ကျုပ် ယုံကြည်ပါတယ်၊ ခင်ဗျားရဲ့သိုင်းပညာ အဆင့်ဟာ ပညာရှင်အဆင့်မှာရှိတယ်ဆိုတာ ကျုပ် အကဲခတ်မိပါတယ်'

မြေပိုင်ရှင်တိကျူးက အံ့အားသင့်သွားလေသည်။

'မိန်းကလေးက သိုင်းပညာတတ်တယ်ဟုတ်လား'

လုလုချန်းက ပြုံးပြလိုက်လေသည်။

'ကျွန်မတို့ ဂေဟာမှာ ကျင်လည်ကျက်စားတဲ့ မိန်းကလေးတစ်ယောက်ဟာ သိုင်းပညာမှမတတ်ရင် လူတကာ နှိပ်စက်တာကို ခံနေရမှာပေါ့ရှင်'

မြေပိုင်ရှင်တိကျူးက သဘောကျသွားလေသည်။

'သိပ်ဟုတ်တာပေါ့ကွာ'

ရဲမက်မှူးဟောင်းက ဗိုလ်ကလေးဟောင်း ရွှေဖုန်းကို ညွှန်ပြလိုက်လေသည်။

'ဗိုလ်ကလေးဟောင်းကို ခင်ဗျားက အထင်မသေးလိုက်နဲ့၊ ကျုပ်အကဲခတ်မမှားဘူးဆိုရင် သူဟာ အဆင့်မြင့်တဲ့သိပ္ပံပညာရှင် သမား တစ်ယောက်ဖြစ်နိုင်တယ်'

ဗိုလ်ကလေးဟောင်းရင်ထဲတွင် တစ်ချက်လှုပ်ရှားသွားလေ သည်။

'ကျုပ်က သိပ္ပံပညာကို နည်းနည်းပါးပါးတတ်ထားတာ အမှန်ပါ၊ ဒါပေမယ့် အဆင့်မြင့်တယ်ဆိုတာတော့ မဟုတ်ပ ပါဘူး'

မြေပိုင်ရှင် တိကျူးက...

'ခင်ဗျားတို့က သိပ္ပံပညာဒီလောက်တူးချွန်ရှိသားနဲ့ လူသတ် ကောင်ကို ဘာကြောင့်မိအောင်မဖမ်းနိုင်ကြတာလဲ'

လုလုချန်းက....

'လူသတ်သမားဟာလူဆိုးလိုမဟုတ်ကြဘူး၊ သူတို့ကလူအသ ရှာ နည်းမျိုးစုံနဲ့ကြံစည်ပြီး သတ်လိုက်တာ၊ လူဆိုးလို အသ



အလင်း တိုက်ခိုက်တာမဟုတ်တော့ ကျွန်မတို့သူ့ကို ဘယ်လို လုပ်ပြီးဖမ်းနိုင်မှာလဲရှင့်'

မြေပိုင်ရှင်တိကျူးက...

'ဒါလဲဟုတ်ပါတယ်'

သူသာ ရဲမက်မှူးဟောင်းဘက်သို့ လှည့်လိုက်သည်။

ရဲမှုက်မှူးက ဘာဆက်လုပ်ဖို့ စီစဉ်ထားသလဲ'

ရဲမက်မှူးဟောင်းက...

'ကျုပ်တို့ဒီအတိုင်းနေလို့ မဖြစ်တော့ဘူး၊ ဒီအတိုင်းသာနေ ကြမယ်ဆိုရင် လူသတ်သမားရဲ့ လက်ချက်နဲ့ တစ်ယောက်ပြီး တစ်ယောက် အသတ်ခံရမှာပဲ၊ ဒါကြောင့်...'

သူသည် အနည်းငယ်စဉ်းစားလိုက်ပြီးမှ—

'တစ်ဖက်ကမ်းကို အကူအညီတောင်းမှ ဖြစ်တော့မယ်'

မြေပိုင်ရှင်တိကျူးက...

'ကူးတို့လှေမှမရှိတော့ဘဲ ဘယ်လိုဆက်သွယ်လို့ ရမှာလဲ'

ရဲမက်မှူးက...

'မီးပုံရှို့ပြီး မီးခိုးနဲ့အချက်ပြလိုက်ရင် တစ်ခါ ဒီကျွန်းမှာနေ တဲ့လူက ရောက်လာလိမ့်မယ်လို့ ကျုပ်ယုံကြည်ပါတယ်'

မြေပိုင်ရှင်တိကျူက ခေါင်းညိတ်လိုက်သည်။

'ဒီအကြံ မဆိုးဘူး၊ ကျုပ်တို့ဘယ်တော့စကြမလဲ'

ရဲမက်မှူးဟောင်းက....

'မနက်ဖြန်'

မြေပိုင်ရှင်တိကျူက....

'အခုလဲ အချိန်ရသားပဲ ဘာဖြစ်လို့မနက်ဖြန်အထိ စောင့်ရမှာလဲ'

ရဲမက်မှူးဟောင်းက....

'ဒီတစ်ညအခြေအနေကို ကျုပ်က ကြည့်ချင်ပါသေးတယ်'

မြေပိုင်ရှင်တိကျူက....

'သူတို့ ရောက်လာရင်တော့ ပိုပြီးအင်အားတောင့်တင်းသွားမှာ'

ရဲမက်မှူးဟောင်းက ပြုံးလိုက်သေးသည်။



'လူရဲ့သဘာဝကို ခင်ဗျားမှမသိတဲ့ကိုး'

မြေပိုင်ရှင်တိကျူက....

'ဆိုပါဦး လူရဲ့သဘာဝဆိုတာ ဘာလဲ'

ရဲမက်မှူးဟောင်းက....

'လူတွေဟာ အန္တရာယ်ကိုကြောက်တတ်ကြပါတယ်၊ အထူးဖြင့် ကိုယ့်အရေးမဟုတ်ရင် ဘယ်သူကမှ စွန့်စားကြမှာ မဟုတ်ဘူး'

မြေပိုင်ရှင်တိကျူက ခေါင်းညိတ်လိုက်သည်။

'ဒါလဲဟုတ်တယ်'

ရဲမက်မှူးဟောင်းက....

'အခုအခါမှာ အချက်ပြလိုက်လို့ သူတို့ကရောက်လာကြရင် ကျုပ်တို့ရဲ့အကြောင်းကို သိသွားတာနဲ့ ကျုပ်တို့ကိုပါ ဘေး င်းရန်ကောင်း ဖြန့်ခေါ်သွားကြမှာဗျ'

မြေပိုင်ရှင်တိကျူက သဘောပေါက် နားလည်သွားလေသည်။

'ခင်ဗျားပြောတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ် တစ်ယောက်တည်းအိပ်ရမှာကို စိတ်ထဲမှာမလုံလဲ့ဖြစ်မှာတော့ သေချာတယ်ဗျ'

မြေပိုင်ရှင်တိကျူက....

'ဒါကိုကျုပ်သိပါတယ်၊ ဒါပေမယ့်လုလိုချန်းက ဒီမှာ
လေးဗျ၊ သူတစ်ယောက်တည်းအခန်းထဲမှာနေတာ ကျုပ်
မချဘူး'

ရဲမက်မှူးဟောင်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

မြေပိုင်ရှင်တိကျူက....

'ကျုပ်စိတ်ထဲမှာ ပြောချင်တဲ့ စကားတစ်ခွန်းကို ပြော
နေတာကြာပါပြီ၊ ပြောသင့်မပြောသင့် စဉ်းစားဆင်ခြ
တာနဲ့ မပြောခဲ့ဖြစ်ပါဘူး'

ရဲမက်မှူးဟောင်းက—

'ပြောစရာရှိရင်ပြောပါ၊ ကျုပ်တို့လေးယောက်စလုံး
အချိန်မရွေး လူသတ်သမားလက်ချက်နဲ့ သေသွားနိုင်တယ်၊
ကြောင့် ပြောသင့်မပြောသင့်ဆိုတာ မရှိပါဘူး'

မြေပိုင်ရှင်တိကျူက...

'လူသတ်မှု တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာတာကအစ
ကစိတ်မဝင်စားသေးပါဘူး၊ ကြောက်လဲ မကြောက်ပါ
ဒါပေမယ့် တရားသူကြီးဟောင်းနဲ့ သမားတော်ကြီးတို့



ဆင့်နောက်ဆင့် သေဆုံးသွားပြီးတဲ့အခါမှာ ကျုပ်ရဲ့စိတ်ထဲ
မှာ လမ်းနှစ်ခုပဲရှိတယ်လို့ သိသွားလိုက်ပါတယ်'

ရဲမက်မှူးဟောင်းက....

'ဆက်ပြောပါ'

မြေပိုင်ရှင် တိကျူက....

'လမ်းတစ်ခုကတော့ ဒီကျွန်းကလေးပေါ်က အမြန်ဆုံး
ထွက်ပြေးဖို့ပဲ၊ ဒုတိယလမ်းကတော့ ဒီမှာပဲ အသက်ခံရတဲ့
အထိ ဆက်လက်နေဖို့ပါပဲ'

ရဲမက်မှူးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဒါဟာ မှန်ကန်တဲ့အတွေးအခေါ်ပါပဲ'

မြေပိုင်ရှင်တိကျူက....

'လူသတ်ကောင်ဟာ တစ်နေရာရာမှာပုန်းနေတယ်လို့ ကျုပ်
တို့ကယူဆခဲ့တယ်၊ ဒါကြောင့်လူသတ်ကောင်ကိုဖမ်းမိနိုင်အောင်
လိုက်ရှာကြတယ်၊ ဒါပေမယ့် လူသတ်သမားကို ရှာမတွေ့ဘဲ
နောက်ဆုံး ကျုပ်တို့လူတွေ တစ်ယောက်ပြီးတစ်ယောက် လူ
သတ်သမားလက်ချက်နဲ့ သေကုန်ကြတော့တာပါပဲ'

ဗိုလ်ကလေးဟောင်း ရှောင်ဖုန်းက....

'ဟုတ်ပါတယ်၊ ခင်ဗျားပြောချင်တဲ့စကား တိုတို လိုက်ပါဗျာ'

မြေပိုင်ရှင်တိကျူက စကားတစ်ခွန်းမျှ မပြော ရဲမက်မှူး၏မျက်နှာကို ကြည့်လိုက်လေသည်။

ထို့နောက် ဗိုလ်ကလေးဟောင်းရှောင်ဖုန်းသို့ ရွေ့လ ားလေသည်။

ထိုမှတစ်ဆင့် ရဲမက်မှူးဟောင်း၏ မျက်နှာပေါ်သို့ အကြည့်သည် ရောက်ရှိသွားပြီး ရပ်တန့်သွားလေသည်။

ရဲမက်မှူးဟောင်းကလည်း သူ့အား ပြန်ကြည့်လိုက်သ

မြေပိုင်ရှင် တိကျူက သက်ပြင်းတစ်ချက်ချလိုက်သည်။

'ကျုပ်ရဲ့စိတ်ထဲမှာတော့ ကျုပ်တို့လေးယောက်ထဲမှာ ယောက်ယောက်တော့ လူသတ်သမားဖြစ်ရမယ်'

သူသည် ယင်းသို့ပြောလိုက်လျှင် ကျန်ရှိသောလူ တဖို့တအံ့သြဖြစ်သွားလိမ့်မည်ဟု ယူဆထားခဲ့သည်။

ထို့ကြောင့် သူတို့က တုံ့ပြန်လာမည်ကို နားစွင့်နေ

သို့သော် မည်သူ့ထံမျှ အံ့သြသွားဟန် မရှိကြပါ။



သူတို့သည် ထိုစကားကိုမကြားမိလိုက်သည့်အလား တိတ်ဆိတ်နေကြလေသည်။

အံ့သြသူမှာ မြေပိုင်ရှင် တိကျူကိုယ်တိုင်ဖြစ်သည်။

သူက မနေနိုင်တော့ဘဲ ပြန်မေးလိုက်လေသည်။

'ကျုပ်ပြောပြတာကို ခင်ဗျားတို့က မအံ့သြမိဘူးလား'

ရဲမက်မှူးဟောင်းက ခေါင်းအသာအယာ ခါယမ်းလိုက်သည်။

'ဒါအံ့သြစရာမဟုတ်ပါဘူး'

မြေပိုင်ရှင်တိကျူက ဗိုလ်ကလေးဟောင်းနှင့် လုလုချန်းတို့အား မေးလိုက်ပြန်လေသည်။

'ခင်ဗျားရော'

ဗိုလ်ကလေးဟောင်းနှင့် လုလုချန်းတို့လည်း ခေါင်းခါယမ်းပြလိုက်သည်။

မြေပိုင်ရှင် တိကျူက ပါးစပ်ပိတ်ထားလိုက်လေသည်။

ရဲမက်မှူးဟောင်းက လေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။

'ခင်ဗျားတွေးမိနေသလို ကျုပ်လဲတွေးမိနေတယ်'

မြေပိုင်ရှင်တိဘျူက...

'ခင်ဗျား အဲဒါကိုတွေးမိလို့လဲ'

ရဲအက်မှူးဟောင်းက...

'ခင်ဗျားတို့သုံးယောက်ထဲမှာ တစ်ယောက်ယောက်ဟာ လူသတ်သမားဖြစ်ရမယ်လို့'

'ဟောဗျာ'

မြေပိုင်ရှင်တိဘျူက သူ၏မဟာနဖူးကို လက်ဝါးနှင့်ရိုက်လိုက်လေသည်။

ထို့နောက် ဗိုလ်မှူးကလေးဟောင်းနှင့် လူလုချန်းတို့အား တစ်လှည့်စီကြည့်လိုက်လေသည်။

'ခင်ဗျားတို့ကော'

ဗိုလ်ကလေးဟောင်းက....

'ရှင်းရှင်းပြောရမယ်ဆိုရင် ကျုပ်ရဲ့စိတ်ထဲမှာ ခင်ဗျားတို့သုံးယောက်ထဲမှာ တစ်ယောက်ယောက်ဟာ လူသတ်သမားဖြစ်ရမယ်'

မြေပိုင်ရှင်တိဘျူက လူလုချန်းသို့ လှည့်ကြည့်လိုက်လေသည်။



'မိန်းမလေးကော....'

လူလုချန်းက ပြုံးလိုက်သည်။

'ရှင်တို့ တွေးသလိုပဲပေါ့'

မြေပိုင်ရှင်တိဘျူက ပါးစပ်ပိတ်သွားလိုက်လေသည်။

• • •

ညနေခင်းတစ်ခုလုံး တိတ်ဆိတ်သွားပြန်လေသည်။

မည်သူကမှ စကားမပြောကြတော့ဘဲ အတွေးကိုယ်စီဖြင့် စဉ်းစားနေကြလေသည်။

အတန်ကြာသောအခါမှ ရဲအက်မှူးဟောင်းက သက်ပြင်း တစ်ချက် ချလိုက်လေသည်။

'အခုဒီ ကျုပ်တို့ တစ်ယောက်အပေါ် တစ်ယောက် သံသယဖြစ်နေတယ်ဆိုတာ ကောင်းတဲ့လက္ခဏာ မဟုတ်ပါဘူး၊ ဒါကြောင့် ကျုပ်က အားလုံးပဲ သံသယ ကင်းကင်းရှင်းရှင်း ဖြစ်အောင် အကြံတစ်ခု စဉ်းစားမိပါတယ်'

မြေပိုင်ရှင်တိဘျူက...

'ပြောပါခင်ဗျာ'

ရဲမက်မှူးဟောင်းက....

'ဒီနေ့ညကစပြီး ကျုပ်တို့ နေ့နဲ့ ညနဲ့ က ပြောင်းပြန် လုပ်လိုက်မယ်၊ နေ့ဖြန်ကျရင် မီးပုံရှို့ပြီး တစ်ဖက်ကမ်း အချက်ပြမယ်၊ ကူးတို့လှေရောက်လာရင်တော့ ကျုပ်တို့က လိုက်သွားမယ်၊ဟိုရောက်တော့မှ ဖြစ်ပျက်တဲ့အမှုကို သက်ဆိုင် ရာကို တိုင်ကြားလိုက်တာပေါ့၊ လူသတ်သမားကိုဖမ်းမိဖို့ လူတို့ရဲ့တာဝန်ပေါ့ဗျာ'

မြေပိုင်ရှင်တိုကျူက....

'နေ့နဲ့ည ကပြောင်းကပြန်လုပ်မယ်ဆိုတာ ဘာကိုဆိုလို လဲ'

ရဲမက်မှူးဟောင်းက ပြုံးလိုက်သည်။

'ဒီနေ့ည ငါတို့မအိပ်ကြဘဲ ဒီစည့်ခန်းထဲမှာ စုဝေး မယ်၊ မိုးလင်းလာတော့မှ အိပ်ကြမယ်၊ အိပ်ရာနိုးလာတာ မီးပုံကိုမီးရှို့မယ်၊ ဘယ့်နှယ်လဲ'

မြေပိုင်ရှင်တိကျူက ခေါင်းညိတ်လိုက်သည်။

'ကောင်းတယ်၊ ဒီဇနေ့ညအပင်ပန်းခံပြီး မအိပ်ဘဲ မ ပြန် ကူးတို့လှေလာမှ တစ်ဖက်ကမ်းကူးပြီး အိပ်ရေးဝအော် အိပ်ကြတာပေါ့'



ကျိန်းဖြစ်၍ သူတို့သည် ထိုညတွင် ညလုံးပေါက်မအိပ်ကြဘဲ ထိုင်၍ စိုင်းဖွဲ့စကားပြောကြလေသည်။

ရဲမက်မှူးဟောင်းက သူအမှုထမ်းခဲ့စဉ်တုန်းက အကြောင်း များကို ပြောပြသည်။

မြေပိုင်ရှင်တိကျူက....

'လူ့မှာ မြေတစ်လက်မမှ မရှိသည့်ဘဝမှ အိမ်ခန်းပေါင်း များစွာပိုင်သည့်မြေပိုင်ရှင်ကြီးဖြစ်လာသည့် အကြောင်းများကို ပြောပြလေသည်။

ဗိုလ်မှူးလေးဟောင်းနှင့် လုလုချန်းတို့မှာမူ နားထောင်၍ ဆင်သော ပရိသတ်များအနေဖြင့် စိတ်ဝင်စားစွာ နားထောင် နေကြလေသည်။

အချိန်သည် ကုန်မှန်းမသိ ကုန်ဆုံးသွားလေသည်။

မိုးလင်းတော့မည် ဖြစ်သည်။

သူတို့သည် ညလုံးပေါက် မအိပ်ရသောကြောင့် မျက်လုံး များပင် စင်းလာလေသည်။

ရုတ်တရက်....

လေပြင်းတစ်ချက် တိုက်ခတ်လာသည်။

ထို့နောက် မိုးသက်လေပြင်း ကျသာနေသေးတော့သည်။

မြေပိုင်ရှင်တိရစ္ဆာန် ဘောက်ဘစ်ချက် ခေါက်လိုက်သည်။

'ငါတို့ ဘယ်လိုနေရာမျိုး ရောက်နေမှန်းမသိဘူး၊ ရာသီဥတုကလဲ ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ စိတ်ပျက်ဖို့ကောင်းလိုက်တာ'

သူသည် ညည်းညူနေသည်မှအပ တခြားမတတ်နိုင်၊ ကျောပြင်ကိုမှီ၍ မျက်လွှာချလိုက်လေသည်။

မိုးလင်းလာပြီ ဖြစ်သည်။

သို့သော် မိုးသည် သည်းထန်စွာ ရွာသွန်းနေသောကြောင့် တစ်ပက်ကမ်းသို့ လုံး၀ မမြင်တွေ့ရတော့ပါ။

ငြိမ်သက်နေသော ရေပြင်သည် ကြောက်မက်ဖွယ်ရာ လှိုင်းလုံးကြီးများအဖြစ်သို့ ကူးပြောင်းသွားလေသည်။

ရဲမက်မှူးဟောင်းသည် ပြတင်းပေါက်ရှေ့တွင်ရပ်၍ ရွာသွန်းနေသော မိုးများကို အဓိပ္ပာယ်ကင်းမဲ့စွာဖြင့် ကြည့်နေသည်။

ဗိုလ်မှူးလေးဟောင်းနှင့် လုလုချွန်းတို့မှာမူ မျက်နှာချင်းဆိုင်ထိုင်၍ အိပ်ငိုက်နေ၏။



အတန်ကြာတော့မှ ဗိုလ်မှူးလေးဟောင်းနှင့် လုလုချွန်းတို့က မျက်လုံးများပွတ်၍ ထလိုက်လေသည်။

ရဲမက်မှူးဟောင်းက သူတို့အား လှည့်ကြည့်လိုက်သည်။

'ခင်ဗျားတို့ ဘယ်ကိုသွားကြမှာလဲ'

လုလုချွန်းက....

'မိုးရွာချသောရင် ကျွန်မတို့ ဘာမှမလုပ်တော့ဘဲ နံနက်စာ သွားချက်ပြုတ်လိုက်ဦးမယ်လေ'

ရဲမက်မှူးဟောင်းက ခေါင်းညိတ်ပြလိုက်သည်။

'ကောင်းပါပြီ'

သူက မြေပိုင်ရှင်တိရစ္ဆာန်အား ကြည့်လိုက်သည်။

မြေပိုင်ရှင်တိရစ္ဆာန်မှာ ကုလားထိုင်နောက်မှီကို မှီ၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူက ခေါင်းတစ်ချက် ခါယမ်းလိုက်သည်။

'ဒီလူဟာ ဒီလောက်အန္တရာယ်များတဲ့ကြားမှာ အခုလိုအိပ်ပျော်နိုင်တာ အံ့ပါရဲ့'

သူသည် အိပ်ပျော်နေသော တိရစ္ဆာန်၏မျက်နှာကို ငေး၍ ကြည့်မိလိုက်လေသည်။

'သူက ဘာကြောင့် ဒီအောက်တောင် စိတ်ချလက်ချ အိပ်နိုင်တာလဲ'

သူသည် စိတ်ထဲ၌ ယင်းသို့တွေးမိရင်း မျက်မှောင်ကုတ်သွားလေသည်။

'သူ့ကို လူသတ်သမားအာသတ်သွားမှာကို သူမကြောက်ဘူးလား'

ရဲမက်မှူးသည် ယင်းသို့တွေး၍ ကုလားထိုင်ပေါ်သို့ ပြန်လည်ထိုင်ချလိုက်သည်။

'သူအခုလို စိတ်ချလက်ချ အိပ်ခဲ့တာ လူသတ်သမားက သူ့ကို မသတ်ဘူးလို့ သူက ယုံကြည်လို့ဖြစ်လိမ့်မယ်'

သူသည် ဆက်လက် တွေးတောလျက် ရှိနေသည်။

'သူ့ကို လူသတ်သမားက ဘာကြောင့်မသတ်တာလဲ'

သူကတွေးရင်း သူ၏မျက်လုံးအစုံသည် ဝိုင်းစက်ပြူးကျယ်လာလေသည်။

'သူကိုယ်တိုင် လူသတ်သမားကော မဖြစ်နိုင်ဘူးလား'

သူက ခေါင်းတစ်ချက်ညိတ်လိုက်သည်။



ဖြစ်နိုင်တယ်၊ သူဟာ လူသတ်သမား ဖြစ်ဖို့များတယ်'

သူသည် ယင်းသို့တွေးမိလိုက်သည်နှင့် မြေပိုင်ရှင်တိကျူးအနီး၌ ထိုင်ခုံဘောင်ခွတဲ့ ထရပ်လိုက်လေသည်။

သူသည် နောက်ဆုတ်ရန် ခြေလှမ်းလှမ်းလိုက်ရာ ကုလားထိုင်ခြေထောက်ကို တိုးမိသွားသဖြင့် သူ၏ခန္ဓာကိုယ်သည် မဟန်နိုင်တော့ဘဲ မြေပိုင်ရှင်၏ကိုယ်ပေါ်သို့ မှောက်လျက်လဲကျသွားလေသည်။

မြေပိုင်ရှင်တိကျူးက အိပ်မောကျနေရာမှ လေးလံသော အရာဝတ္ထုတစ်ခု ပိလာသည်ကို ခံလိုက်ရသဖြင့် လန့်နိုးလာလေသည်။

သူ့လက်နှစ်ဖက်မှာလည်း အလိုအလျောက် တွန်းထုတ်လိုက်လေသည်။

ထိုအခါကျမှ မိမိကိုယ်ပေါ်သို့ ပိကျလာသောသူမှာ ရဲမက်မှူးဖြစ်နေသည်ကို တွေ့ရလေသည်။

သူက ထိတ်လန့်တုန်လှုပ်သွားသည်။

ကုလားထိုင်ပေါ်မှ လူးလိမ့်ထ,လိုက်လေသည်။

သူသည် ရဲမက်မှူးအား လက်ညှိုးထိုး၍—

‘ခင်ဗျား ဘာလုပ်တာလဲ၊ ကျုပ်ကို သတ်ဖို့ဟုတ်လ[illegible]

ရဲမက်မှူးဟောင်းက လက်ကာပြလိုက်သည်။

‘မဟုတ်ပါဘူးဗျာ’

မြေပိုင်ရှင်တိကျူက...

‘ဘာမဟုတ်တာလဲ၊ ကျုပ်ဆာ လက်နဲ့ တွန်းထုတ်လိုက်[illegible] ပေါ့၊ နို့မဟုတ်ရင် ခင်ဗျားရဲ့လက်ချက်ကြောင့် ကျုပ် သေ[illegible]

ရဲမက်မှူးဟောင်းက ဒေါသထွက်လာလေသည်။

‘ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ’

မြေပိုင်ရှင်တိကျူက...

‘ကျုပ်အမှန်ကို ပြောနေတာ၊ လက်စသတ်တော့ ခင်ဗျ[illegible] အ တရားခံပဲ’

သူက ပြောပြီးသည်နှင့် ရဲမက်မှူးဟောင်းအား ချိန်[illegible] လိုက်လေသည်။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် ဆူညံစွာ စောဒကတက်ရင်း[illegible] ထွေးသတ်ပုတ်ကြလေသည်။



ဗိုလ်မှူးဇေးဟောင်းနှင့် လုလုချန်းတို့သည် သူတို့၏ အသံဗလံများကို ကြားလိုက်ရသောကြောင့် ကမန်းကတန်း ပြေးထွက်လာကြသည်။

သူတို့သည် ရဲမက်မှူးဟောင်းနှင့် မြေပိုင်ရှင်တိကျူတို့ လုံးထွေးသတ်ပုတ်နေသည်ကို တွေ့လိုက်ရသဖြင့် ဆွဲခြားကုန်ကြလေသည်။

သူတို့သည် လုံးထွေးသတ်ပုတ်နေကြသော မြေပိုင်ရှင်တိကျူနှင့် ရဲမက်မှူးဟောင်းတို့အား လူချင်းခွဲလိုက်လေသည်။

ဗိုလ်မှူးဇေးဟောင်းက...

‘ခင်ဗျားတို့ ဘာဖြစ်လို့ အချင်းချင်း သတ်ပုတ်နေကြတာလဲ’

ရဲမက်မှူးဟောင်းက မြေပိုင်ရှင်တိကျူအား လက်ညှိုးထိုးပြလိုက်သည်။

‘သူက ငါ့ကို အကြောင်းမဲ့ လာပြီးသတ်ပုတ်နေတာ’

မြေပိုင်ရှင်တိကျူက...

‘သူက ကျုပ် အိပ်ပျော်နေတုန်း ကျုပ်ကို အသေသတ်ဖို့ ကြံစည်နေတာဗျ’

သူတို့သည် အပြန်အလှန် စွပ်စွဲပြောဆိုနေကြလေသည်။

ရဲမက်မှူးဟောင်းက မိမိမှာ မတော်တဆ အိပ်ပျော်နေသော မြေပိုင်ရှင်တိကျူ၏ကိုယ်ပေါ်သို့ လဲကျသွားရာမှ အထင်

လှဲ့ အမြှောက်လှဲ့ဖြစ်ကာ အချင်းချင်း သတ်ပုတ်မိကြောင်း ပြောပြလိုက်လေသည်။

ဗိုလ်မှူးကလေးဟောင်းနှင့် လုလုချန်းတို့က အဘန်ကြာမျှ ဖြေလိုက်တော့မှ တစ်ယောက်နှင့်တစ်ယောက်အေး ချမ်းသွားကြလေသည်။

လုလုချန်းနှင့် ဗိုလ်မှူးကလေးဟောင်းတို့သည် စားသောက်စရာများကို သယ်ဆောင်လာ၍ အားရပါးရ စားသောက်ကြလေသည်။

လမှုန်တိုင်းသည် တစ်နေ့လုံး တစ်ညလုံးကျပြီးသည့်နောက် တန့်သွားပြန်လေသည်။

ရာသီဥတုသည် ပြန်၍ သာယာလာသဖြင့် ရဲမက်မှူးတို့လေးယောက်သည် မီးပုံရှို့ရန် သစ်ကိုင်းများကိုခုတ်ယူ၍စုပုံပြီး မီးရှို့လိုက်လေသည်။

သို့သော် သစ်ကိုင်းများက မိုးများ စိုစွတ်နေသဖြင့်မီးမတောက်ဘဲ ဖြစ်နေ၏။

နောက်ဆုံး သူတို့သည် စိတ်ပျက်လက်ပျက်ဖြစ်၍ လက်လျှော့လိုက်ရလေသည်။

သူတို့သည် ညီခန်းရှိရာသို့ ပြန်လည် စုစည်းမိသောအခါ မြေပိုင်ရှင်က စတင် မေးမြန်းလိုက်လေသည်။



'အခု ကျုပ်တို့မှာ မီးပုံရှို့ဖို့လဲ မဖြစ်တော့ဘူး။ ဘာဆက်လုပ်ကြမလဲ'

ရဲမက်မှူးဟောင်းက...

'ဘာမှ လုပ်စရာမှမရှိတော့ဘဲ၊ ကူးတို့လှေလာတဲ့အထိ ကျုပ်တို့ ဒီအိမ်မှာ ပိုနေမြဲ သွားနေမြဲ နေရဦးမှာပဲ'

သူက မြေပိုင်ရှင်အား စိုက်ကြည့်လိုက်သည်။

'ခင်ဗျား ကြောက်နေပြီလား'

မြေပိုင်ရှင်တိကျူက ရယ်မောလိုက်သေးသည်။

'ကြောက်တယ်ဆိုတာ ကျုပ် နားမလည်ဘူး'

ရဲမက်မှူးဟောင်းက သဘောကျသွားလေသည်။

'ခင်ဗျားကို ကျုပ် လေးစားပါပြီဗျာ'

မြေပိုင်ရှင်တိကျူက လုလုချန်းကို လှည့်ကြည့်လိုက်သည်။

'မိန်းမလေးလဲ့ ကြောက်နေမှာပဲနော်'

လုလုချန်းက...

'ကြောက်တော့ကြောက်တာပေါ့၊ ကြောက်နေလို့ရော ဘာတတ်နိုင်မှာလဲ'

မြေပိုင်ရှင်တိကျူက...

'ဒါလဲဟုတ်တာပဲ'

ရဲမက်မှူးဟောင်းက လက်သီး ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်လေသည်။

'ကျုပ်တို့ဒေးဇယာက် စိတ်ဓာတ်ကိုယ်တူလာက် တွဲကြမယ်ဆို လောကပေါ်မှာ မှုစရာမလိုပ ဘူး'

မြေပိုင်ရှင်တိကျူ၊ ဗိုလ်မှူးကလေးဟောင်းနှင့် လုလုချွန်းသည် လက်သီးလက်မောင်းတန်း၍ ကြုံးဝါးလိုက်လေသည်။

'လာရဲရင်လာကြည့်၊ ဘာဖြစ်သွားမလဲဆိုတာ တွေ့ကြရတာပေါ့'

သူသည် ယင်းသို့ ကြုံးဝါးပြီးနောက် မနေနိုင်တော့ဘဲ မေးလိုက်လေသည်။

ရဲမက်မှူးဟောင်းက ကုလားထိုင်ပေါ်သို့ ပြန်လည်ထိုင်လိုက်သည်။

'ဒီအိမ်ကြီးထဲမှာ အဘောက်မရရယ်၊ ရိက္ခာအားသုံးလုံးဆောင် ထားရှိခဲ့မယ့် အပျော်ခရီးဖြစ်ဖို့ ဘာကျမ်းစာ မတွေ့မိပါဘူး'

ဗိုလ်မှူးကလေးဟောင်းက...

'ကျုပ်က ပေစာထုပ်တစ်ထုပ်ကို တွေ့မိတယ်ဗျ၊ ဘာထုပ်ထားမှန်းတော့ မသိဘူး'

ရဲမက်မှူးဟောင်းက သူ့အား စိုက်ကြည့်လိုက်သည်



'ခင်ဗျား ဘယ်မှာတွေ့မိခဲ့သလဲ'

ဗိုလ်မှူးကလေးဟောင်းက...

'သိုးသန့်အခန်းထဲမှာ'

ရဲမက်မှူးဟောင်း ဝမ်းသာသွားသည်။

'ဟုတ်လား... သွားကြည့်ကြရအောင်'

ဤသို့ဖြင့် ဗိုလ်မှူးကလေးဟောင်းနှင့် ရဲမက်မှူးဟောင်းတို့သည် သိုးသန့်အခန်းရှိရာသို့ ထွက်ခွာသွားကြလေသည်။

* * *

ဗိုလ်မှူးကလေးဟောင်းနှင့် ရဲမက်မှူးဟောင်းတို့သည် ဧည့်ခန်းထဲသို့ ပြန်လည်ရောက်ရှိလာကြသောအခါ သူတို့၏လက်ထဲတွင် ပေစာထုပ်တစ်ထုပ် ပါရှိလာပြန်သည်ကို လုလုချွန်းက တွေ့မြင်မိလိုက်လေသည်။

သူမက ဆီး၍ မေးလိုက်သည်။

'ဟောဒါ... ဘာပေထုပ်များပါလိမ့်'

ရဲမက်မှူးဟောင်းက...

'ကျုပ်နည်းနည်း ဖတ်ကြည့်ခဲ့တယ်၊ ဒီအိမ်ကြီးနဲ့ ပတ်သက် အကြောင်းများကို မှတ်တမ်းတင် ရေးသားထားတဲ့ ပေ ဖြစ်ရမယ်လို့ ထင်မိတယ်ဗျ'

လုလုချန်းက....

'ဟာ...ဒ ဖြစ်ရင် ဒီအိမ်ကြီးအကြောင်းသိရအောင် အား စိုင်းဖတ်ကြမယ်လေ'

ရှဲစကီမှူးဟောင်းက ရယ်မောလိုက်လေသည်။

'အတော်ပဲ၊ ဒီစာကိုဖတ်ရင်း အပျင်းလဲပြေ ဒီအိမ်ကြ အကြောင်းကိုလဲ သိရတော့မှာပေါ့ဗျာ'

ကျိန်စာ

---

ရှဲမှက်မှူးဟောင်းနှင့် ဗိုလ်မှူးလေးဟောင်းတို့သည် ပေစာများကို စားပွဲပေါ်၌ အစီအရီ ချထားလိုက်လေသည်။

ပေစာများမှာ နှစ်ရှည်လများ ကိုင်တွယ်ခြင်း မရှိသော ကြောင့် ဖုန်များထူထပ်စွာရှိနေ၏။

လုလုချန်းက အဝတ်တစ်ထည်ယူပြီး ပေစာများပေါ်မှ ဖုန်များကို သုတ်ပေးလိုက်လေသည်။

ပေစာများမှာ စုစုပေါင်းဆယ်ခုမျှသာရှိသည်။

ဗိုလ်မှူးဟောင်းနှင့် လုလုချန်းတို့သည် ပေစာ၏ အဖုံးပေါ် ရေးသားထားသော စာများကို တစ်ခုပြီးတစ်ခု ဖတ်ရှုကြည့်လေသည်။

ပေစာတစ်ခု၏ အဖုံးပေါ်၌ ရေးသားထားသောစာကို ဖတ်ရှုမိလိုက်သောအခါ သူတို့သည် စိတ်ဝင်စားသွားကြလေသည်။

ထိုပေစာ၏ အဖုံးပေါ်၌ ရေးသားထားသည်မှာ ရင်ထိတ်ဖွယ်ရာကောင်းသော စာလုံးဖြစ်နေ၏။

'ကျွန်ုပ်၏ ကျိန်စာ'

ရဲမက်မှူးဟောင်းက ထိုပေစာကို လှမ်းယူလိုက်သည်။

သူသည် စာတစ်ကြောင်းနှစ်ကြောင်းကို ဖတ်မိလိုက်သည်နှင့် အလွန်စိတ်ဝင်စားလာလေသည်။

သူက ထိုပေစာကို ထောင်ပြလိုက်ပြီး ပြောလိုက်လေသည်၊

'ဒီပေစာထဲမှာ အခုဖြစ်ပွားနေတဲ့လူသတ်မှုနဲ့ တစ်ကြောင်း မဟုတ် တစ်ကြောင်း သက်ဆိုင်လိမ့်မယ်လို့ ကျုပ်ထင်မိတယ်၊ ဒီပေစာကိုဖတ်လိုက်ရင် သဲလွန်စ ရကောင်းတဲ့ မျှော်လင့်ချက် ရှိလိမ့်မယ်လို့ ကျုပ်ယုံကြည်တယ်'

မြေပိုင်ရှင်တိကျူးက...

'ဒီပေစာပေါ်မှာ ဘာတွေရေးသားထားသလဲ'

ရဲမက်မှူးဟောင်းက...

'အတွင်းစာသားကို မဖတ်ရမီ အဖုံးကစာကို ဖတ်ရသာနဲ့ စိတ်ဝင်စားစရာကောင်းပါတယ်'



မြေပိုင်ရှင်တိကျူးက...

'ဘာတွေများရေးသားထားလို့လဲ'

ရဲမက်မှူးဟောင်းက...

'ကျိန်စာ'

မြေပိုင်ရှင်တိကျူး မျက်လုံးပြူးသွားလေသည်။

'ဟာ...ဟောင်းဟောင်း စိတ်ဝင်စားစရာကောင်းတဲ့စကားလုံးပါလား'

သူက ခေါင်းညိတ်လိုက်သည်။

'အင်း...ဒီကျွန်းကလေးကို ရွှေငွေကျွန်းလို့ခေါ်တယ်၊ ဒါကြောင့် တစ်ချိန်တုန်းက ဒီကျွန်းကလေးပေါ်မှာ ရွှေငွေရတနာပစ္စည်း ပေါကြွယ်ဝတာဖြစ်မယ်၊ ရွှေငွေကျွန်းရတနာများကို တခြားလူ ယူသွားနိုင်အောင် ဥစ္စာစောင့်များအစောင့်ကြပ်နေရမှာပေါ့'

သူကပြောရင်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်တို့က ဒီကျွန်းပေါ်ရောက်လာပြီး ဒီကျွန်းက ရတနာများကို ယူသွားမှာစိုးရိမ်လို့ ဥစ္စာစောင့်က ကျုပ်တို့လူများကို တစ်ယောက်ပြီးတစ်ယောက် လိုက်သတ်တာ ဖြစ်ရမယ်'

ရဲမက်မှူးဟောင်းက သူ့အားကြည့်လိုက်လေသည်။

'ခင်ဗျားဘာတွေ လျှောက်ပြောနေတာလဲဗျ'

မြေပိုင်ရှင်တိကျူက ပြန်ကြည့်လိုက်သည်။

'နို့ မဟုတ်ဘူးလား'

ရဲမက်မှူးဟောင်းက...

'ဥစ္စာစောင့်တို့ဘာတို့ဆိုတာ ခေတ်ကုန်သွားပါပြီ၊ မရှိတော့ပါဘူး'

မြေပိုင်ရှင်တိကျူက...

'ဥစ္စာစောင့်မရှိဘူးဆို၊ ဝိညာဉ်ရှိဘူးလို့ ခင်ဗျားပြောနိုင်သလား'

ရဲမက်မှူးဟောင်းက လက်ကာပြလိုက်လေသည်။

'တော်ပါတော့ဗျာ၊ အဓိပ္ပာယ်မရှိတာ မပြောစမ်းပါနဲ့'

မြေပိုင်ရှင်တိကျူက တန်ကွက်ပြောဆိုလိုက်လေသည်။

'ဘာဖြစ်လို့ အဓိပ္ပာယ်မရှိရမှာလဲ၊ ကျုပ် ခမ၊ ခယ်၊ အရ ကျုပ်တို့လူစု တစ်ယောက်ပြီးတစ်ယောက် သေသွားတယ်၊ လူသတ်သမား ဘယ်မှာလဲ၊ ဒီအိမ်ကြီးထဲမှာတောင်မကဘူး၊ ကျွန်းကလေးတစ်ကျွန်းလုံး ကျုပ်တို့က နေရာအနှံ့ ရှာဖွေပြီးပြီ၊ လူမပြောနဲ့ ခွေးတစ်ကောင် မတွေ့ရဘူးဟုတ်လား၊ အဲဒီတော့ ငါတို့တွေ တစ်ယောက်ပြီးတစ်ယောက် သေသွားတာ ဒီအိမ်ကြီးကို စောင့်ကြပ်နေတဲ့ ဝိညာဉ်လက်ချက်မဟုတ်လို့ ဘယ်သူများ ဖြစ်နိုင်မှာလဲ'



ဗိုလ်မှူးကလေးဟောင်းက ပြုံးလိုက်သည်။

'ကဲပါဗျာ....ဒါတွေ ထားလိုက်ပါဦး၊ ကျိန်စာပါတဲ့ပေစာကို ဖတ်ကြည့်ကြရအောင်နော်'

မြေပိုင်ရှင်တိကျူက ပါးစပ်ပိတ်ထားလိုက်လေသည်။

ဗိုလ်မှူးလေးဟောင်းက ရဲမက်မှူးဟောင်းအားလှည့်ကြည့်လိုက်သည်။

'ဒီပေစာကို ကျုပ်ဖတ်ပြရဦးမှာလား'

ရဲမက်မှူးဟောင်းက ကျိန်စာ ခေါင်းစီးပါသော ပေစာကို ဗိုလ်မှူးလေးဟောင်းအား ကမ်းပေးလိုက်သည်။

'ခင်ဗျား ဖတ်ပါ'

ဗိုလ်မှူးလေးဟောင်းက ပေစာကို ဖတ်ပြလိုက်လေသည်။

'ကျွန်ုပ်သည်ရှောင်ကွမ်းတုံမြို့၏ မြို့စားကြီးပေါက်ထင်း ဖြစ်ပါသည်။ ကျွန်ုပ်သည် ဘိုးဘွားဘီဘင် လက်ထက်က ရွှေငွေကျွန်းပေါ်၌ တည်ဆောက်ထားသော ရဲတိုက်ထဲတွင် မိသားစုများနှင့်အတူ ပျော်ရွှင်စွာ နေထိုင်ခဲ့ကြလေသည်။ ကျွန်ုပ် နေထိုင်သော ကျွန်းကလေး၏အမည်မှာ ရွှေငွေကျွန်းဖြစ်သည်။ ထို့ကြောင့် လူအများက ကျွန်ုပ်တို့ ချမ်းသာကြွယ်ဝနေသည်မှာ ဤကျွန်းကလေးပေါ်၌ ရွှေငွေတွင်း ရှိသည်ဟု ယူဆထားကြလေသည်။ ယင်းကဲ့သို့ ထင်မြင် ယူဆချက်များကိုလည်း ကျွန်ုပ်က ငြင်းဆိုခြင်း မပြုခဲ့

ပါ။ ဖြင်းဆိုပြေ ပြသည့်တိုင်အောင် သူတို့က ယုံကြည်ကြ သည် မဟုတ်ပါ။ ဤသို့ဖြင့် ယင်းသတင်းသည် သိုင်း လောကသို့ တစ်ဆောင်တစ်စ ပျံ့နှံ့သွားသည်ဟု ထင်ရပါ သည်။ အကြောင်းမှာ အသည်းဆောင်လူတစ်စုသည် ကျွန်ုပ်တို့ ရဲတိုက်သို့ လာရောက်စိုးနင်းတိုက်ခိုက်ကြသောသည်။ သို့သော် ရဲတိုက်မှာ ခိုင်ခံ့သည်တစ်ကြောင်း၊ တိုက်ခိုက်နေရင်း မိုးသည်းသန်စွာ ရွာချနေခြင်းကတစ်ကြောင်း သူတို့အ နို လိမ့်မည်ဟုထင်ကာ နားလည်သွားကြလေဖြင့် ရာသီဥတု ကောင်းလာသည်နှင့် တစ်ပြိုင်နက် သူတို့သည် ပြန်လည်ဆုတ် ခွာသွားကြသည်။

သို့သော် သူတို့သည် အားမတန်မခန်လျှော့ အနေဖြင့် ပြန်သွားကြခြင်းဖြစ်သည်။ တစ်နေ့နေ့တစ်ချိန်ချိန်တွင်အင်အား စု၍ ထပ်မံလာရောက်တိုက်ခိုက်လိမ့်မည်ဟု ကျွန်ုပ်က ယုံ ကြည်ထားသည်။ ကျွန်ုပ်၏ ရဲတိုက်မှာ ခိုင်ခံ့သည် ဖြစ် သော်လည်း စစ်သည်အင်အားအလွန်နည်းပါးသည်။ ရန်သူ အား တွန်းလှန်နိုင်ရန် အကူအညီလိုအပ်သည်ဟု ကျွန်ုပ် စဉ်းစားမိသောသည်။ ထို့ကြောင့် သိုင်းလောကမှ အဖြူ ရောင် သိုင်းသမားများ၏ ကြည်ညိုလေးစား ယုံကြည်ခြင်း ခံရသော သိုင်းဆရာကြီးအမြဲထံသို့ သွားရောက် အကူ အညီ တောင်းရသည်။ ထိုပုဂ္ဂိုလ်၏ အမည်မှာ ဝမ် ဝမ်ဆွေ ဖြစ်သည်။

ချမ်းကျွန်းနယ်တစ်ပိုင်တွင် မည်သူမဆို ဝမ်ဝမ်ဆွေ၏ အမည်ကို ကြားသိုက်သည်နှင့် အသိုလို လေးစားကြည်ညို



ကြလေသည်။ ဝမ်ဝမ်ဆွေသည် ကျွန်ုပ် တောင်းခံသည့် အကူအညီကို ရွှေရွှေရှုရှု အကူအညီပေးရန် ကတိ ပေးလိုက်လေသည်။ ကျွန်ုပ်က အကူအညီရပြီဖြစ်၍ စိတ်ချ လက်ချ ရဲတိုက်သို့ ပြန်လာခဲ့သောသည်။ နောက်ဆယ်ရက် အကြာတွင် ဆိုင်းမဆာ ဗုံမဆင် လူတစ်စုတို့သည် မြှက်လှေ များဖြင့် ရောက်ရှိလာကြလေသည်။ ပထမတွင် ထိုလူစုမှာ ကျွန်ုပ်အား ကူညီရန် ရောက်ရှိလာသော ဝမ်ဝမ်ဆွေတို့ အဖွဲ့ ဖြစ်သည်ဟု ထင်မှတ်ထားသည်။

ထို့ကြောင့် ရဲတိုက်တံခါးကိုဖွင့်၍ ကြိုဆိုရန် မြှင်ဆင် လိုက်လေသည်။ သို့သော် ထိုလူစုများသည် ကုန်းပေါ်သို့ တက်လာပြီးသည်နှင့် ကျွန်ုပ်တို့စစ်သည်တော်များကို တိုက် ခိုက်လေတော့သည်။ မမျှော်လင့်ဘဲ တိုက်ခိုက်ခြင်းခံလိုက်ရ သောကြောင့် ကျွန်ုပ်တို့အငိုက်မိသွားရလေသည်။ ရဲတိုက် တံခါးကိုပြန်ပိတ်ရန်ပင် အချိန်မရတော့ဘဲ သူတို့သည် ရဲတိုက်ထဲသို့ ထိုးဖောက်ဝင်ရောက်လာကြသည်။ ကျွန်ုပ်နှင့် စစ်သည်တော်များတို့သည် ရှင်ရှင်ချချ ခုခံတိုက်ခိုက်ရင်း ကျွန်ုပ်ကျောပြင်ပေါ်တွင် ရန်သူ၏ လက်ချက် ကြောင့် ဒဏ်ရာပြင်းထန်စွာရပြီးနောက် ကျွန်ုပ်သည် မြေနှင့်ကျနေ သော ရန်သူ၏အလောင်းပေါ်သို့ လဲကျကာ သတိမေ့ သွားသည်။

ဗိုလ်မှူးလေးတောင်းသည် ဖတ်ရင်းဖတ်ရင်းအလွန်စိတ်ဝင် စားလာလေသည်။

စိတ်ဝင်စားစွာနားထောင်နေကြသော ရဲမက်ချုပ်ကြီးဟောင်း မြိုင်ရှင်နှင့် လုလုချမ်းတို့သည် ဆိတ်ဆိတ်နေကြလေသည်။ ဗိုလ်ချုပ်ကြီးဟောင်းက ဆက်၍ဖတ်ပြလိုက်သည်။

"ကျွန်ုပ်သတိရလာသောအခါ ကျွန်ုပ်တို့စစ်သည်တော်ရဲ့ အလောင်းပြန့်ကျဲနေတာကိုပဲ တွေ့မြင်လိုက်ရတယ်။ ကျွန်ုပ်က ဆေ့ ခည်းအပြုံ စကားသံနှင့်ခြေသံများကြားလိုက်ရသဖြင့် ကမန်းကတန်း မှောက်လျက်ချလိုက်ပြီး ခြေသံလာရာသို့ အစောင့်များကြားမှ လှမ်းကြည့်မိလိုက်သည်။ လူတစ်စုသည် လုယူထားသော ပစ္စည်းအထုပ်အပိုးများကို ရဲတိုက်ထဲမှ သယ်ထုတ်နေကြသည်ကို တွေ့ရလေသည်။ ထိုလူစုများကို အမိန့်ပေးသော ခေါင်းဆောင်ကို အမှတ်မထင် ကြည့်မိလိုက်သောအခါ ကျွန်ုပ်၏ရင်ထဲ၌ အလွန်အံ့သြမိသည်။ အလွန်လည်းခံပြင်းလာမိပါသည်။ ကျွန်ုပ်တို့ရဲတိုက်သို့ လာရောက် လုယက် တိုက်ခိုက်သောသူမှာ အများကြည်ညို လေးစား ယုံကြည်ခြင်းခံယူနေသော အဖြူရောင် သိုင်းသမား အကျော်အမော် ဝမ်ဝမ်ဆွေပင် ဖြစ်လေသည်။

ဝမ်ဝမ်ဆွေသည် ကျွန်ုပ်သေဆုံးပြီဟု ထင်မှတ်အားပုံရသည်။ ပစ္စည်းများအားလုံးကို သူတို့၏ရှက်ခလှေပေါ်တင်ပြီးနောက် သူက ရဲတိုက်ကိုမီးရှို့ရန် သူ့လူများကို အမိန့်ပေးသံ ကြားလိုက်ရလေသည်။ သူ၏လူစုများသည် ရဲတိုက်ကိုစသင်မီးရှို့လိုက်လေသည်။ သူတို့သည် ရဲတိုက်၏အသေးတ လေးတန်မှ မီးရှို့လိုက်သောကြောင့် အအယ်၍ အသက်



ရှင်နေသူကျွန်ုပ်ပါလေသလျှင် မီးထဲပါသွားမည်သာဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ရဲတိုက်၏ထူးခြားချက်ဖြစ်သော စီမံချက်တစ်ရပ်ရှိနေသည်ကို သူတို့ကမသိလိုက်ပါ။ ရဲတိုက်၏ပတ်ပတ်လည် မီးများ တောက်ကျွမ်းလာသည်နှင့် ကျွန်ုပ်က ကမန်းကတန်းသ၍နောက်ဘက်သို့ကြိုးစား၍လျှောက်သွားသည်။ ထိုနေရာတွင် ကျွန်ုပ်တို့အမျိုးအနွယ်အစဉ်အလာဖြစ်သော မိသားစု အလောင်းကိုထားသော မြေအောက်ခန်း တစ်ခန်းရှိလေသည်။ ကျွန်ုပ်ကလျှို့ဝှက်တံခါးကိုဖွင့်ပြီး မြေအောက်သို့ ဆင်းပြေးရလေသည်။ ဤသို့ဖြင့် ကျွန်ုပ်အသက်ချမ်းသာရာရရှိခဲ့လေသည်။ မြေအောက်ခန်းမှလွဲ၍ ရဲတိုက်တစ်ခုလုံးသည် မီးလောင်ကျွမ်းမှုကြောင့် ပြိုလဲပျက်စီးသွားပြီ ဖြစ်လေသည်။ ကျွန်ုပ်၏ စစ်သည်တော်သုံးဆယ်တို့သည် ရဲတိုက်မီးလောင်ရာတွင် မီးများလောင်ကျွမ်းသွားကုန်ကြလေသည်။ ကံကောင်းထောက်မ၍ ကျွန်ုပ်၏တစ်ဦးတည်းသောသားဖြစ်သူပေါက်ကုန်းနှင့်သူ့မိခင်တို့မှာ ယောကျ်ား အိမ်ဖော်နှစ်ယောက်နှင့် မိန်းကလေးအိမ်ဖော် နှစ်ယောက် အတူ ဌာနေသို့ ခေတ္တ အလည်အပတ်သွားရောက်ကြသဖြင့် အသက်ချမ်းသာရာ ရရှိသွားကြလေသည်။ ကျွန်ုပ်သည် ဒဏ်ရာပြင်းထန်စွာရရှိထားသဖြင့် တစ်ဖက်ကမ်းသို့လဲ မကူးနိုင်ပါ။ ရန်သူများတွေ့သွားမည်ကိုလဲ စိုးရိမ်သဖြင့် မြေအောက်ခန်းအတွင်း၌ ပုန်းအောင်းနေထိုင်ရင်း ဒဏ်ရာကို ကုသရလေသည်။ သို့သော် ကျွန်းကလေးပေါ်မှ ရာသီဥတုသည် အပြောင်းအလဲမြန်လှသဖြင့် ကျွန်ုပ်၏ဒဏ်ရာမှာ

မျှော်ကင်းနိုင်ခြင်းမရှိပါ။ ကျွန်ုပ်၏ဇနီးနှင့် သားကို စောင့်မျှော်နေသော်လည်း သူတို့ကပြန်မရောက်လာသေးပါ။ ဤအတိုင်းဆိုလျှင် ကျွန်ုပ်သားမယားတို့ ပြန်မရောက်မီ အသက်ဆုံးရှုံးသွားမည်ကို စိုးရိမ်သဖြင့် ဤပေစာကို ရေးသားရန် စိတ်ကူးမိလာလေသည်။ ကျွန်ုပ်သည် လူဆိုးသူဆိုးများကို မုန်းသည်။ သို့သော် မင်းသားမျက်နှာဖုံးတပ်၍ ကမ်းကုန်အောင် ယုတ်မာသော သူတော်ကောင်းယောင်ဆောင်နေသော အဖြူရောင်သိုင်းသမားတို့ကို ပို၍နှမုန်းသည်။ အမည်းရောင် သိုင်းသမားတို့သည် ခိုးဆိုးတိုက်ခိုက်သူများဖြစ်သော်လည်း ဖုံးကွယ်ဟန်ဆောင်ထားခြင်းမပြုပါ။ ထို့ကြောင့် သူတို့၏အန္တရာယ်ကို ရှောင်ကွင်းနိုင်ရန် အခွင့်အလမ်းရှိလေသည်။ မင်းသားမျက်နှာဖုံးတပ်ဆင်ထားသော ယုတ်မာပက်စက်သော အဖြူရောင်သိုင်းသမားများကိုမူ မည်သို့မျှရှောင်တိမ်းနိုင်ရန် အခွင့်အလမ်းမရှိပါ။ ထို့ကြောင့် နေဇက်ကွယ်တွင် ယုတ်မာကြမ်းတမ်းသော အဖြူရောင်သိုင်းသမားများကို ပြန်၍ တုံ့ပြန်ဒဏ်ခတ်နိုင်ရန်မှာ မလွယ်ကူလှပါ။ သူတို့၏ယုတ်မာသော အကျင့်အကြံကို ပြောဆိုတိုင်ကြားသော်လည်း မည်သူမျှ ယုံကြည်ကြမည်မဟုတ်ပါ။ မည်သူကမှ အရေးယူပေးမည်မဟုတ်ပါ။ နောက်ဆုံး ထိုတိုင်ကြားသောသူသည် နစ်နာခြင်းခံလိုက်ရမည်သာ ဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး သူတို့အား မည်ကဲ့သို့ဒဏ်ခတ်ရမည်ကို နည်းမျိုးမျိုးဖြင့် စဉ်းစားကြံစည်ခဲ့လေသည်။



နောက်ဆုံး သိုင်းလောကမှာ အဖြစ်ကျူးလွန်နေကြသော သိုင်းသခေါင်းများကို စုံစမ်းဖော်ထုတ်ပြီး ပြစ်ဒဏ်ခတ်ရန် တရားသူကြီးများ လိုအပ်နေသည်ကို သတိရမိလိုက်လေသည်။ ကျွန်ုပ်သည် သိုင်းလောက၏တရားသူကြီးအဖြစ် ဆောင်ရွက်ရန် အသက်အရွယ်ကြီးလာသည်တစ်ကြောင်း၊ ပြင်းထန်စွာ ဒဏ်ရာရရှိထားသောဝေဒနာကြောင့် လူ့လောကမှာ ကြာကြာနေနိုင်တော့မည်မဟုတ်ဟု ကိုယ့်ကိုယ်ကို သိရှိနားလည်ထားသည်။ ထို့ကြောင့် ဤပေစာကို ရေးသား၍ သားဖြစ်သူအား ကျွန်ုပ်၏ရည်မှန်းချက်အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ပေးအပ်လိုက်သည်။ ဤပေစာကို သားဖြစ်သူက ဖတ်ရှုမိပါက ဖခင်၏ ဆန္ဒအတိုင်း သိုင်းလောကမှ တရားသူကြီးအဖြစ် တာဝန်ယူပြီး အဖြစ်ကျူးလွန်နေကြပြီး ဥပဒေ၏ အရေးယူခြင်း ခံရသော နည်းတူ ပုဂ္ဂိုလ်ဆိုး ထိုက်သင့်သော ပြစ်ဒဏ်ပေးရန် ရဲရဲဝံ့ဝံ့ဆောင်ရွက်ပါရန် ပန်ကြားလိုက်ရသည်။ အကယ်၍သာ သားဖြစ်သူ ဤပေစာကိုဖတ်ခြင်းမရှိပါက ကျွန်ုပ်ဘယ်နည်းနှင့်မျှ ကျေနပ်မည်မဟုတ်ပါ။ တမလွန်ဘဝရောက်သွားသည့်တိုင် အသင့်တို့အား ရက်ရက်စက်စက် လက်စားချေပါမည်ဟု ကျိန်စာဆိုပါ၏။

■ ■ ■

အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားလေ
သည်။

လုလုချွန်၏ ကျောပြင်တစ်ခုလုံးမှာ ချွေးစီးကျလာသည်
ကို ခံစားရသည်။

ဗိုလ်ခ ဗဟောင်းက ကုလားထိုင်ပေါ်သို့ ပြန်ထိုင်
လိုက်သည်။

မြေပိုင်ရှင်တီကျူးက လေပူတစ်ချက် မှုတ်လိုက်သည်။

ရဲမှူးဟောင်းက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

'ယက်စသတ်မှာ ဒီအိမ်ကြီးဟာ မီးလောင်ကျွမ်းသွားတဲ့
ရဲတိုက်ကြီးပေါ်မှာ တည်ဆောက်ထားတာကိုး၊ ဒါကြောင့်
မြေအောက်ခန်းကို မြင်တွေ့လိုက်တာနဲ့ ရဲတိုက်ရဲ့မြေအောက်
ခန်းနဲ့တူပါတယ်လို့ သင်ခဲ့မိတယ်'

ဗိုလ်မှူးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဒီပေစာကို ဖတ်မိလိုက်မှ အကြောင်းအရာကို တော်တော်
လေး သိလိုက်ရတယ်'

ရဲမက်မှူးဟောင်းက...

'ဒီအတိုင်းဆိုရင် သိုင်းလောကမှာ တရားသူကြီးတစ်ယောက်
ပေါ်လာတယ်ဆိုကာ ဒီရဲတိုက်ကစတင်ဖန်တီးလိုက်တဲ့ စာတ
မယ်'



လုလုချွန်က ခေါင်းညိတ်လိုက်သည်၊

'သိုင်းလောကရဲ့ တရားသူကြီးဆိုတာ ဒီရဲတိုက်ပိုင်ရှင်ရဲ့
သား ဖြစ်ရမယ်'

မြေပိုင်ရှင် တီကျူးက—

'ဒါဟုတ်တယ်၊ ဒါပေမယ့် ဒီတရားသူကြီးဟာ သိုင်းလော
ကမှာ ဟိုးဟိုးကျော် နာမည်ကြီးနေပေမယ့် သူဟာ ဘယ်သူ
တယ်ဆိုတာ ဘယ်သူက သိသလဲ'

ရဲမက်မှူးဟောင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

'ဟုတ်တယ်၊ သူ့ကို ဘယ်သူမှလဲ မမြင်မတွေ့ဖူးကြဘူး၊
ပေမယ့်...'

ဗိုလ်မှူးဟောင်းက သူ့အား လှည့်ကြည့်လိုက်သည်၊

'ဒါပေမယ့် ဘာဖြစ်သလဲ'

ရဲမက်မှူးဟောင်းက...

'ရဲတိုက်မြို့စားကြီး ဘယ်သူလဲဆိုတာ ကျုပ်တို့သိပြီ၊ အဲဒီ
တော့ သူ့သား ဘယ်သူလဲဆိုတာ ကျုပ်တို့စုံစမ်းရင် ရနိုင်ပါ
တယ်'

ဗိုလ်မှူးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဒါဟာ အရေးအကြီး ဆုံးဖြစ်တဲ့ သဲလွန်စ၊ ကျုပ်တို့ကို
ကျွန်းပေါ် လိမ်ခေါ်လာတာလဲ ဒီသိုင်းလောက တရားသူ
ကြီးရဲ့ လက်ချက်ဖြစ်တယ်ဆိုတာ သေချာနေပြီ'

မြေပိုင်ရှင်တိကျူ႕က....

'သိပ်ဟုတ်တာပေါ့၊ ငါတို့ဘာစောင့်နေစရာ လိုတော့လဲ တစ်ဖက်ထမ်းကို အမြန်ဆုံးကူးဖို့သာ လိုတော့တယ် မဟုတ် လား'

လုလုချန်းက....

'မြေပိုင်ရှင်ပြောတာတော့ဟုတ်ပါပြီ၊ ဟိုဘက်ကမ်းကို ဘယ် လိုလုပ် ကူးမလဲ'

မြေပိုင်ရှင် တိကျူ႕က....

'ဟုတ်သားပဲ၊ တစ်ဖက်ကမ်းကလူတွေ သေကုန်ပြီလားမ ဘူး၊ ဘာဖြစ်လို့ အခုထိ ကူးတို့လှေနဲ့ လာကြိုသေးတာလဲ'

ရဲမက်မှူးကြီးက အေးတိအေးစက် အသံဖြင့်....

'ကူးတို့လှေက လာဖို့မမျှော်လင့်နဲ့၊ အချိန်မကျနင် ထူ မှာ မဟုတ်ဘူး'

မြေပိုင်ရှင် တိကျူ႕က—

'ဘာဖြစ်လို့လဲ'

'ရဲမက်မှူးဟောင်းက....

'တဖေယ်လို့ ကျုပ်တို့ ထင်မြင်ယူဆသလို ဒီကျွန်းပေါ် များနေါ်လာတာ သိုင်းလေးက တရားခံကြီးဖြစ်တယ် ရင် ကျုပ်တို့အားလုံး မသေမချင်း ကူးတို့လှေကို လွှတ်လို မှာ မဟုတ်ဘူး'



ဗိုလ်မှူးလေးဟောင်းက....

'ကျုပ်တို့အားလုံး သေသွားပြီ မသေသေးဘူးလားဆိုတာ သူတာယ်လိုလုပ် သိမလဲ'

ရဲမက်မှူးဟောင်းက ပြုံးလိုက်လေသည်။

'မယုံရင်နဲ့၊ သူက ငါတို့ရဲ့လှုပ်ရှားမှုကို တစ်နေရာကနေ ကြည့်နေမယ်ဆိုတာ ယုံကြည်စမ်းပါ'

ဗိုလ်မှူးလေးဟောင်းက ပါးစပ်ပိတ်လိုက်လေသည်။

ညှိုခန်းတစ်ခုလုံး ပြန်ထည် ငြိမ်သက်သွားကြပြန်လေသ
အတန်ကြာတော့မှ မြေပိုင်ရှင်တိကျူက အတ်ခနဲ ထ
လိုက်သည်။

ကျန်ရှိသော သုံးယောက်က သူ့အားကြည့်နေကြ၏။

မြေပိုင်ရှင်တိကျူသည် ချိတ်ထားသော ကဗျာရွှေ
တန့်လိုက်လေသည်။

ဆရာသည် ကဗျာကို စိုက်ကြည့်ရင်း မဲ့ပြုံးပြုံးလိုက်လေသ
'ဒီကဗျာက လက်စသတ်တော့ သိုင်းလောကတရားသူ
က ရေးပေးထားတဲ့ ကဗျာကိုး'

သူက နောက်လှည့်၍ ရဲခက်မှူးဟောင်းအား ထက်နှ
ဆန့်၍ ပခုံးတွန့်ပြလိုက်လေသည်။



'ဒီနိုင်ငံတော်မှာ ရှိတဲ့ သိုင်းလောကတရားသူကြီးဆိုတာ ငါ တို့ကို များခေါ်ပြီး သူရေးပေးထားတဲ့ ကဗျာအတိုင်း တစ် ယောက်ပြီး တစ်ယောက် လုပ်ကြံသတ်နေတယ်ဆိုတာ ရှင်းနေ ပါတယ်'

ရဲမက်မှူးဟောင်းက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်၊ သူ အခုထိ အကွက်ဆင်ထားတဲ့အတိုင်းတော့ အောင်မြင်နေပြီ'

မြေပိုင်ရှင် တိကျူက...

'ကဲ... နောက်လူက ဘာဆက်လုပ်မလဲဆိုတာ သူ့ကဗျာကို ခင်ဗျားတို့သိရအောင် ဖတ်ပြမယ်'

သူသည် ကဗျာအပိုဒ်ခြောက်ကို ဆက်ညွှန်ပြ၍ ဖတ်ပြ လိုက်လေသည်။

'လူပုကလေး ခြောက်ယောက် ရင်ကဖို'

သူက ရပ်ဓမ္မာလိုက်လေသည်။

'ဒါလဲ ဟုတ်တာပေါ့ဗျာ၊ လူကိုးယောက်ထဲမှာ ငါးယောက် က သေဆုံးသွားပြီဆိုတော့ ကျန်တဲ့လေးယောက်က ရင်ဖိုနေ ကြမယ်ဆိုတာ သူပြောမှလား'

သူက ဆက်လက်ဖတ်ပြလိုက်သည်။

'နောက် တစ်ယောက်သေလို့ စိုင်းဆေးဝိ ဆိုပါလေး'

သူသည် အားလုံးကို စိုက်ကြည့်လိုက်လေသည်။

'ငါတို့လေးယောက်ထဲမှာ နောက်တစ်ယောက်ထပ်ရဦးမယ်လို့ ဒီကဗျာထဲမှာ ရဲရဲဘင်းတင်း ဆိုထားတယ်ကွ'

လုလုချိန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်အာပေါ့ရှင်'

ရဲမက်မှူးဟောင်းက...

'ထမင်းဘော်ကြီးဆောဆုံးပြီးတဲ့နောက်မှာ ကျုပ်တို့အစ်တွေဟာ ဘာမှသိရန်မခဲ့ဘဲ နေနိုင်လာခဲ့တယ်မဟုတ်လား၊ အခု တောက်ဆိုရင် ဒီသိုင်းလောကတရားသူကြီးဟာ သူရေးစပ်ထားတဲ့ကဗျာအတိုင်း ကျုပ်တို့ထဲက လူတစ်ယောက်ကိုအတင် ဆိုတာမလွယ်တော့ပါဘူး'

ဗိုလ်မှူးလေးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ကျုပ်တို့လေးယောက်အမခဲ့ခဲ့တဲ့ ညအချိန်မှာ လွဲလို့တစ်ချိန်လုံး အတူတူရှိနေတော့ ငါတို့ကို ကြံစည်ဖို့ဘယ် လွယ်တော့မှာလဲ'

ရဲမက်မှူးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဒါကြောင့် ကျုပ်က ပြောတာပေါ့၊ ညီညီညွတ်ညွတ်ဘဲ တို့လေးယောက် အကြံတွဲသွားရင် ဒီလူသတ်သမားဟာ ဘာ တတ်နိုင်မှာလဲ'



မြေပိုင်ရှင်တိကျူးက...

'တို့ဒီအတိုင်းနဲ့ ကျောပေါ်မနေကြနဲ့၊ တို့ဒီအောင်မဖမ်းနိုင်ရင် လူသတ်ကောင်ကြောင့် ရင်ဖိုနေကြဦးမှာပဲ'

ရဲမက်မှူးဟောင်းက...

'အခုတော့ရေရှည်တိုက်ပွဲတစ်ခုကို ဆင်နွှဲသလို စိတ်ရှည်ရှည်ထားရမှာပဲ'

မြေပိုင်ရှင်တိကျူးက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်ကတော့ စိတ်မရှည်နိုင်တော့ဘူးဗျာ၊ သူများ လာသတ်မှာကို ရင်တဖိုဖိုနဲ့စောင့်ရတယ်ဆိုတာ ဘယ်လောက်စိတ်ဆင်းရဲရမလဲ'

သူသည် ခန္ဓာကိုယ်တစ်ပတ်လှည့်လိုက်ပြီး ခေါင်းမော့၍ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

ထို့နောက် အသံကျယ်လောင်စွာဖြင့် စိန်ခေါ်လိုက်လေသည်။

'မင်းဟာ သိုင်းလောကတရားသူကြီးပဲဖြစ်ဖြစ် ရဲတိုက်ရဲ့ ဝိညာဉ်ပဲဖြစ်ဖြစ် ခိုးကြောင်ခိုးဝှက်တော့မလုပ်နဲ့၊ သတ္တိရှိရင် ထွက်ခဲ့၊ မင်းနဲ့ငါဟာ ယောကျ်ားပီပီ သူသေကိုယ်သေတိုက်ကြမယ် ထွက်ခဲ့ပါ'

သူ၏အသံ ကျယ်လောင်ပြီး အိမ်ကြီးတစ်ခုလုံးသို့ ဟိန်းထွက်သွားလေသည်။

ဗိုလ်မှူးလေးဟောင်းက မြေပိုင်ရှင်တိကျူမှာ စိတ်ထိခိုက်နေသည်ကိုတွေ့ရသဖြင့် ဝင်ရောက်၍ နှစ်သိမ့်စကားပြောလိုက်ရလေသည်။

'စိတ်ကိုထိန်းချုပ်ထားပါ မြေပိုင်ရှင်ကြီး၊ ဒီကိစ္စမှာခေါင်းအေးအေးထားပြီး ရင်ဆိုင်ရမယ်ဗျ၊ ဒေါသအထွက်မခံပါနဲ့၊ ဒေါသထွက်ရင် လူသတ်သမားအတွက် အခွင့်ကောင်း ရသွားနိုင်လို့ပါ'

လုလုချန်းကလည်း ဝင်ရောက်ထောက်ခံလိုက်သည်။

'ဟုတ်ပါတယ်ရှင်၊ ဒေါသကို အထိန်းနိုင်ဆုံး ထိန်းချုပ်ထားပါရှင်၊ ကျွန်မတို့ဟာ လေးယောက်ရှိတယ်၊ လူသတ်ကောင်ဟာ တစ်ယောက်တည်းပဲရှိတယ်၊ ဒါကြောင့် ကျွန်မတို့ဟာ ခေါင်းအေးအေးထားပြီး အခြေအနေကို စောင့်ကြည့်ရမယ်၊ ဒီလူသတ်သမားကို မမိမိအောင်ဖမ်းဖို့အသင့်ရှိနေရမယ်၊ ဒါမှ ကျွန်မတို့ဟာ အောင်မြင်မှာရှင့်'

မြေပိုင်ရှင်တိကျူက ဒေါသအနည်းငယ် ပြေသွားလေသည်။

သူသည် စားပွဲရှိရာသို့ ပြန်လာ၍ လျှောက်လာပြီး သူ၏ ကုလားထိုင်ပေါ်သို့ ပြန်ထိုင်လိုက်လေသည်။

ရဲမက်မှူးဟောင်းက အားလုံးတို့ကို တစ်ချက်စေ့စေ့ ကြည့်လိုက်သည်။

'လူသတ်သမားဟာ ဘယ်မှာရှိသလဲဆိုတာ ကျုပ်မသိသေး... မယ့် ကျုပ်မျက်စိထဲမှာ ဒီအိမ်ကြီးထဲမှာပဲရှိတယ်လို့ ခံစား...



တယ်၊ သူကလဲစိတ်ရှည်ရှည်ထားပြီး ကျုပ်တို့ကိုသတ်ဖို့ အခွင့်အရေးကောင်းစောင့်နေတယ်၊ ဒါကြောင့် သူအခွင့်ကောင်း ရမသွားအောင် ကျုပ်တို့က သတိကြီးစွာ ထားရလိမ့်မယ်၊ ကျုပ်တို့နောက်ထပ်ဆယ်ရက်လောက် သတိခံထားနိုင်မယ်ဆိုရင် လူသတ်သမားက အားလျော့သွားနိုင်တယ်၊ သူ့အားလျော့သွားတာနဲ့ ကျုပ်တို့အလှည့်ရောက်ပြီသာမှတ်'

မြေပိုင်ရှင်တိကျူက မျက်မှောင်ကုတ်သွားလေသည်။

'ခင်ဗျားပြောလိုတာက ကျုပ်တို့က နောက်ထပ်ဆယ်ရက်တိတိ စိတ်ရှည်ရှည်စောင့်ရမယ် ဟုတ်လား'

ရဲမက်မှူးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'

မြေပိုင်ရှင်တိကျူက—

'နောက်ဆယ်ရက်စောင့်ရမယ်ဆိုတာ ခင်ဗျားဘယ်လိုလုပ် ပြောနိုင်တာလဲ'

ရဲမက်မှူးဟောင်းက—

'ဒီလိုပါ၊ ဒီအမှုတစ်ခုလုံးကို ကျုပ်က သေသေချာချာ လေ့လာစူးစမ်းကြည့်တယ်၊ ကူးတို့လှေဟာ ဘာကြောင့် ကျုပ်တို့ကိုလာမကြိုတာလဲဆိုတာ စဉ်းစားစရာဖြစ်နေတယ်'

ဗိုလ်မှူးလေးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ လှိုင်းတံပိုးကြီးလို့ မလာနိုင်တာကိုတော့ မပြော လိုပါဘူး၊ ဒါပေမယ့် ရာသီဥတုသာယာတဲ့အချိန်မှာလဲ ရောက် မလာလို့ စဉ်းစားစရာဖြစ်နေတာပေါ့'

ရဲမက်မှူးဟောင်းက...

'ဟုတ်တယ်၊ ဒါဟာ သဘာဝမကျပါဘူး။ ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတာ သေသေချာချာ ခေါင်းခြောက်အောင် စဉ်း စားလိုက်တဲ့အခါ အကြောင်းတစ်ခုပဲရှိတာကို တွေ့ရတယ်'

လုလုချန်းက...

'ဘာအကြောင်းလဲရှင့်'

ရဲမက်မှူးဟောင်းက...

'အဲဒီ သိုင်းလောကတရားသူကြီးဟာ ကူးတို့လှေသမားကို စတင် ငှားရမ်းကတည်းက ကျုပ်တို့ကိုပို့ပြီး နောက်ထပ် ဆယ် နှစ်ရက်ကျမှ လာကြိုရမယ်လို့ မှာထားတာ ဖြစ်ရမယ်'

ဗိုလ်မှူးကလေးဟောင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒီအချက်ဟာ အလွန် ခိုင်လုံတဲ့အချက်ပဲ'

မြေပိုင်ရှင်တိကျူးက...



'ဒီအချက်ဟာ သဘာဝကျတဲ့ အချက်ပါပဲ'

'ဒါနဲ့ ရဲမက်မှူးက ဘာကြောင့် နောက်ထပ် ဆယ်ရက်ဆို တာ ပြောနေတာလဲ'

ရဲမက်မှူးဟောင်းက ပြုံးလိုက်သည်။

'အခု ကျုပ်တို့ ဒီကျွန်းကလေးပေါ် ရောက်ခဲ့တာ ရက် နှစ်ဆယ်ရှိသွားပြီ၊ နောက်ထပ်ဆယ်ရက်ဆိုရင် တစ်လပြည့်မယ်၊ ဒါကြောင့် သိုင်းလောက တရားသူကြီးက ဒီလဆယ့်ငါးရက် နေ့အပို့ပြီး နောက်ထပ် ဆယ့်ငါးရက်မှ လာကြိုပါလို့ မှာ ထားလိမ့်မယ်ဆိုတာ ကျုပ် ယုံကြည်ထားလို့ပါ'

ဗိုလ်မှူးကလေးဟောင်းက ခေါင်းညိတ်လိုက်သည်။

'သိုင်းလောကတရားသူကြီး ချမှတ်ထားတဲ့ အစီအစဉ်အရ လူကိုးယောက်ကို သတ်ဖို့ဟာ အချိန်တစ်လထက် ပိုကြာနိုင်ပါ ဘူးလို့ ယူဆထားလို့ နေမှာပေါ့'

မြေပိုင်ရှင်တိကျူးက ပါးစပ်ပိတ်ထားလိုက်လေသည်။

■ ■ ■

အချိန်သည် နောက်ထပ်နှစ်ရက် ကြာခဲ့ပြီဖြစ်သည်။

ရဲထက်မှူးဟောင်း၊ မြေပိုင်ရှင်၊ လုလုချန်းနှင့် ဗိုလ်မှူးကလေးဟောင်းတို့သည် ညအိပ်ရာဝင်သည့်အချိန်မှလွဲ၍ လူချင်းမခွဲကြဘဲ တစ်စုတစ်ဝေးတည်းရှိနေကြ၏။

အစားအသောက်များ ချက်ပြုတ်ရန် တာဝန်ယူထားသော လုလုချန်းသည် ဗိုလ်မှူးဟောင်းကလေးနှင့်အတူ အဖော်ပြု ချက်ပြုတ်ကြလေသည်။

ရဲထက်မှူးဟောင်းနှင့် မြေပိုင်ရှင်တီကျူးတို့မှာမူ စစ်တုရင်ထိုးရင်း အချိန်ကုန်စေခဲ့လေသည်။

သူတို့သည် အလေ့အကျင့် ရလာ၍လားမသိ။ စိုးရိမ်သည့်စိတ်များ တဖြည်းဖြည်း လျော့ကျသွားလေသည်။

စိုးရိမ်သောစိတ်များ လျော့ကျသွားသည်နှင့်အမျှ သတိဝီရိယသည်း ယခင်ကကဲ့သို့ မထားကြတော့ပါ။

သူတို့သည် ထိုလူသတ်သမားကို ရှာဖွေဖော်ထုတ်ရန် ဆန္ဒမရှိကြတော့ပါ။

သူတို့သည် ကူးတို့လှေရောက်လာမည့် ရက်ကိုသာ စောင့်မျှော်နေ၏။

သူတို့သည် အသတ်ခံရသော လူငါးယောက်အတွက် လူသတ်တရားခံကို မဖော်သို့၍ မဟုတ်ပါ။



သူတို့သည် ကူးတို့လှေရောက်ရှိလာသည်နှင့် တစ်ဖက်ကမ်းသို့ အားမသိချင်မခ ရောက်သွားနိုင်မည်ဖြစ်သည်။

တစ်ဖက်ကမ်းသို့ ရောက်ရှိသွားသည်နှင့် ရွှေငွေကျွန်းပေါ်မှ ရတိုက်ကြီးပိုင်ရှင် ပေါ်လ်ထင်း အကြောင်းကို စုံစမ်းမည်ဖြစ်သည်။

ယင်းသို့ သိရှိလိုက်ပါလျှင် လူသတ်သမား သိုင်းလောကမှ တရားသူကြီးအား လက်ရဖမ်းဆီးနိုင်မည် မဟုတ်ပါလော။

ထို့ကြောင့် သူတို့သည် အေးအေးဆေးဆေး နေထိုင်ပြီး ရောက်ရှိလာမည့် ကူးတို့လှေကို စောင့်ဆိုင်းကြလေသည်။

သို့သော်...

* * *

အခြေအနေသည် အမြဲတမ်း တည်ငြိမ်နေမည် မဟုတ်ပါ။

အချိန်မရွေး ပြောင်းလဲတတ်သည့်သဘော ရှိနေသည်မဟုတ်ပါလော။

မိမိမျှော်မှန်းထားသော ရည်မှန်းချက်သည် မုချအောင်မြင်လိမ့်မည်ဟု စိတ်ချထား၍မရပါ။

အခြေအနေနှင့် အချိန်အခါသည် အရာရာတို့ကို ပြောင်းလဲ
တတ်သည် မဟုတ်ပါလော။

ထို့ကြောင့် ကျွန်းကလေးပေါ်၌ ရောက်ရှိလာမည့်လှေကို စောင့်မျှော်နေကြသော လူငါးယောက်အနက် တစ်ယောက်က ပျောက်ဆုံးသွားပြန်လေတော့သည်။

ပထမပိုင်းပြီး၏။

(ဒုတိယပိုင်းဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်)

# မိုးကျော်သူ

## ကျွန်းကလေး၏လျှို့ဝှက်ချက်

(ဒုတိယပိုင်း ဇာတ်သိမ်း)